# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ပညာဆီမီးကို ရှာဖွေကြိုးစား

လောဘစသော မီးတဟုန်းဟုန်းတောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။ **ဇရာဝဂ်(ဓမ္မပဒ-၁၄၆)**


၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၁၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ ညနေပိုင်းတွင် စင်ကာပူနိုင်ငံမှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး လိုက်ပါလျက် ကျန်းမာရေးစစ်ဆေးမှုခံယူရန် စင်ကာပူနိုင်ငံသို့ ဇန်နဝါရီ ၂၃ ရက်က သွားရောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**




အာဆီယံ -အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ် မျက်နှာစုံညီ ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# အာဆီယံ - အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ် မျက်နှာစုံညီ ထိပ်သီးအစည်းအဝေး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

**နယူးဒေလီ ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် Hotel Taj Diplomatic Enclave ၌ကျင်းပသည့် အာဆီယံ -အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅)နှစ်မြောက် အထိမ်းအမှတ် မျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများကို အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်သည်။

မျက်နှာစုံညီအစည်းအဝေးတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများက အိန္ဒိယ-အာဆီယံ ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့နှင့် စပ်လျဉ်းပြီး ၎င်းတို့၏ သဘောထားအမြင်များကို ဆွေးနွေးပြောကြားခဲ့ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖



KAN THAR YAR International Specialist Hospital

No.87, 6½Mile, Pyay Road, Hlaing Township, Yangon

Hot Line: +95-1-505284, 0930511111, 0930533333 Fax: +95-1-505290

Email: info@ktyhospital.com Facebook: www.facebook.com/ktyhospital/

- နိုင်ငံတကာအဆင့်မီ နောက်ဆုံးပေါ်ပုံရိပ်ဖော်စက်ကြီးများဖြင့် ရောဂါရှာဖွေပေးခြင်း
- ဩစတြေးလျနိုင်ငံ National Reference Laboratory နှင့် ချိတ်ဆက်ထားသော ကန်သာယာဓာတ်ခွဲခန်းအနေဖြင့် နိုင်ငံတကာမှလက်ခံသောဓာတ်ခွဲအဖြေများထုတ်ပေးခြင်း။
- ဝါရင့်နှလုံးအထူးကုသမားတော်ကြီးများမှ နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများအား အချိန်ပြည့် စမ်းသပ်ကုသပေးခြင်း။
- ဝါရင့်နှလုံးခွဲစိတ်ကုပါရဂူကြီးများမှ နှလုံးရောဂါများအား အချိန်ပြည့်ခွဲစိတ်ကုသပေးခြင်း။
- ဝါရင့်ကျောက်ကပ်အထူးကုသမားတော်ကြီးများမှ ကျောက်ကပ်ရောဂါများအား အချိန်ပြည့် စမ်းသပ်ကုသ ပေးခြင်းနှင့် နောက်ဆုံးပေါ်စက်ကိရိယာများဖြင့် ကျောက်ကပ်သွေးသန့်စင်ပေးခြင်း။
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများအား ဝါရင့်ကျောက်ကပ်ခွဲစိတ်ကုသဆရာဝန်ကြီးများမှ အချိန်ပြည့် ခွဲစိတ်ကုသပေးခြင်း။




# လုပ်ကွက်ငယ်လယ်သမားတို့နှင့် ပြည်ပဆန်တင်ပို့မှု

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများသို့ ဆန်တိုးချဲ့တင်ပို့နိုင်ခဲ့သောကြောင့် နှစ်ပေါင်း ၅၀ ကျော်ကာလ ဆန်အများဆုံး တင်ပို့နိုင်မှု စံချိန်သစ်ကို စိုက်ထူနိုင်ခဲ့ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဒီဇင်ဘာလကုန်အထိ စာရင်းများအရ ပြည်ပသို့ဆန်တင်ပို့မှုသည် ဆန်တန်ချိန် နှစ်သန်းကျော်ခဲ့ပြီ ဖြစ်ပါသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခန့်မှန်းမှုအရ လက်ရှိဘဏ္ဍာနှစ်ကုန်ချိန်၌ ပြည်ပသို့ ဆန်တင်ပို့မှုသည် ၂ ဒသမ ၅ သန်းမှ ၂ ဒသမ ၈ သန်းအထိ ရှိနိုင်သည်ဟု သိရှိရပါသည်။ မြန်မာ့စီးပွားရေးအတွက် ဝမ်းမြောက်ရမည့် သတင်းကောင်းတစ်ရပ် ဖြစ်ပါသည်။

တိုးတက်လာသော ဆန်တင်ပို့မှုကို ပိုမိုအရှိန်အဟုန်မြှင့်တင်နိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ညှိနှိုင်းလက်တွဲဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါသည်။ ဤသည်မှာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ချမှတ်ထားသော မူဝါဒဖြစ်သည့် ယခုနှစ်မှ ၂၀၂၀ အတွင်း ဆန်စပါးပို့ကုန်တိုးမြှင့်ရေးနှင့် ပို့ကုန်ဦးဆောင်သော ဖွံ့ဖြိုးမှုဖော်ဆောင်ရေးဟူသော မူဝါဒနှင့်လည်း သဟဇာတဖြစ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အဓိကလက်တွဲဆောင်ရွက်နေသည်မှာ ဆန်စပါးလုပ်ငန်းငယ်များထံ ငွေကြေးပံ့ပိုးကူညီရန် ဖြစ်ပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ချေးငွေထုတ်ပေးသင့်သည့် ဆန်စပါးလုပ်ငန်းများအား စိစစ်ထောက်ခံပေးသွားမည်ဖြစ်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာ့လယ်ယာစီးပွားရေးဘဏ်များမှတစ်ဆင့် ချေးငွေများ ထုတ်ပေးသွားမည် ဖြစ်ပါသည်။

မြန်မာ့လယ်ယာစီးပွားရေးဘဏ်၏ ထုတ်ပြန်ကြေညာချက်အရ မျိုးစေ့ သန့်စင်စက်၊ အခြောက်ခံစက်၊ သိုလှောင်ရုံ၊ အစာစပ်စက်၊ သီးနှံကြိတ်ခွဲစက်၊ ဆန်စက်၊ ဆီစက်၊ အရည်အသွေးမြင့် ထုတ်ကုန်ထုတ်လုပ်သည့်စက်များ၊ ထုပ်ပိုးစက်၊ နှစ်တို နှစ်လတ်သီးနှံစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအား ချေးငွေထုတ်ပေးသွားမည်ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုပါ လုပ်ငန်းများသည် ပို့ကုန်တိုးမြှင့်ရေးကို ဦးတည်ရမည်ဖြစ်ပြီး အနိမ့်ဆုံးအားဖြင့် သွင်းကုန်အစားထိုးနိုင်စွမ်းရှိရမည် ဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများအနက် ချေးငွေထုတ်ပေးသင့်သောလုပ်ငန်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာအသင်းချုပ်တို့က ထောက်ခံမှု ပြုလုပ်သွားမည် ဖြစ်ပါသည်။

သတင်းမီဒီယာဖော်ပြချက်များအရ ချေးငွေများထုတ်ပေးရာ၌ ဆန်စပါးသိုလှောင်ရုံနှင့် အခြောက်ခံစက်များ တည်ဆောက်ခြင်းကဏ္ဍအား ပထမဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်ထားပြီး စုစုပေါင်းချေးငွေ၏ ငါးပုံတစ်ပုံခန့် ထုတ်ချေးပေးသွားမည် ဖြစ်ပါသည်။ ဒုတိယဦးစားပေးကဏ္ဍအဖြစ် ဘွိုင်လာတာဘိုင်စနစ်ဖြင့် စပါးခွံမှလျှပ်စစ်ဓာတ် ထုတ်လုပ်ရေးစက်ရုံများ တည်ဆောက်ခြင်းကို ရွေးချယ်ထားပြီး ဤကဏ္ဍအား စုစုပေါင်းချေးငွေ၏ ၁၈ ရာခိုင်နှုန်းခန့် ထုတ်ချေးသွားမည် ဖြစ်ပါသည်။ ခေတ်မီဆန်စက်များ ဖွံ့ဖြိုးရေးသည် တတိယဦးစားပေးကဏ္ဍဖြစ်ပြီး အဆိုပါကဏ္ဍအား စုစုပေါင်းချေးငွေ၏ ၁၇ ရာခိုင်နှုန်းခန့် ထုတ်ချေးသွားမည် ဖြစ်ပါသည်။

ဤကဲ့သို့ ချေးငွေထုတ်ပေးရာ၌ တောင်သူများကိုယ်တိုင် ဖွဲ့စည်းထားသော အကျိုးတူစုပေါင်းစိုက်ပျိုးထုတ်လုပ်ရေးဇုန်များ ဖော်ဆောင်ရေးလုပ်ငန်းအတွက် ချေးငွေထုတ်ပေးရန် မူဝါဒချမှတ်ထားသော်လည်း စုစုပေါင်းချေးငွေ၏ ရာခိုင်နှုန်းမည်မျှအထိ ထုတ်ချေးမည်ဆိုသည်ကို သတင်းမီဒီယာဖော်ပြချက်များ၌ တွေ့ရှိရခြင်း မရှိပါ။ မည်သို့ပင် ဆိုစေ၊ တောင်သူများ ကိုယ်တိုင်ဖွဲ့စည်းသော အကျိုးတူ စုပေါင်းစိုက်ပျိုးထုတ်လုပ်ရေးဇုန်များအတွက် ချေးငွေထုတ်ပေးရန် မူဝါဒချမှတ်ထားခြင်းသည် ကြိုဆိုရမည့်ခြေလှမ်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကွက်ငယ်လယ်သမားများကသာ ဖော်ဆောင်နေသောကြောင့် ဖြစ်ပါသည်။ ဖွံ့ဖြိုးအရှိန်အဟုန်ရလာသော ပြည်ပဆန်တင်ပို့မှုလုပ်ငန်း၏ အသီးအပွင့်တို့အား လုပ်ကွက်ငယ်လယ်သမားတို့ ခံစားနိုင်ရေးကိုပါ ဟန်ချက်ညီညီ ဆက်စပ်အကောင်အထည်ဖော်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်ကို ခိုင်မာတောင့်တင်းစေမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။





ဇန်နဝါရီ ၂၆ ရက်က ဩစတြေးလျနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၁၈ ရွှေတောင်ကြားလမ်း (Golden Valley) ၌ ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်အား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီး H.E.Mr. Nicholas Coppel က ကြိုဆိုနှုတ်ဆက်စဉ်။

သတင်းစဉ်

## ထီးလိုမင်းလို လိုဏ်ဂူတော်ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၂၆**

ပုဂံမြို့ရှိ ဇေယျသိဒ်မင်းကြီး (ခ)နားတောင်းများမင်း(ခ)ထီးလိုမင်းလိုဟု သုံးမည်ရမင်းတရားကြီးတည်ထား ကိုးကွယ်တော်မူခဲ့သော လိုဏ်ဂူတော် ဘုရားကြီး၏ (၁၁) ကြိမ်မြောက် ဗုဒ္ဓ ပူဇနီယပွဲတော်ကြီး ညအထူးတရားပွဲနှင့် ဆွမ်းသပိတ်လောင်းလှူပွဲကြီးကို ဂေါပကအဖွဲ့က ကြီးမှူး၍ ဇန်နဝါရီ ၂၄ ရက်က ထီးလိုမင်းလို စေတီတော်အတွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဗုဒ္ဓပူဇနီယ ပူဇော်ပွဲကျင်းပသည့် နံနက်က ပင့်သံဃာတော် ၆၅ ပါးတို့အား သပိတ်လုံးများ၊ လှူဖွယ်ပစ္စည်းများနှင့် စာရေးတံမဲဖောက် ဆက်ကပ်လောင်းလှူကြပြီး ဦးသုဇာတ (မြစည်းခုံကျောင်း ဆရာတော်) ထံမှ ဒါယကာ၊ ဒါယိကာမများက ငါးပါးသီလခံယူ ဆောက်တည်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချတော်မူသည်။ ထီးလိုမင်းလို ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ညအထူးတရားပွဲအဖြစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူခဲ့ကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**





## ထင်သာမြင်သာ ပြုပြင်စရာ



### မုံဇင်း-ရေချို ကျေးရွာချင်းဆက်လမ်းအား ပြုပြင်ပေးစေလို

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အရာတော်အုပ်စု မုံဇင်းကျေးရွာမှ ရေချိုရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ပြုပြင်ပေးရန် ဒေသခံများမျှော်လင့်နေကြောင်း သိရသည်။

ထိုလမ်းမှာ ငါးမိုင်ခန့်ရှည်လျားသော လမ်းဖြစ်ပြီး မုံဇင်းကျေးရွာ၊ ရေချိုကျေးရွာ၊ ရေချိုဘူတာ၊ ရွာသာကျေးရွာ၊ ခင်သာကျေးရွာများသို့ ဆက်သွယ်သွားလာရာလမ်းဖြစ်သည်။ ကျေးလက်ပြည်သူများ အသုံးပြုနေသည့် လမ်းဖြစ်သလို ကျောင်းသားကျောင်းသူကလေးများကလည်း ထိုလမ်းမှနေ၍ ရေချိုကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများသို့ တက်ရောက်ပညာသင်ကြားရသည့်အတွက် အရေးပါသော လမ်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ထို့ပြင် ရေချိုကျေးရွာရှိ ကတ္တရာလမ်းသို့ သွားရောက်ရသည့် အချက်အချာကျသော မုံဇင်း-ရေချိုကျေးရွာချင်းဆက်လမ်းအား ပြုပြင်ပေးရန် ဒေသခံများက မျှော်လင့်နေကြောင်း သိရသည်။ **ဘိုဘို (မလှိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၆-၁-၂၀၁၈

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၀၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၀/၈၃၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၈၀၀/၈၂၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၃၀/၈၅၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၇ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ . ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၁၂ . ၁ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၀ |
| တရုတ် | တစ်ယွမ် | ၂၀၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ . ၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

ထိုသို့ ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အာဆီယံပြည်သူများနှင့် အိန္ဒိယပြည်သူများသည် ရှေးပဝေသဏီကာလကပင် နီးစပ်သော ဓလေ့ထုံးစံများဖြင့် ချည်နှောင်မှုများရှိခဲ့ကြောင်း၊ ယဉ်ကျေးမှုအရလည်း ဆက်စပ်တူညီမှုရှိကြကြောင်း၊ မိမိတို့၏ မြန်မာနိုင်ငံသည် သမိုင်းကြောင်းအရရော ယဉ်ကျေးမှုအရပါ အိန္ဒိယနိုင်ငံနှင့် အခိုင်မာဆုံး ဆက်ဆံမှုများရှိသည့် နိုင်ငံဖြစ်သည်ဟု မိမိပြောလိုပါကြောင်း၊ ကိုလိုနီစနစ်အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ရန် မိမိတို့၏ အတူတကွ ကြိုးပမ်းမှုများသည် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ခိုင်မာသည့် ဆက်ဆံရေးကို တည်ထောင်ပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အိန္ဒိယနိုင်ငံမှ အရှေ့ဘက်သို့ ထွက်ပေါက်မုခ်ဦးအဖြစ် တည်ရှိနေပြီး အာဆီယံဒေသနှင့် အိန္ဒိယနိုင်ငံအား ကုန်းလမ်း ပေါင်းကူးတံတားသဖွယ် ဆက်စပ်ပေးလျက်ရှိပါကြောင်း။

**မြန်မာနိုင်ငံမှ အလေးထား**

အာဆီယံ - အိန္ဒိယ ဆွေးနွေးဖက်ဆက်ဆံရေး (၂၅) နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် လွန်ခဲ့သည့် ၂၅ နှစ်တာကာလအတွင်း အာဆီယံနှင့် အိန္ဒိယအကြား ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများအပေါ် မြန်မာနိုင်ငံမှ အလေးထား တန်ဖိုးထားပါကြောင်း။

အနာဂတ်တွင် အာဆီယံ-အိန္ဒိယ မဟာဗျူဟာမြောက် ဆွေးနွေးဖက်ဆက်ဆံရေးအား ထပ်မံတိုးမြှင့်ဆောင်ရွက်ရန်နှင့် လက်ရှိ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစွာ ဆောင်ရွက်သွားရန် အခွင့်အလမ်းများ လုံလောက်စွာ ရှိနေကြောင်း။

**ပူးပေါင်းဆောင်ရွက်မှု မြင့်မားလာ**

အိန္ဒိယနိုင်ငံ၏ အရှေ့နှင့် ထိတွေ့ဆက်ဆံသည့်မူဝါဒနှင့် အညီ အာဆီယံနှင့် ပိုမိုထိတွေ့ဆက်ဆံမှုများပြုလုပ်သွားရန် အိန္ဒိယနိုင်ငံ၏ စိတ်အားထက်သန်မှုများ တိုးပွားလာမှုအပေါ် ကျေနပ်အားရမိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ အဆိုပါ နိုင်ငံခြားရေးမူဝါဒသည် အာဆီယံ၏ ပြင်ပနိုင်ငံများနှင့် ပိုမိုထိတွေ့ဆက်ဆံသည့်မူဝါဒနှင့် ပေါင်းစပ်လိုက်ပါက အာဆီယံနှင့် အိန္ဒိယအကြား ရှိရင်းစွဲဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်မြင့်မားလာစေမည် ဖြစ်ကြောင်း။

စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံသည် အာဆီယံ၏ သတ္တမမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး နှစ်ဖက်ကုန်သွယ်မှုပမာဏသည် အာဆီယံကုန်သွယ်မှု အားလုံးပေါင်းပမာဏ၏ ၂ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း။

**အခွင့်အလမ်းများဖွင့်ပေးမည်**

သို့ဖြစ်ရာ ဒေသဆိုင်ရာ အလုံးစုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RC-EP) သဘောတူညီချက်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့အတွက် ဈေးကွက်အခွင့်အလမ်းများကို ကြီးမားစွာ လမ်းဖွင့်ပေးမည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

ပင်လယ်ရေကြောင်း၊ လေကြောင်း၊ ကုန်းလမ်းနှင့် ဒစ်ဂျစ်တယ် ပေါင်းစည်းဆက်သွယ်မှုကို ပိုမိုတိုးမြှင့်ရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ပမာဏရှိသော ချေးငွေဖြင့် အာဆီယံ ပေါင်းစည်းဆက်သွယ်မှုကို ထောက်ခံအားပေးခြင်းအတွက် အိန္ဒိယနိုင်ငံအပေါ် ကျေးဇူးတင်ရှိပါကြောင်း။

ပေါင်းစည်း ဆက်သွယ်မှုသည် ကုန်သွယ်ရေးနှင့် ပြည်သူလူထုချင်း ချိတ်ဆက်မှုများအား မြှင့်တင်ပေးရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်နေသည့်အားလျော်စွာ ပေါင်းစည်းဆက်သွယ်မှုနှင့် ပတ်သက်သော စီးပွားရေးအခြေခံအဆောက်အအုံဆိုင်ရာ စီမံချက်များဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အထူးအလေးထားလျက်ရှိပါကြောင်း။

သို့ဖြစ်ရာ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းကို လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံများအထိ တိုးချဲ့ဖောက်လုပ်ရေးအစီအစဉ်ကို ကြိုဆိုပါကြောင်း၊ အိန္ဒိယနှင့် အာဆီယံကို ဆက်သွယ်ပေးမည့် သုံးနိုင်ငံအဝေးပြေးလမ်းမ လမ်းကြောင်းတွင် ပါဝင်သော မြန်မာနိုင်ငံအတွင်းရှိ လမ်းမကြီးများအား အဆင့်မြှင့်တင် ပြုပြင်ပေးခြင်းအတွက် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အား ကျေးဇူးတင်ရှိပါကြောင်း။

**အရှိန်အဟုန်တိုးတက်လာ**

နှစ်နိုင်ငံဆက်ဆံရေး အပိုင်းတွင် ဝန်ကြီးချုပ် နာရင်ဒရာမိုဒီ၏ ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်အပါအဝင် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အပြန်အလှန်လည်ပတ်မှုများနှင့်အတူ မြန်မာနှင့် အိန္ဒိယ အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုသည် အရှိန်အဟုန်တိုးတက်လာပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ပိုမိုနီးကပ် ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးကို ဦးတည်လာခဲ့ကြောင်း။

အိန္ဒိယနှင့် အရှေ့တောင်အာရှဒေသအတွင်း ချိတ်ဆက်နိုင်မည့် စီးပွားရေးအခြေခံ အဆောက်အအုံဆိုင်ရာ အဓိကကျသော စီမံချက်များကို နှစ်နိုင်ငံအကြား စတင်လာနိုင်ခဲ့ပါကြောင်း၊ သီလဝါ စီးပွားရေးဇုန်နှင့် ထားဝယ်နှင့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းများသည် မိမိတို့၏ပေါင်းစည်းဆက်သွယ်မှုကို များစွာ တိုးမြှင့်လာစေမည် ဖြစ်သကဲ့သို့ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကိုလည်း တိုးတက်လာစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးအခြေခံအဆောက်အအုံဆိုင်ရာ စီမံချက်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် ဖိတ်ခေါ်ပါကြောင်း။

ထို့ပြင် အိန္ဒိယ - မြန်မာ - ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမ စီမံချက်၊ မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းတို့ကို ဆက်စပ်ပေးမည့် ကုလားတန် ဖြတ်သန်းပို့ဆောင်ရေး စီမံချက်ကဲ့သို့သော ပို့ဆောင်ရေးဆိုင်ရာ စီမံချက်များသည် အိန္ဒိယနိုင်ငံမှ အရှေ့တောင်အာရှသို့ သွားရာ အဓိကလမ်းမကြီး ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။

**သမိုင်းဝင်စာရွက်စာတမ်းဖြစ်လာ**

(၂၅)နှစ်မြောက် အခါသမယတွင် အတည်ပြုချမှတ်ခဲ့သော ဒေလီ ကြေညာချက်သည် ရှေ့လာမည့် အနာဂတ်ကာလတွင် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျှဝေခံစားကြမည့် သာယာဝပြောမှုရှိရေးတို့အတွက် ရေးရှုသော အာဆီယံ-အိန္ဒိယ မဟာဗျူဟာကျသော မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မြဲလာစေမည့် သမိုင်းဝင်စာရွက်စာတမ်းတစ်စောင် ဖြစ်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အာဆီယံ-အိန္ဒိယဆက်ဆံရေးနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဆက်ဆံမှု တိုးတက်ရေးအတွက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ပြုထားပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Mumtaz Hall ၌ ခင်းကျင်းပြသထားသည့် အာဆီယံ-အိန္ဒိယ ပန်းချီပညာရှင်များ၏ ပန်းချီကားပြပွဲအား လှည့်လည်ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Hotel Taj Diplomatic Enclave ၌ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်က အာဆီယံအဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်သည်။

ညစာစားပွဲတွင် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်သည် အာဆီယံအဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**



မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်မည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

"စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ် ဖောင်ဒေးရှင်း" က ကြီးမှူးပြုလုပ်သော (၁၁)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့်ရှိ အမျိုးသားသွေးဌာန (အမျိုးသားသွေးလှူဘဏ်) ၌ ဖေဖော်ဝါရီ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ပါဝင်သွေးလှူဒါန်းနိုင်သည်။

သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် "စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"မှ အမှတ်တရလက်ဆောင်များ (UV နေရောင်ခြည်ကာကွယ်သောခေါက်ထီးတစ်လက်၊ ကြွေမတ်ခွက်တစ်ခုနှင့် Sport-Shirt တစ်ထည်) ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်သည်။ သွေးလှူဒါန်းမည့် ပုဂ္ဂိုလ်များအနေဖြင့် "စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း"ဖုန်း- ၀၉-၅၁၃၅၅၁၅၊ ၀၉ - ၇၈၆၆၇၇၂၉၂ တို့သို့ ဖေဖော်ဝါရီ ၁ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်

နယူးဒေလီ ဇန်နဝါရီ ၂၆

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နယူးဒေလီမြို့ရှိ သမ္မတအိမ်တော်အနီး Rajpath လမ်း၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်သည်။**

### အခမ်းအနားတက်ရောက်

အဆိုပါအခမ်းအနားသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်နှင့် အတူ ဘရူနိုင်းဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနယ်လ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ၊ အင်ဒိုနီးရှားသမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို၊ ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂိုရိုဝါ ဒူတာတေး၊ စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်း၊ ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာ ငုယင်ဇူယွမ်ဖတ်၊ ကမ္ဘောဒီးယားဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီ ဆုလစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာ၊ မလေးရှားဝန်ကြီးချုပ် မစ္စတာ နာဂျစ်ရာဇတ်တို့ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများကို အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်သည်။

### ချီတက်အလေးပြု

အခမ်းအနားတွင် အိန္ဒိယသမ္မတနိုင်ငံ၏(၆၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် အမြောက် ၂၁ ချက် ပစ်ဖောက်ဂုဏ်ပြုပြီး အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့များက အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်အား ချီတက်အလေးပြုခြင်း၊ အိန္ဒိယပြည်သူများက ရိုးရာယဉ်ကျေးမှု သရုပ်ဖော် အလှယာဉ်များဖြင့် ဖျော်ဖြေချီတက်ခြင်းတို့ ဆောင်ရွက်ကြသည်။

### တွေ့ဆုံပွဲတက်ရောက်

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ အိန္ဒိယသမ္မတအိမ်တော် Mughal ပန်းဥယျာဉ်၌ ကျင်းပသည့် "At Home" တွေ့ဆုံပွဲသို့ တက်ရောက်သည်။

### တွေ့ဆုံအမှာစကားပြော

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်သို့ သွားရောက်ပြီး မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

### ညစာစားပွဲသို့ တက်ရောက်

ယင်းနောက် မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီးက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ **သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်စဉ်။
သတင်းစဉ်





အိန္ဒိယသမ္မတနိုင်ငံ၏ (၆၉)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် အိန္ဒိယတပ်မတော် ဂုဏ်ပြုတပ်ဖွဲ့များက အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ် နက်သ် ကိုဗင့်ဒ်အား ချီတက်အလေးပြုကြစဉ်။
သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတအိမ်တော် Mughal ပန်းဥယျာဉ်၌ ကျင်းပသည့် "At Home" တွေ့ဆုံပွဲသို့ တက်ရောက်စဉ်။**
သတင်းစဉ်

◆ *ကျောဖုံးမှ*

အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွဲ့စည်းထား**

အစည်းအဝေးတွင် ဒုတိယသမ္မတက အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၆ ခုနှစ် ဇွန်လ ၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၆ အရ ဒုတိယသမ္မတ(၁) ဦးဆောင်၍ အဖွဲ့ဝင် ၂၄ ဦးဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် ၂၆ ရပ်ကို သတ်မှတ်ပေးခဲ့ပါကြောင်း၊ ဗဟိုကော်မတီ၏ ကြီးကြပ်မှုအောက်တွင် လုပ်ငန်းကော်မတီ ၆ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လုပ်ငန်းကြီးကြပ်မှုကော်မတီများကို ဖွဲ့စည်းထားပါကြောင်း။

ယနေ့ခေတ်တွင် ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ သဘာဝသယံဇာတ အရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ စွန့်ပစ်ပစ္စည်းများကို စနစ်တကျ မစွန့်ပစ်ခြင်းနှင့် စက်ရုံ၊ အလုပ်ရုံများနှင့် ယာဉ်ယန္တရားများမှ အခိုးအငွေ့များ စွန့်ထုတ်ခြင်း စသည်တို့ကြောင့် ရေထု၊ မြေထုနှင့်လေထုတို့ ညစ်ညမ်းမှုများ ဖြစ်ပေါ်လာသဖြင့် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာအနှံ့အပြားတွင် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှုနှင့် ရာသီဥတုပြောင်းလဲမှု စသည့် ပြဿနာများကို ကြုံတွေ့နေကြရပါကြောင်း၊ အဆိုပါ ကြုံတွေ့နေရသည့် ပြဿနာများသည် သက်ရှိလောက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးတို့အတွက် အဓိကစိန်ခေါ်မှုများ ဖြစ်ပါကြောင်း။

အဆိုပါ စိန်ခေါ်မှုများကို ကာကွယ်နိုင်ရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စနစ်တကျ အကျိုးရှိစွာ အသုံးပြုခြင်း၊ စဉ်ဆက်မပြတ် အသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ခြင်း စသည်တို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရမည့်အပြင် မြေအသုံးချမှု၊ လူနေအိမ်ရာချထားမှုနှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ရေးစသည့် စီမံခန့်ခွဲမှုများကိုလည်း ခေတ်စနစ်နှင့်အညီ ဆောင်ရွက်သွားစေလိုပါကြောင်း။

**လုပ်ငန်းရှင်များကို ဖိတ်ခေါ်**

မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်သွားနိုင်ရေးနှင့် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားနိုင်ရေးတို့အတွက် ကော်မတီများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားစေလိုပါကြောင်း။

ယခုကျင်းပသည့် ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေးသည် ပဉ္စမအကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး ယခင်ကျင်းပခဲ့သည့် အစည်းအဝေးများတွင် ဆုံးဖြတ်ချက် စုစုပေါင်း ၆၄ ချက်ရှိရာ ဆောင်ရွက်ပြီး ၄၄ ချက်နှင့် ဆောင်ရွက်ဆဲအချက် ၂၀ ရှိပါကြောင်း၊ ဆောင်ရွက်ဆဲကိစ္စများကိုလည်း မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

**ဟန်ချက်ညီညီပေါင်းစပ်**

အစီရင်ခံတင်ပြမှုများအရ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပြန့်ပွားရေးတို့ကို တိုးတက်အောင် လုပ်ဆောင်နိုင်နေသည်ကို တွေ့ရှိရပါကြောင်း၊ ထို့အပြင် ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အထူးပြုဘာသာရပ်များကို တက္ကသိုလ်အဆင့်တွင် ဖွင့်လှစ်သင်ကြားပေးမည့်အပြင် အခြေခံပညာအဆင့် ကျောင်းသင်ခန်းစာများတွင်လည်း ထပ်မံဖြည့်စွက်ထည့်သွင်းရန် စီစဉ်နေသည်ကိုလည်း ကြားသိရပါကြောင်း၊ အလားတူ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ အနေဖြင့်လည်း ဗဟိုကော်မတီမှ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဆွေးနွေးဆုံးဖြတ်ချက်များကို ကနဦးအဆင့်အနေဖြင့် ကဏ္ဍအလိုက် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် အဆိုပါ ကြိုးပမ်းမှုများကို အသိအမှတ်ပြု ကြိုဆိုပါကြောင်း၊ ယခုကဲ့သို့ ဝန်ကြီးဌာနအသီးသီးအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေရေးအတွက် ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ ဆက်လက်ပြီး အရှိန်အဟုန်မြှင့်တင်၍ ပူးပေါင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအဆင့်၌ သာမက နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအဆင့်အထိ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ်မှုကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းမှုများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

**အဓိကမဏ္ဍိုင်ကြီး (၃)ရပ်**

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် အဓိကမဏ္ဍိုင်ကြီး (၃)ရပ်ကို ဟန်ချက်ညီညီ ဖွံ့ဖြိုးစေရန်နှင့် လက်ရှိပြောင်းလဲနေသည့် နိုင်ငံတကာပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်မှုလားရာနှင့်အတူ မျက်မှောက်ကာလပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရေးအတွက် ကဏ္ဍပေါင်းစုံကို လွှမ်းခြုံစေမည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် မဟာဗျူဟာမူဘောင် အပြီးသတ်စိစစ်ဆောင်ရွက်ပြီးသည့် မူကြမ်းကို အတည်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားရမည်ဖြစ်ပါကြောင်း။

အလားတူ အပြီးသတ် ရေးဆွဲထားသည့် အမျိုးသားအဆင့်ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ်၊ အမျိုးသားအဆင့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာမူဘောင်၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် စသည့် မူကြမ်းများကိုလည်း မကြာမီကာလအတွင်း ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း။

အဆိုပါမူဝါဒနှင့် မဟာဗျူဟာများ ရေးဆွဲချမှတ်ရာတွင် ကဏ္ဍအလိုက် စီမံချက်ရေးဆွဲမှု အပိုင်းသည် အရေးကြီးသကဲ့သို့ ချမှတ်ထားပြီးဖြစ်သည့် မူဝါဒ၊ မဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းအစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက်လည်း အရေးကြီးသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ကြီးကြပ်မှုကော်မတီများအားလုံး အနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း။

အမျိုးသားအဆင့်၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် လူမှုစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းများ၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ် ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြီးကြပ်မှုကော်မတီများ၏ ပေါင်းစပ်ညှိနှိုင်းမှုများနှင့် ကြီးကြပ်ဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ဖွဲ့စည်းထားသည့် ကော်မတီများအကြား ထိရောက်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေးသွားကြစေလိုပါကြောင်း ပြောကြားသည်။

**ရေရှည်ထိန်းသိမ်း**

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသည် ကဏ္ဍအားလုံးနှင့် ဆက်စပ်နေသည့်အတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာများ လေ့လာနိုင်ရေးတွင် ပညာရေးကဏ္ဍသည် အရေးကြီးသည့်ကဏ္ဍတစ်ရပ်ဖြစ်သည့်အတွက် အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်များတွင် သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို ထည့်သွင်းစဉ်းစားပြီး ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် အလေ့အကျင့်များကို ပြည်ထောင်စုအဆင့် အပါအဝင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအဆင့်များအထိ ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်သွားစေလိုပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် အတူယှဉ်တွဲလျက်ရှိသည့်အတွက် ရေရှည်ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဗဟိုကော်မတီဝင်များ ဖြစ်ကြသော ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များ ဖြစ်ကြသည့် ဦးမြင့်သူ၊ ဦးမျိုးမြင့်မောင်၊ ဦးထွန်းအုံ၊ ဦးတင်မောင်ဦး၊ ဦးတိုးအောင်မြင့်နှင့် ဦးခင်မောင်ရီ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါက်တာခင်မောင်လတ်၊ ဒေါက်တာကျော်မိုးဦး၊ ဒေါက်တာဒေါ်ဝါဝါမောင်၊ ဦးသိန်းဇော်၊ ဒေါက်တာဒေါ်အေးအေးစိန်နှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင်၊ လုပ်ငန်းကော်မတီ(၆)ရပ်မှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများဖြစ်ကြသည့် ဦးတင်ထွန်း၊ ဦးHလအောင်၊ ဦးတီရယ်၊ ဦးစောပြည်သာ၊ ဦးမန်ဟင်းဒါလ်း၊ ဦးကမ်ဇာမုံ၊ ဦးမြင့်မောင်၊ ဦးမြင့်ဇော်၊ ဦးမျိုးသစ်၊ ဒေါက်တာမင်းကြည်ဝင်း၊ ဦးကျော်လွင်၊ ဦးဟံထွန်း၊ ဒေါက်တာညီညီအောင်နှင့် ဦးအောင်ဇော်နိုင်၊ ဦးအောင်ခိုင်စိုးတို့က ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ချမှတ်ခဲ့ပြီး ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

❈ *ကျောဖုံးမှ*

ရင်းနှီးမြှုပ်နှံထားမှုနှင့် ပုလဲရောင်းချရမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိ**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပုလဲမွေးမြူထုတ်လုပ်မှုသည် တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိစေနိုင်သည့် လုပ်ငန်းဖြစ်သည့်အတွက် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ပုလဲမွေးမြူထုတ်လုပ်ရန် နေရာသစ်များကို ရှာဖွေပြီး စနစ်တကျ တိုးချဲ့မွေးမြူထုတ်လုပ်သွားရန်လိုကြောင်း၊ ပုလဲမွေးမြူထုတ်လုပ်သည့် စခန်းပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့် လုပ်ငန်းများ လုပ်ကိုင်ခွင့်မရှိသည့်အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ပါကြောင်း ပြောကြားသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတသည် ပုလဲထုတ်လုပ်ရန် မုတ်ကောင်များ မွေးမြူထားရှိမှု၊ မုတ်ကောင်များ အစာကျွေးအခန်းနှင့် မုတ်ကောင်များအား ဝတ်ဆံသွင်းနေမှုတို့ကို လိုက်လံကြည့်ရှုသည်။

ယင်းနောက် လန်ပိကျွန်းအဏ္ဏဝါအမျိုးသားသဘာဝဥယျာဉ်ကို အမြန်ရေယာဉ်ပေါ်မှ ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ကော့သောင်းမြို့နယ် ဗိုလ်ချိုကျွန်း မကြုံဂလက် ဆလုံကျေးရွာသို့ ရောက်ရှိပြီး တင့်တင့်မြန်မာကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းသည့် ဆလုံ



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဒေသခံ ဆလုံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။** သတင်းစဉ်

တိုင်းရင်းသား ဘော်ဒါဆောင်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ဆက်လက်၍ ဘော်ဒါဆောင်ခန်းမ၌ ဆလုံတိုင်းရင်းသားကျေးရွာမှ ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး တိုင်းရင်းသား လူမျိုးစုများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ထင်ရှားသည့် နေရာများရှိ**

ယင်းနောက် ဒုတိယသမ္မတအား ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးညိုအေးက တနင်္သာရီတိုင်းဒေသကြီး အတွင်း ခရီးသွားလုပ်ငန်းကုမ္ပဏီများ အခြေအနေ၊ ဟိုတယ်နှင့် တည်းခိုခန်းများ တိုးတက်မှုအခြေအနေ၊ ဧည့်သည်များ ဝင်ထွက်မှုနှင့် ဝင်ငွေရရှိမှု၊ ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်တို့အတွင်းရှိ လည်ပတ်နိုင်သော ထင်ရှားသည့် နေရာများ တည်ရှိမှု၊ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများနှင့် ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြသည်။

**ကျွန်းပေါင်း ၈၀၀ ကျော်တည်ရှိ**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက တနင်္သာရီတိုင်းဒေသကြီးသည် ရှည်လျားသည့် ကမ်းရိုးတန်းရှိပြီး ကျွန်းပေါင်း ၈၀၀ ကျော် တည်ရှိသည့်အတွက် ရေပေါ်ရေအောက် သဘာဝသယံဇာတ ရှုမျှော်ခင်းအလှအပများကို ခံစားနိုင်သဖြင့် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားသည့် ဒေသဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာခြင်းဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်ပြီး ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ဝန်ကြီးချုပ်တို့က ဆလုံတိုင်းရင်းသားများအတွက် အဝတ်အထည်၊ ဆန်နှင့် စားသောက်ကုန်ပစ္စည်းများကို ပေးအပ်ပြီး ဆလုံတိုင်းရင်းသူများ၏ ရိုးရာအကဖျော်ဖြေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ခရင်းခွကျွန်းသို့ ရောက်ရှိပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုသည်။

**သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ဟူသည်

■ မောင်စာဂ

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ဟုဆိုရာတွင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ကိုရည်ညွှန်းခြင်းဖြစ်သည်။ ယင်းပုဒ်မကိုလူသိများသည်။ အဘယ်ကြောင့်ပါနည်း။ ယင်းပုဒ်မက နိုင်ငံသားများအား မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်နှင့် ဆန္ဒသဘောထားများကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့် တစ်မျိုးသို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထား၍ ဖြစ်သည်။

နိုင်ငံသားတိုင်းသည် ယင်းအခွင့်အရေးများကို မိမိသဘောဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟု လူအချို့က ထင်နေမြင်နေပြောဆိုနေကြသည်။ ဤသို့ ထင်မြင်ပြောဆို နေသည့်အချက် မှန်မမှန် ဆင်ခြင်စေကြောမိသည်။ လေ့လာမိသမျှ အနှစ်ချုပ်မျှဝေပါရစေ။

**နိုင်ငံသားတို့၏အခွင့်အရေး**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ (က) တွင် "နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ခံစားခွင့်ရှိသည်။" ဟုပြဋ္ဌာန်းထားသည်။ အဆိုပါအခြေခံမှုအရ နိုင်ငံသားများ၏ အခွင့်အရေးအချို့နှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၈)၊ ပုဒ်မ ၃၅၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

"နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်ရှိသည်-

(က) မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊
(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊
(ဂ) အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊
(ဃ) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကို လည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်။"

**လွတ်လပ်စွာသုံးစွဲဆောင်ရွက်ခွင့်အတွက် သတ်မှတ်ချက်**

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ပါပြဋ္ဌာန်းချက်၏ အဓိကမှတ်ယူရမည့် အချက်မှာ "နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင်" ဟူသောသတ်မှတ်ချက်ပင်ဖြစ်သည်။ ဤအချက်သည် အရေးကြီးသည်။ ယင်းသတ်မှတ်ချက်အရ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်မှသာလျှင် ပုဒ်မခွဲ (က)(ခ)(ဂ) နှင့် (ဃ)ပါ အခွင့်အရေးများကို သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ ဆန့်ကျင်နေလျှင် ယင်းအခွင့်အရေးများကို သုံးစွဲဆောင်ရွက်ခွင့် မရှိပါ။

ဤသည်ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၃၅၄ ခြေဆင်းတွင် အတိအလင်းဖော်ပြ၍ပြဋ္ဌာန်းထားသည်။ သို့သော် ယင်းခြေဆင်းပါ ပြဋ္ဌာန်းထားချက်ကို အလေးဂရုပြုသတိမူကြခြင်း မရှိသည်ကိုတွေ့ရသည်။ ပုဒ်မ ၃၅၄ ကိုပြောကြဟောကြဆွေးနွေးကြလျှင် ယင်းပုဒ်မ၏ ခြေဆင်းပါ ပြဋ္ဌာန်းချက်ကိုထည့်သွင်း၍ ပြောကြ၊ ဆွေးနွေးကြ၊ ဟောပြောကြခြင်း မရှိကြပါ။ ထိုခြေဆင်းပါ ပြဋ္ဌာန်းချက်ကို ချန်လှပ်ပြီး လွတ်လပ်စွာ ရေးသားပြောဆိုပိုင်ခွင့်ရှိသည်ဟူ၍သာ ထောက်ပြကြသည်။ ပုဒ်မခွဲ (က)(ခ)(ဂ)(ဃ) တို့အရ ပေးအပ်ထားသော အခွင့်အရေးများကို သုံးစွဲဆောင်ရွက်လိုလျှင် ပုဒ်မ ၃၅၄ ၏ ခြေဆင်းပါ ပြဋ္ဌာန်းချက်ဖြစ်သည့် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်စေမှသာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ကို အသိပေးလိုသည်။

ပုဒ်မခွဲ (ဃ) အတွက်ဆိုလျှင် ပုဒ်မ ၃၅၄ ၏ ခြေဆင်းပါ သတ်မှတ်ချက်အပြင် ယင်းပုဒ်မခွဲ ပြဋ္ဌာန်းချက်တွင်ပါရှိသည့် "တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ" ဟူသည့် ထပ်ဆင့်သတ်မှတ်ချက်ရှိနေသည်ကို သတိမူကြရပါမည်။ ပုဒ်မခွဲ အားလုံးနှင့်ဆိုင်သည့် အချက်အပြင် အဆိုပါ ထပ်ဆင့်သတ်မှတ်ချက်နှင့်ပါ ညီညွတ်မှသာ ပုဒ်မခွဲ (ဃ) ပါ အခွင့်အရေးကို သုံးစွဲဆောင်ရွက်ခွင့်ရှိမည်ဖြစ်သည်။ ဤသို့ဆိုလျှင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရား အကျိုးငှာ ဥပဒေတွေကမည်သို့ ပြဋ္ဌာန်းထားသည်၊ မည်သည့် ဥပဒေများရှိသည်ကို သိရှိထားကြရန် လိုအပ်ပါသည်။ အကျဉ်းမျှဖော်ပြလိုသည်။

**သတိမူရမည့် ဥပဒေပြဋ္ဌာန်းချက်များ**

ဦးစွာရာဇသတ်ကြီးဥပဒေပါ ပြဋ္ဌာန်းချက်ကိုဖော်ပြရပါမည်။ ရာဇသတ်ကြီးဥပဒေသည် ကိုလိုနီခေတ်က အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့အတွက် ပြဋ္ဌာန်းပေးခဲ့သော ဥပဒေဖြစ်သော်လည်း ယနေ့တိုင် အတည်ဖြစ်လျက်ရှိသည်။ အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံစလုံးသည် ယင်းဥပဒေကိုရုပ်သိမ်း၍ ဥပဒေအသစ်ပြဋ္ဌာန်းနိုင်ခဲ့ခြင်း မရှိပါ။ ယင်းရာဇသတ်ကြီးကိုပင် လိုအပ်သည့်အခါ ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်လျက် ကျင့်သုံးဆောင်ရွက်နေဆဲဖြစ်သည်။ ဥပဒေတစ်ခုအတည်ဖြစ်နေလျှင် လိုက်နာကြရမည်သာဖြစ်သည်။

ရာဇသတ်ကြီး၏ အခန်း (၆) သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုများအတွက်ပြဋ္ဌာန်းထားသည်။ အခန်း (၇) သည် ကြည်းတပ်၊ ရေတပ်၊ လေတပ်နှင့်ဆိုင်သော ပြစ်မှုများအတွက် ပြဋ္ဌာန်းထားသည်။ အခန်း (၈) သည် နိုင်ငံတော်ငြိမ်ဝပ်ရေးကို ပျက်စီးစေသောပြစ်မှုများအတွက် ပြဋ္ဌာန်းထားသည်။ ယင်းအခန်း (၃) ခန်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် ပြဋ္ဌာန်းထားသည်။ အခန်း (၁၄)သည် ပြည်သူ့ကျန်းမာမှု၊ လုံခြုံမှု၊ သက်သာမှု၊ သိက္ခာစောင့်စည်းမှုနှင့် ကိုယ်ကျင့်တရားရှိမှုကို ထိခိုက်စေသော ပြစ်မှုများအတွက် ပြဋ္ဌာန်းထားသည်။ အခန်း (၁၅) သည် ဘာသာသာသနာဆိုင်ရာပြစ်မှုများအတွက် ပြဋ္ဌာန်းထားသည်။

အထက်ဖော်ပြပါ ရာဇသတ်ကြီးကဲ့သို့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအလို့ငှာ ခေတ်အဆက်ဆက်ပြဋ္ဌာန်းခဲ့ပြီး လက်ရှိ ကျင့်သုံးနေသော ဥပဒေအချို့ကို ကောက်နုတ်ဖော်ပြလိုသည်။ ဥပမာ - ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေ၊ ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေ၊ ၂၀၁၄ ခုနှစ် သတင်းမီဒီယာ ဥပဒေ၊ ၂၀၁၄ ခုနှစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ၂၀၁၄ ခုနှစ် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ၊ ၂၀၁၅ ခုနှစ် ကိုးကွယ်ရာဘာသာကူးပြောင်းခြင်း ဆိုင်ရာ ဥပဒေ၊ ၂၀၁၅ ခုနှစ် တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာဥပဒေစသည်ဖြင့် အထူးဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးဆောင်ရွက်လျက်ရှိသည်။

**ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခြေခံမှုတစ်ရပ်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဥပဒေဟူသည် ဖြစ်ပေါ်လာရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ၏ ပုဒ်မခွဲ (ခ)ပါ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်တို့အတွက် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလက ၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၅ အဖြစ်ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေတွင် ဖြည့်စွက်ပြင်ဆင်ရန် အချက်များရှိသဖြင့် ယခု ဒုတိယအကြိမ် လွှတ်တော်ကာလတွင်ပြန်လည်စိစစ်ပြီး ယခင်၂၀၁၁ ခုနှစ် ဥပဒေကိုရုပ်သိမ်း၍ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ (၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၈) အဖြစ် ၄-၁၀-၂၀၁၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

ဤဥပဒေ၏ ရည်ရွယ်ချက်မှာအောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန်။
(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း တို့ကို သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရအကာအကွယ်ပေးရန်။
(ဂ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန်။

ဤဥပဒေအရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်လိုသော နိုင်ငံသားများ သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် မိမိသဘောထားဆန္ဒကို ဖော်ပြနိုင်ရေးအတွက် ပြုလုပ်လိုသည့် နေရာ၊ နေ့ရက်၊ အချိန်အပိုင်းအခြား၊ လူအင်အား၊ လှည့်လည်မည့် လမ်းကြောင်း၊ ဆန္ဒဖော်ထုတ်လိုသည့် အကြောင်းအရာစသည့် သတ်မှတ်ချက်များအတိုင်း မြို့နယ်ရဲတပ်ဖွဲ့မှူးထံ စာဖြင့်အသိပေးတင်ပြရန်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးတို့ထံ ဆက်လက်တင်ပြရန် ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းပြုသူများအနေဖြင့် စုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းပြုရာတွင် လက်နက်တစ်မျိုးမျိုးကိုင်ဆောင်ခြင်း၊ သူတစ်ဦးဦးအား ဘေးအန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ပြည်သူပိုင်ပစ္စည်း၊ အများပိုင်ပစ္စည်းနှင့် ပုဂ္ဂလိကပိုင်ပစ္စည်းများကို ထိခိုက်ပျက်စီးစေခြင်းများမပြုရန်နှင့် အောက်ပါစည်းကမ်းချက်များကို လိုက်နာရန် ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်-

(က) အများပြည်သူကို အနှောင့်အယှက်အဟန့်အတားဖြစ်စေခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်း သို့မဟုတ် ဖိအားပေး ဆွဲဆောင်ခြင်းဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မပြု လုပ်ရ။
(ခ) စုဝေးသည့်နေရာ သို့မဟုတ် စီတန်းလှည့်လည်သည့် လမ်းကြောင်း တစ်လျှောက်တွင် ပတ်ဝန်းကျင်ညစ်ညမ်းစေမည့် အပြုအမူများ မပြုလုပ်ရ။
(ဂ) ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကိုအနှောင့်အယှက်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် တမင်တားဆီး ပိတ်ဆို့ခြင်းကို မပြုလုပ်ရ။
(ဃ) နိုင်ငံတော်နှင့် ပြည်ထောင်စုကိုဖြစ်စေ၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးကို ဖြစ်စေ၊ လူ့ဂုဏ်သိက္ခာနှင့်ကိုယ်ကျင့်တရားကိုဖြစ်စေ ထိခိုက်စေမည့် အပြောအဆိုနှင့် အပြုအမူများကို မပြုလုပ်ရ။
(င) မမှန်ကန်သောသတင်းများကိုဖြစ်စေ၊ မမှန်ကန်သောအချက်အလက်များကိုဖြစ်စေ ဟောပြောခြင်း မပြုလုပ်ရ။
(စ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် အသိပေးတင်ပြထားသည့် အလံ၊ ပိုစတာနှင့် ဆိုင်းဘုတ်များမှအပ အခြားအလံ၊ ပိုစတာနှင့်ဆိုင်းဘုတ်များကို ကိုင်ဆောင်ခြင်း၊ ပြသခြင်း မပြုလုပ်ရ။
(ဆ) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းပြုရာတွင် လက်ကိုင်အသံချဲ့စက်မှအပ အခြားအသံချဲ့စက်များအသုံးပြုခြင်းသော်လည်းကောင်း၊ အသိပေးတင်ပြထားသော ကြွေးကြော်သံများမှအပ အခြားကြွေးကြော်ခြင်းနှင့် အော်ဟစ်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။
(ဇ) လူသားအချင်းချင်း မတူကွဲပြားမှုကြောင့် ခွဲခြားနှိမ့်ချခြင်း၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်းတို့ကို ရည်ရွယ်သောအပြုအမူ၊ အပြောအဆိုတို့ကို မပြုလုပ်ရ။
(ဈ) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ ပြုလုပ်စေရန် မရိုးမဖြောင့်သော သဘောဖြင့်သူတစ်ဦးဦးအား ငွေကြေး သို့မဟုတ် ပစ္စည်းတစ်စုံတစ်ရာပေး၍ သွေးဆောင်ခြင်း မပြုလုပ်ရ။
(ည) ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းတို့ ပြုရာတွင် သူတစ်ဦးဦးအား ပါဝင်စေရန် ခြိမ်းခြောက်ခြင်း၊ အတင်းအကျပ်ပြုခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာ သုံးခြင်းတို့ မပြုလုပ်ရ။
(ဋ) ဤဥပဒေပါ စည်းကမ်းချက်များနှင့် တာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများက ဒေသဆိုင်ရာလိုအပ်ချက်အရ ကြိုတင်သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် ညှိနှိုင်းသဘောတူညီချက်များကို ဖောက်ဖျက်ခြင်း မပြုရ။

ယင်းသို့ ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်း ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ လက်ရောက်ကျူးလွန်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် ဟန့်တားခြင်း မပြုနိုင်စေရန်နှင့် ဘေးအန္တရာယ်မဖြစ်စေရန် ရဲတပ်ဖွဲ့က လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်။ ထို့အပြင် သတ်မှတ်သည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက မည်သို့အရေးယူဆောင်ရွက်ရမည်ကိုလည်း ပြဋ္ဌာန်းထားသည်။ အဆိုပါဥပဒေပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းပြီး လူအများလေ့လာသိရှိထားကြပြီးဖြစ်၍ ဆောင်ရန်ရှောင်ရန်အချက်များကို သတိမူကြပြီးဖြစ်ပါမည်။

**နိုင်ငံသားတို့၏ အခွင့်အရေးကို ဥပဒေနှင့်အညီ သုံးစွဲနိုင်ရေး**

၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို ခံစားခွင့်ရှိသည်။ ထို့အတူ ပြည်သူတို့၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည်လည်း နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံးအေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ရန် တာဝန်ရှိသည်။ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေတွင် အများပြည်သူတို့ သိရှိဆောင်ရွက်သင့်သည့်အချက်များကို အကျဉ်းချုပ်ရှင်းလင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများမှ အရေးကြီးသည့် ဥပဒေပြဋ္ဌာန်းချက်အချို့ကိုလည်း ပြည်သူများသိရှိလိုက်နာကျင့်သုံးနိုင်ရန် ဖော်ပြခဲ့ပြီးဖြစ်သည်။

*စာမျက်နှာ ၇ သို့*

**"ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်၏ အဓိကမှတ်ယူရမည့် အချက်မှာ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်မဆန့်ကျင်လျှင်ဟူသော သတ်မှတ်ချက်ပင်ဖြစ်သည်၊ ဤအချက်သည် အရေးကြီးသည်။ ယင်းသတ်မှတ်ချက်အရ နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်မှသာလျှင် ပုဒ်မခွဲ (က) (ခ) (ဂ) နှင့် (ဃ) ပါ အခွင့်အရေးများကို သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ ဆန့်ကျင်နေလျှင် ယင်းအခွင့်အရေးများကို သုံးစွဲဆောင်ရွက်ခွင့်မရှိပါ"**

# လာမည့် ဘဏ္ဍာရေးနှစ်မှစ၍ အိမ်သုံးလျှပ်စစ်မီတာများကို ဈေးနှုန်းစိစစ်လျှော့ချပေးရန် စီစဉ်ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၆

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်ရေးရာနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် လွှတ်တော်အခွင့်အရေးကော်မတီဝင် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာ လှမိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။**



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။

### မီတာလိုအပ်ချက်များ

အစည်းအဝေးတွင် ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး၏ **ကလေးမြို့နယ်တွင် အိမ်သုံးမီတာ ဘောက်စ်များ လုံလောက်စွာချထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဝန်ကြီးဌာနအနေဖြင့် မီတာများကို ဝန်ထမ်းအမြောက်အမြားသုံးစွဲ၍ အချိန်ယူဖတ်ရှုရခြင်း လျော့နည်းစေရန် လက်ရှိ တပ်ဆင်အသုံးပြုလျက်ရှိသော မီတာ တစ်မျိုးတစ်စားတည်း **အစား** အသုံးပြုလိုသော လျှပ်စစ်ပမာဏအပေါ်မူတည်ပြီး အိမ်သုံးဒီဂျစ်တယ်မီတာ အမျိုးအစား သုံးမျိုး ဝယ်ယူတပ်ဆင်သွားမည် ဖြစ်ပါကြောင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ဘတ်ဂျက်ဖြင့် တင်ဒါခေါ်ယူ၍ ဆောင်ရွက်လျက်ရှိရာ ကျေးရွာများအတွက် မီတာတိုက်ရိုက်ဖတ်ရှုသော ၅/၃၀ အမ်ပီယာမီတာ၊ မြို့ငယ်များအတွက် Hand Held Units -HHU (မီတာဖတ်စက်ဖြင့် မီတာဖတ်ခြင်း)ဖြင့် ဖတ်ရှုရသော ၅/၃၀ အမ်ပီယာ မီတာနှင့် မြို့ကြီးများအတွက် ယခင်ဝန်အား ပမာဏထက် နှစ်ဆပိုသုံးနိုင်သော HHU (မီတာဖတ်စက်ဖြင့် မီတာဖတ်ခြင်း)ဖြင့် ဖတ်ရှုရသော ၁၀/၆၀ အမ်ပီယာ မီတာများသည် ၂၀၁၈ ခုနှစ် ဧပြီလဆန်းတွင် စတင်ရောက်ရှိမည်ဖြစ်ပြီး မီတာလိုအပ်ချက်များကို ဖြည့်ဆည်းပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### တင်ဒါခေါ်ဆိုဆောင်ရွက်

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ **မြန်မာနိုင်ငံအတွင်း ဖြန့်ဝေတပ်ဆင်အသုံးပြုနေသော အိမ်သုံးလျှပ်စစ်ဒီဂျစ်တယ်မီတာ (Ever တံဆိပ်)များအား ဈေးနှုန်းစိစစ်လျှော့ချပြီး ရောင်းချပေးရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဝန်ကြီးဌာနအနေဖြင့် ကျေးရွာ၊ မြို့ငယ်နှင့် မြို့ကြီးများအတွက် အိမ်သုံးဒီဂျစ်တယ်မီတာ အမျိုးအစား သုံးမျိုးခွဲခြားသတ်မှတ်၍ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပွင့်လင်းမြင်သာမှုနှင့် မျှတသော ယှဉ်ပြိုင်မှုများဖြစ်ရန် တင်ဒါခေါ်ဆို ဆောင်ရွက်ခဲ့ပါကြောင်း၊ ဈေးပြိုင်စနစ်ဖြင့် ပေးသွင်းလာသည့် မီတာများအနက် နည်းပညာနှင့် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းချိုသာသည့် မီတာများကိုဝယ်ယူရရှိရန် ဆောင်ရွက်လျက်ရှိရာ လာမည့် ဘဏ္ဍာရေးနှစ်မှစ၍ အိမ်သုံးလျှပ်စစ်မီတာများကို ဈေးနှုန်းစိစစ်လျှော့ချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### ဓာတ်အားချိတ်ဆက်ရယူ

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **အုတ်တွင်းမြို့နယ် စစ်တောင်းမြစ်ကမ်းပါးရှိ ကျေးရွာများအား ၁၁ ကေဗွီ ဓာတ်အားပေးလိုင်းသွယ်တန်းပြီး ကမ်းပါးတစ်လျှောက်ရှိ ဒေသခံပြည်သူများအတွက် လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က အုတ်တွင်းမြို့နယ် စစ်တောင်းမြစ်ကမ်းနားဘေးရှိ အောင်သာကျေးရွာ၊ ကံသာကျေးရွာ၊ သောင်တန်းကျေးရွာ၊ သောင်ပုကျေးရွာ၊ ကြက်လည်ဆစ်ကျေးရွာနှင့် ချောင်းကျိုးကျေးရွာစသည့် ကျေးရွာခြောက်ရွာသည် ဓာတ်အားချိတ်ဆက်ရယူနိုင်သည့် ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ၅ မိုင်ကျော် ကွာဝေးသဖြင့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP) တွင် မပါဝင်ခြင်းဖြစ်ပါကြောင်း၊ အဆိုပါကျေးရွာ ၆ ရွာ ဓာတ်အားရရှိနိုင်ရန် NEP စီမံကိန်း၏ ဒုတိယအဆင့်တွင် ပါဝင်သော ဇီးဖြူသောင်ကျေးရွာနှင့် သရက်တောကျေးရွာများမှ တစ်ဆင့် ဓာတ်အားချိတ်ဆက် ရယူရမည်ဖြစ်သည့်အတွက် NEP စီမံကိန်း၏ ဒုတိယအဆင့်ကျေးရွာများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးသည့် ကာလမှသာ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ အချို့သောကျေးရွာများ၏ လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ကွန်ကရစ်တိုင်များ၊ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ သယ်ယူပို့ဆောင်တည်ဆောက်နိုင်ရန် အဆင်ပြေမှုမရှိသည့်အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

### ထည့်သွင်းလျာထားပေး

ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကျောက်တော်မြို့နယ်ရှိ ပိန္နဲချောင်း-ကြောင်စွယ်ဖြူကမ်းခြေအား လျှပ်စစ်မီးသွယ်တန်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကြောင်စွယ်ဖြူကမ်းခြေတစ်လျှောက်နှင့် ဂုပ္ပိထောင့်ကျေးရွာပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၀ အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကျောက်တော်-ဂုပ္ပိထောင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၉ မိုင် တည်ဆောက်ခြင်းနှင့် ဂုပ္ပိထောင့်ကျေးရွာတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ်တစ်ရုံ တည်ဆောက်ခြင်း လုပ်ငန်းအား ဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ၅ နှစ် စီမံကိန်း၏ ၂၀၂၀ - ၂၀၂၂ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### ညှိနှိုင်းဆောင်ရွက်သွားမည်

ဂုပ္ပိထောင့်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက ကြောင်စွယ်ဖြူကမ်းခြေတစ်လျှောက်နှင့် ဂုပ္ပိထောင့်ကျေးရွာအနီး ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၀ အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား သက်ဆိုင်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

### ပြန်လည်ရှင်းလင်းဖြေကြား

ထို့အတူ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းနှင့် မိုင်းပန် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးတို့၏ လွှတ်တော်ရေးရာနှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် လွှတ်တော်အခွင့်အရေးကော်မတီဝင် အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် **ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင်က ဖတ်ကြားရှင်းလင်းရာ ပြန်ကြားရေးဝန်ကြီးဌာနမှ တင်သွင်းသည့် ဥပဒေကြမ်းအား ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ ပြင်ဆင်ရမည့် အချက် ၆ ချက်ကို တွေ့ရှိခဲ့ပါကြောင်း၊ ယင်းတို့အနက် ဥပဒေကြမ်းအပိုဒ် ၂ ကို အပိုဒ် ၃ အဖြစ် ပြင်ဆင်ရာတွင် အပိုဒ် ၃ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော **"ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၅၀၀၀မှ အများဆုံး ကျပ် ၅၀၀၀၀ အထိဆိုသည့်"** စကားရပ်ကို **"ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ငါးသိန်းအထိဆိုသည့်"** စကားရပ်ဖြင့် အစားထိုးရမည်ဖြစ်ပြီး၊ ဥပဒေကြမ်း အပိုဒ် ၃ ကို အပိုဒ် ၄ အဖြစ် ပြင်ဆင်ရာတွင် အပိုဒ် ၄(က) အား ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၂ ခြေဆင်းတွင်ပါရှိသော **"ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"** ဆိုသည့်စကားရပ်ကို **"အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်လည်းချမှတ်နိုင်သည်"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဖြစ်ပြီး၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ (ခ)နှင့် (ဂ)တို့တွင် ပါရှိသော **"ငှားရမ်းခြင်း"**ဆိုသည့် စကားရပ်၏နောက်တွင် **"ရောင်းချခြင်း"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်ဖြစ်ပြီး၊ ဥပဒေကြမ်း အပိုဒ် ၄ ကို အပိုဒ် ၅ အဖြစ် ပြင်ဆင်ရာတွင် အပိုဒ် ၅ (က)အား ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ပုဒ်မ ၃၃ ခြေဆင်းကို **"ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"** ဆိုသည့် စကားရပ်အား **"၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဖြစ်ပြီး၊ အပိုဒ် ၅(ခ) ကို ရုပ်မြင်သံကြား နှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ (က)နှင့် (ခ) တို့တွင် ပါရှိသော **"ငှားရမ်းခြင်း"** ဆိုသည့် စကားရပ်၏နောက်တွင် **"ရောင်းချခြင်း"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်ဖြစ်ပါကြောင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇန်နဝါရီလ ၂၉ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**မိမိဖြိုး**

❖ မီတာများကို ဝန်ထမ်းအမြောက်အမြားသုံးစွဲ၍ အချိန်ယူဖတ်ရှုရခြင်း လျော့နည်းစေရန် လက်ရှိ တပ်ဆင်အသုံးပြုလျက်ရှိသော မီတာ တစ်မျိုးတစ်စားတည်း အစား အသုံးပြုလိုသော လျှပ်စစ်ပမာဏအပေါ်မူတည်ပြီး အိမ်သုံးဒီဂျစ်တယ်မီတာ အမျိုးအစား သုံးမျိုး ဝယ်ယူတပ်ဆင်သွားမည်

❖ ဂုပ္ပိထောင့်ဓာတ်အားခွဲရုံ တည်ဆောက်ပြီးပါက ကြောင်စွယ်ဖြူကမ်းခြေတစ်လျှောက်နှင့် ဂုပ္ပိထောင့်ကျေးရွာအနီး ပတ်ဝန်းကျင်ရှိ ကျေးရွာပေါင်း ၃၀ အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် အတွက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများအား သက်ဆိုင်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ညှိနှိုင်းဆောင်ရွက်သွားမည်

---

*စာမျက်နှာ ၆ မှ*

နိုင်ငံတော်အစိုးရအုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်နှင့် ပြည်သူအားလုံးသည် တည်ဆဲဥပဒေများအားလုံးကို လေးစားလိုက်နာကြရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ပြည်သူတို့က ရွေးချယ်တာဝန်ပေးအပ်သော ပြည်သူ့အစိုးရက ပြည်သူနှင့်အတူ ပြည်သူ့အားကိုယူ၍ ပြည်သူနှင့်နိုင်ငံတော်အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိရာတွင် ပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူ့ဆန္ဒအရပေါ်ပေါက်လာသည့် ပြည်သူ့အစိုးရသည် ပြည်သူများကို မျက်နှာမူ၍ ပြည်သူအသံကို နားထောင်ရမည်။ ပြည်သူတို့၏ ဆန္ဒဖော်ထုတ်မှုများကို အလေးထားရမည်။ ပြည်သူတို့၏ အပြုသဘော ဝေဖန်ထောက်ပြအကြံပြုမှုများကို ခံယူနိုင်ရမည်။ ပြည်သူတို့၏ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်ရေး အစဉ်သတိပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြည်သူတို့အနေဖြင့်လည်း မိမိတို့က ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရအပေါ် လေးစားတန်ဖိုးထားရမည် ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြုမှုနှင့်အတူ ပြဋ္ဌာန်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ကြရန်လိုသည်။ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဆိုသည့်အသိစိတ်ဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ စစ်မှန်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် နိုင်ငံသားတိုင်း မိမိတို့၏အခွင့်အရေးကို ဥပဒေနှင့်အညီ လွတ်လပ်စွာ သုံးစွဲဆောင်ရွက်နိုင်ကြပါစေ။ နိုင်ငံတော်နှင့်ပြည်သူ၊ ပြည်သူနှင့်အစိုးရ တစ်စိတ်ဝမ်း တစ်လက်ညီ ပြည်ရေးကို ပြိုင်တူချီနိုင်ကြပါစေ။

ဥပဒေကို လေးစားလိုက်နာ၍ ကိုယ်စီတာဝန်များကို ဥပဒေနှင့်အညီ ကျေပွန်အောင် ဆောင်ရွက်နိုင်ကြပါစေ။ ။

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းနှင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်၌ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၆

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပစဉ်။** သတင်းစဉ်

အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၈)မှ ဦးဥက္ကာမင်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ကတနက်ကျွန်းပတ်လမ်း ၄၄ မိုင် ၅ ဖာလုံ အနက်မှ ကတ္တရာလမ်းခင်းပြီး ကျန်ရှိသော ကျောက်ခင်းလမ်းပိုင်း ၂၁ မိုင် ၁ ဖာလုံကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ပြုလုပ်ဆောင်ရွက်ပေးရန်နှင့် ကျွန်းစုမြို့၏ တစ်လမ်းတည်းသာရှိသော အဓိကလမ်းမကြီး တစ်မိုင်အား မြို့နယ်စည်ပင်သာယာရေးထံမှ လွှဲပြောင်းရယူကာ ပေ ၁၀၀ လမ်းအဖြစ် တိုးချဲ့ပြင်ဆင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် လမ်းဦးစီးဌာနပိုင် ကတနက်ကျွန်းပတ်လမ်းအပြင် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ကို ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးတစ်လမ်းရှိပြီး လမ်းအရှည် တစ်မိုင်ရှိပါကြောင်း၊ အဆိုပါလမ်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းဖြစ်သည့်အပြင် လမ်းနယ်နိမိတ်အကျယ် ရရှိနိုင်မှုအခြေအနေတွင် ၃၅ ပေခန့်သာရှိသည့်အတွက် လမ်းဦးစီးဌာနအနေဖြင့် တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခက်အခဲရှိပါကြောင်း၊ အဆိုပါလမ်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ သတ်မှတ်လမ်းနယ်နိမိတ်အကျယ် ရရှိနိုင်ရေးကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန် လိုအပ်ပြီး သတ်မှတ်လမ်းနယ်ရရှိချိန်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် လွှဲပြောင်းခွင့်ပြုရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

> **“တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် လမ်းဦးစီးဌာနပိုင် ကတနက်ကျွန်းပတ်လမ်းအပြင် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ကို ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးတစ်လမ်းရှိပြီး လမ်းအရှည် တစ်မိုင်ရှိပါကြောင်း၊ အဆိုပါလမ်းသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းဖြစ်သည့်အပြင် လမ်းနယ်နိမိတ်အကျယ် ရရှိနိုင်မှု အခြေအနေတွင် ၃၅ ပေခန့်သာရှိသည့်အတွက် လမ်းဦးစီးဌာနအနေဖြင့် တိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခက်အခဲရှိ”**

မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ကတနက်ကျွန်းပတ်လမ်း ၄၄ မိုင် ၅ ဖာလုံသည် လမ်းဦးစီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းဖြစ်ပြီး လမ်းအမျိုးအစားမှာ ကတ္တရာလမ်း ၂၂ မိုင် ၂ ဖာလုံနှင့် ကျောက်လမ်း ၂၂ မိုင် ၃ ဖာလုံဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၄၇၃ သန်းဖြင့် တစ်မိုင်ခွဲအရှည် ကျောက်လမ်းအား ၁၈ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါသဖြင့် ယခုဘဏ္ဍာနှစ်အကုန်တွင် ကတ္တရာလမ်း ၂၃ မိုင် ၆ ဖာလုံခင်းပြီးဖြစ်၍ ကျောက်လမ်းမှာ ၂၀ မိုင် ၇ ဖာလုံ ကျန်ရှိမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ကျန်ရှိသည့် ကျောက်ခင်းလမ်းပိုင်း မိုင် ၂၀၊ ၇ ဖာလုံ အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် သုံးနှစ်အတွင်းတွင် သိသာထင်ရှားသည့် တိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမျိုးဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ရှင်းလင်းဖြေကြားသည်။

ထို့နောက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးက စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းဆိုသည့် ခေါင်းစဉ်တွင် အဓိပ္ပာယ် ဘောင်ခတ်ထားသကဲ့သို့ ဖြစ်နေပါကြောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် စက်မှုထုတ်ကုန် သို့မဟုတ် လက်မှုထုတ်ကုန်တစ်ခုလုံး စသည်ဖြင့်ပါဝင်ပါကြောင်း၊ စင်ကာပူ၏ IP Acts များတွင် Registared Design Act ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် ဒီဇိုင်းမူပိုင်ခွင့်ဥပဒေ ဟု ပြင်ဆင်လိုပါကြောင်း၊ အခန်း(၄)တွင် အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များပါဝင်ပါကြောင်း၊ အေဂျင်စီများသည် ထောက်လှမ်းခြင်း၊ စုံစမ်းခြင်းများကို ဆောင်ရွက်ရပါကြောင်း၊ IP Law များကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဥပဒေအရလိုအပ်ချက်များကို ဗဟိုကော်မတီသို့ တင်ပြညှိနှိုင်းခြင်းများ ပြုလုပ်ရပါကြောင်း၊ ဥပဒေကြမ်းတွင် အေဂျင်စီအောက်၌ ဗဟိုကော်မတီနှင့် ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ ထည့်သွင်းထားသည်ကို တွေ့ရပါကြောင်း၊ ဦးစီးဌာနသည် ရုံးပိုင်းဆိုင်ရာဆောင်ရွက်မှုများကို အဓိက ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အေဂျင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ပယ်ဖျက်သင့်ပါကြောင်း၊ ကော်မတီဖွဲ့စည်းမှုအား အဆိုပြုပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာဝန်ကြီးဌာနဖြစ်သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဖြည့်စွက် အစားထိုးထားသင့်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများကသာ IPR (အသိဉာဏ်ပစ္စည်း ကာကွယ်ရေး) များကို ထိထိရောက်ရောက် ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံစာတင်သွင်းရမည် ဖြစ်ပါကြောင်း၊ ဦးစီးဌာနအနေဖြင့် မှတ်ပုံတင်ခြင်း၊ ထုတ်ပြန်ကြေညာခြင်း စသည့် မူပိုင်ခွင့်မှတ်ပုံတင်လိုသူများနှင့် အကာအကွယ် ယူလိုသူများအတွက် Portal တစ်ခုအနေဖြင့် ရုံးပိုင်းဆိုင်ရာ လုပ်ငန်းများကို အဓိက ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းတွင် ဦးစီးဌာန၏ တာဝန်များသည် အေဂျင်စီအတွင်း ရောက်ရှိနေသည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် အဆိုပြု ပြဋ္ဌာန်းချက်ပါ အပိုဒ်များကို အခြေခံ၍ ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက ဆက်လက်ဆွေးနွေးသည်။

ယင်းနောက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုးက အခန်း(၁) ပုဒ်မ ၂(ဖ)တွင် ဒေသဆိုင်ရာ အညွှန်းပိုင်ရှင်နှင့်ဆိုသည်ကို ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၃) ပုဒ်မ ၄ (က)(၆) တွင် နှစ်ဦးထက်မပိုသော စီးပွားရေးဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဟု ဖြည့်စွက်လိုပါကြောင်း၊ အခန်း(၁၂) ပုဒ်မ ၃၈ (က)(၁)တွင် ယင်း၏ သဘောတူညီချက်မရဘဲ အခြားသူတစ်ဦးက အလားတူသော ကုန်ပစ္စည်းဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှား ဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်ဟု ပြင်ဆင်လိုပါကြောင်း၊ အခန်း(၁၆) ပုဒ်မ(၅၇) (ဂ)(၁)တွင် ကုန်ပစ္စည်း၏ဒေသဆိုင်ရာ အညွှန်းနှင့် စပ်လျဉ်း၍ လှည့်ဖြားရန် အလို့ငှာ မူရင်းဒေသမှန်မှ မဟုတ်ဘဲ အဆိုပါဒေသမှ ထွက်ရှိသောပစ္စည်းဖြစ်ကြောင်း ဖော်ပြ၍ တစ်နည်းနည်းဖြင့် အသုံးပြုခြင်းဟု ပြင်ဆင်လိုပါကြောင်း၊ အခန်း(၁၆) ပုဒ်မ(၅၉) တွင် ဒေသဆိုင်ရာ အညွှန်းတစ်ခုကို မှတ်ပုံတင်သည့် သက်တမ်းသည် အကျိုးဖြစ်ထွန်းမှုကာလအထိဖြစ်သည်ဟု ပြင်ဆင်လိုပါကြောင်းစသည်ဖြင့် ပြင်ဆင်လိုသည့် အချက်များကို ဆွေးနွေးတင်ပြသည်။

အလားတူ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ ရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ)ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဇန်နဝါရီ ၂၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

## လူမှုဝန်ထမ်းဦးစီးဌာနနှင့် Youth Social Group(Ygn) ပူးပေါင်း၍ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

မိဘမဲ့နှင့် ဆင်းရဲနွမ်းပါး ကလေးသူငယ်များ၏ပညာရေးနှင့် ကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးရန် ရည်ရွယ်ဖွဲ့စည်းထားသည့် Youth Social Group (Ygn) က ဦးဆောင်၍ ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကို မြောက်ဥက္ကလာပအဝိုင်းအနီးရှိ ဥတ္တရသီရိပန်းခြံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကို ဇန်နဝါရီ ၂၈ ရက် နံနက် ၈ နာရီမှ စတင်၍ ည ၇ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ဟောပြောပွဲများ၊ အ.မ.က ကျောင်းများမှ ကလေးသူငယ်များ၏ ဖျော်ဖြေတင်ဆက်မှုများ၊ မျက်လှည့်ပွဲများ၊ သီဆိုဖျော်ဖြေမှုများ၊ တေးသရုပ်ဖော်များ၊ ကျပန်းစကားပြောများ၊ ဘင်ခရာပန်းဖွားအကတင်ဆက်မှုများနှင့် မြန်မာ့ရုပ်သေးဖျော်ဖြေတင်ဆက်မှုများဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း Youth Social Group တာဝန်ခံ ကိုစိုင်းသူထံမှ သိရသည်။

အဆိုပါ ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွင် ကလေးသူငယ်များအတွက် ပြခန်းများအနေဖြင့် အခန်း ၂၀ ထားရှိမည်ဖြစ်ပြီး သဲပန်းချီ၊ မျက်နှာခြယ်၊ ပုံပြင်ပြောခြင်းအနုပညာ၊ သင်ယူမှုပုံစံများ (ECCD)၊ Cartoons Display Room ၊ Play dough (Cook and dye)၊ ကလေးသူငယ်အခွင့်အရေး၊ ၃၈ ဖြာ မင်္ဂလာစာအုပ်များ၊ ကာတွန်းများ၊ ရုပ်ပြောင်ကာတွန်း၊ ဉာဏ်စမ်းပဟေဠိများ၊ Games For Kids ၊ Parents Cycle (ဆွေးနွေးခန်း) ECCD ၊ Arts and Crafts ၊ နည်းပညာမိတ်ဆက် ၊ Food Center၊ သွားကျန်းမာရေး၊ ကျန်းမာရေးဗဟုသုတဆိုင်ရာ ပြခန်းတို့ကိုလည်း ခင်းကျင်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ကျင်းပရခြင်းသည် နိုင်ငံတော်အစိုးရက ဦးဆောင်ပြုလုပ်သည့် ကလေးသူငယ်ပွဲတော်များသို့ ရပ်ကွက်နေ ဆင်းရဲနွမ်းပါးသည့် အခြေခံလူတန်းစားမိသားစုဝင် ကလေးသူငယ်များတက်ရောက်နိုင်မှု အားနည်းနေခြင်းကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ မြို့နယ်အလိုက် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်များကို လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်းပြီး Youth Social Group (Ygn)က ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ပညာရေးနယ်ပယ်မှ အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၆၀ ကျော်ဖြင့် ဖွဲ့စည်းထားသော Youth Social Group (Ygn) သည် ၂၀၁၁ ခုနှစ် မေလတွင် မိဘမဲ့နှင့် ဆင်းရဲနွမ်းပါး ကလေးသူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးကို ကူညီစောင့်ရှောက်ပေးရန် ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများနှင့် နွမ်းပါးသည့် စာသင်ကျောင်းများအပြင် သဘာဝဘေးများကိုလည်း တတ်အားသရွေ့ ကူညီ ထောက်ပံ့ပေးလျက်ရှိကြောင်း အဆိုပါအဖွဲ့၏ ထုတ်ပြန်ချက်များအရ သိရသည်။

**ညွန့်ကိုကို**



## ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၆၈ ဦးတို့သည် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာခဲ့သည်။

အဆိုပါလေ့လာရေးအဖွဲ့အား ပြည်ထောင်စုလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ လွှတ်တော်အဆောက်အအုံများသို့ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

ထို့အတူ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးသတ္တမမြောက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဒွေးငွေ မြောင်မဲဆန္ဒနယ်၏ မိတ်ဆွေတစ်ဦး၊ ဦးဘုန်းမြင့်အောင် ဒိုက်ဦးမဲဆန္ဒနယ်၏ မိတ်ဆွေ လေးဦး၊ ဦးငြိမ်းသစ် မဟာအောင်မြေမဲဆန္ဒနယ်၏မိတ်ဆွေ ၁၀ ဦး၊ ဒေါက်တာမေဝင်းမြင့် မရမ်းကုန်းမဲဆန္ဒနယ်၏ မိတ်ဆွေများဖြစ်ကြသည့် စက်မှုလက်မှုသိပ္ပံကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၁၄၂ ဦး၊ ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ဒေါက်တာမင်းသောင် ဦးဆောင်သည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ၂၆၈ ဦး စုစုပေါင်း ၄၂၅ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ပြီး လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော်(မြိတ်)ကျင်းပရန် ကြိုတင်ပြင်ဆင်ထားမှုများ ကြည့်ရှုစစ်ဆေး

**မြိတ် ဇန်နဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်အတွက် ကြိုတင်ပြင်ဆင်ထားမှုများကို ယနေ့ညနေပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ကျင်းပမည်**

ပြည်ထောင်စု ဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ကျင်းပမည့် မြိတ်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ညနေပိုင်းတွင် ရောက်ရှိကြပြီး ဖွင့်ပွဲအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ ပြခန်းများနှင့် ပြိုင်ပွဲများ၊ ဖျော်ဖြေမှုများ ကျင်းပရန် ပြင်ဆင်ထားရှိမှု၊ စတုဒိသာကျွေးမွေးရန် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

**ရိုးရာပြခန်း**

မြိတ်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည့် ကလေးစာပေပွဲတော်တွင် ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကလေးစာပေ မြှင့်တင်ရေးဆွေးနွေးပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ၊ စကားပုံပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများ၊ ကလေးငယ်များအတွက် ကျန်းမာရေးပညာပေးပြခန်း၊ ကရင်တိုင်းရင်းသားရိုးရာပြခန်း၊ ထားဝယ်လူမျိုးများ၏ ရိုးရာပြခန်းများ၊ ဆလုံလူမျိုးများ၏ ရိုးရာပြခန်းများအပြင် ကလေးများအတွက် စတုဒိသာကျွေးမွေးမည့် အစီအစဉ်များ ပါဝင်သည်။

**လက်ခံရယူ**

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းက ထားဝယ်မြို့ပြည်ထောင်စုရိပ်သာ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့အတွက် လှူဒါန်းသည့် Set Top Box ရုပ်မြင်သံကြားဖမ်းစက် အလုံး ၅၀ ကို ပေးအပ်လှူဒါန်းရာ တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာတို့က လက်ခံရယူသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ် ပဲဒက်ကျေးရွာရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စက်ရုံမီးဘေးလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ရန်များနှင့် မီးတားများ အမြန်ပြုလုပ်ရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို နယူးဒေလီမြို့တွင်ကျင်းပသည့် ASEAN- India Business and Investment Meet and Expo 2018 သို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် အိန္ဒိယနိုင်ငံအစိုးရ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး Mr. Suresh Prabhu ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဇန်နဝါရီ ၂၂ ရက်မှ ဇန်နဝါရီ ၂၃ ရက်အထိ ကျင်းပသည့် ASEAN-India Business and Investment Meet and Expo 2018 သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် နယူးဒေလီမြို့ The Ashok Hotel ၌ ကျင်းပသည့် ASEAN-India Business and Investment Meet and Expo 2018 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Vocational Training School များ တည်ထောင်ခြင်း၊ Renewable Energy ကဏ္ဍ၊ Research & Development ကဏ္ဍ၊ နိုင်ငံပိုင်စက်ရုံများ Public Private Partnership စနစ်ဖြင့် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ မော်တော်ယာဉ် မူဝါဒနှင့် ဥပဒေရေးဆွဲဆောင်ရွက်နေမှု၊ အသေးစားနှင့် အလတ်စား(SME) များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် အစီအစဉ်များ၊ သံနှင့်သံမဏိ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည့် အခြေအနေ၊ ပြည်တွင်းလိုအပ်ချက်အရ ဆေးဝါးများ တိုးမြှင့်ထုတ်လုပ်မည့် အစီအစဉ်များနှင့် နိုင်ငံပိုင်စက်ရုံများတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် Investor များကို ဖိတ်ခေါ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ ဖွင့်ပွဲအပြီးတွင် အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံအသီးသီးမှ ပြသထားရှိသည့် ထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုကာ မြန်မာနိုင်ငံမှ လာရောက် ပြသကြသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

ညပိုင်းတွင် အိန္ဒိယနိုင်ငံအစိုးရ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ပြီး နိုင်ငံအချင်းချင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့ The Ashok Hotel ၌ ကျင်းပသည့် Plenary Session-1 "Trade in Services: Deeper Engagement of India and ASEAN" သို့ တက်ရောက်၍ အထူးမိန့်ခွန်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နယူးဒေလီမြို့ The Lalit Hotel Crystal Ballroom ၌ ကျင်းပသည့် India - ASEAN Weaving Textile Relations: The Fabric & Fashion Show သို့ တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ညပိုင်းတွင် အိန္ဒိယနိုင်ငံအစိုးရ ပြည်ပရေးရာဝန်ကြီးဌာနမှ ကျင်းပသည့် India-ASEAN Youth Awards ဆုချီးမြှင့်ခြင်းအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အစီအစဉ်သို့ တက်ရောက်အားပေးခဲ့ပြီး ဆုရရှိသည့် မြန်မာလူငယ် သုံးဦးအား ချီးကျူးဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို** ASEAN- India Business and Investment Meet and Expo 2018 **သို့ တက်ရောက်အမှာစကား ပြောကြားစဉ်။** သတင်းစဉ်




# ဒီအမှုနဲ့ ပတ်သက်လို့ မည်သူတစ်ဦးတစ်ယောက်ကမှ မိမိရဲ့ထင်ပေါ်ကျော်ကြားမှု စတဲ့ ကိုယ်ကျိုးအတွက် အသုံးမချသင့်ပါဘူး

**ဒုတိယဝန်ကြီး ဦးအောင်လှထွန်း**

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Governor Bill Richardson နုတ်ထွက်သွားခဲ့မှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။

**မထိမဲ့မြင်ပြုမှုမျိုး သက်ရောက်သွားနိုင်**

Governor Bill Richardson နုတ်ထွက်သွားမှုနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းအား သတင်းထောက်များက သဘောထားမေးမြန်းခဲ့ရာ ဒုတိယဝန်ကြီးက "Mr. Bill Richardson က သူပါဝင်ခဲ့တဲ့ အကြံပေးအဖွဲ့ကို အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ပြင်ပကကိစ္စတစ်ခုကို လျှို့ဝှက်ယူလာခဲ့တာကို ကျွန်တော် စိတ်မကောင်းဖြစ်မိပါတယ်၊ တကယ်တမ်းပြောရရင် ကျွန်တော်နားလည်ထားသလောက် တရားရုံးတော်က ကြားနာစစ်ဆေးနေတဲ့ ဒီလိုအမှုကိစ္စမျိုးကို ကိုင်တွယ်ဖို့ အခွင့်အာဏာဟာ နိုင်ငံတော်သမ္မတကြီးတစ်ဦးတည်းမှာပဲ ရှိပါတယ်၊ အခြားသူတွေအတွက်ကတော့ တရားရုံးကို မထိမဲ့မြင်ပြုမှုမျိုး သက်ရောက်သွားနိုင်ပါတယ်၊ ဒီအမှုနဲ့ ပတ်သက်လို့ မည်သူတစ်ဦးတစ်ယောက်ကမှ မိမိရဲ့ ထင်ပေါ်ကျော်ကြားမှု စတဲ့ ကိုယ်ကျိုးအတွက် အသုံးမချသင့်ပါဘူး" ဟု ဖြေကြားသည်။

**ပြောင်းပြန်ဆိုးကျိုးတွေ ဖြစ်ပေါ်တတ်**

"ဒီအမှုနဲ့ ပတ်သက်လို့ အစိုးရအပေါ်မှာ ဖိအားပေးမှု မလုပ်ဖို့ အားလုံးကို ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဖိအားပေးမှုတွေဟာ တစ်ခါတစ်ခါ ပြောင်းပြန်ဆိုးကျိုးတွေ ဖြစ်ပေါ်တတ်ပါတယ်" ဟု ဒုတိယဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီငါးခုအထိ တိုးတက်လာ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်စတော့အိတ်ချိန်းတွင် ယနေ့နံနက်ပိုင်းက အများပိုင်ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သော TMH Telecom public Co.,Ltd. သည် စတော့ရှယ်ယာများ စတင်ရောင်းချခြင်းဖြင့် စတော့အိတ်ချိန်းဈေးကွက်ကို ဖွင့်လှစ်ခဲ့သည်။

လက်ရှိ ရန်ကုန်စတော့အိတ်ချိန်းတွင် FMI၊ MTSH၊ FPB၊ MCB ကုမ္ပဏီလေးခုတို့က စတော့ရှယ်ယာများ ထုတ်ရောင်းလျက်ရှိရာ ယနေ့ဖွင့်လှစ်ခဲ့သော TMH အပါအဝင်ဆိုလျှင် ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်ကုမ္ပဏီ ငါးခုအထိ တိုးတက်လာပြီဖြစ်သည်။

အဆိုပါ ဆက်သွယ်ရေးကုမ္ပဏီ TMH သည် အစုရှယ်ယာတစ်ခု အခြေခံနှုန်းထားအဖြစ် ငွေကျပ် ၃၀၀၀ သတ်မှတ်ထားပြီး အနိမ့်ဆုံးငွေကျပ် ၂၅၀၀ မှ အမြင့်ဆုံး ငွေကျပ် ၃၅၀၀ ကြား ရန်ကုန်စတော့အိတ်ချိန်းတွင် အရောင်းအဝယ် စတင်ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

TMH Telecom Public Co.,Ltd. ကို ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တယ်လီကွန်းဆားဗစ်တပ်ဆင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ Internet Service Provider(ISP) လုပ်ငန်း၊ တယ်လီဖုန်းငွေဖြည့်ကတ်ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ၂၀၁၆ ခုနှစ်တွင် အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ယနေ့မွန်းလွဲပိုင်းက စတော့ဈေးကွက်ပိတ်ချိန်၌ FPB က အစုရှယ်ယာတစ်ခု ငွေကျပ် ၂၇၀၀၀ ဖြင့် အမြင့်ဆုံး အရောင်းအဝယ်ရှိနေပြီး FMI ငွေကျပ် ၁၂၀၀၀ ဖြင့် ဒုတိယလိုက်နေသည်။ တစ်ချိန်တည်းမှာပင် MTSH က ငွေကျပ် ၂၉၀၀၊ MCB က ငွေကျပ် ၇၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး ယနေ့မှ စတင်ဖွင့်လှစ်သည့် TMH က ငွေကျပ်၃၂၅၀ ကျပ်ဖြင့် အရောင်းအဝယ် ရှိနေသည်။

ယနေ့ဖွင့်လှစ်သော စတော့အိတ်ချိန်းတွင် ပြည်တွင်း စတော့ရှယ်ယာ ဝယ်ယူရင်းနှီးမြှုပ်နှံသူများအပြင် ပြည်ပရင်းနှီးမြှုပ်နှံသူများကပါ စတော့ဈေးကွက်တွင် စတော့ရှယ်ယာများ ဝယ်ယူရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားလျက်ရှိသည်ကို တွေ့ရသည်။

**မြင့်မောင်**

# သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့ လုပ်ငန်းတွေ၊ ပစ္စည်းတွေနဲ့ပတ်သက်လို့ တင်သွင်းတဲ့နေရာမှာ အထူးဂရုစိုက်ရပါတယ်

**အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်**

**အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**



ဦးတိုးအောင်မြင့်
အမြဲတမ်းအတွင်းဝန်
စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန

အိုဇုန်းလွှာထိန်းသိမ်းတာနဲ့ ပတ်သက်လို့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုနည်းအောင် ဆောင်ရွက်ရမယ်၊ ဇိမ်ခံပစ္စည်းတွေကြောင့်ဆိုတာတွေမှာ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့ အဲကွန်းတွေမှာသုံးတဲ့ GAS အမျိုးအစားတွေပေါ့၊ နောက်ပိုင်း ကမ္ဘာမှာ ကန့်သတ်လာတဲ့ GAS တွေရှိပါတယ်၊ ဥပမာအားဖြင့် R - 22 ဆိုတဲ့ GAS အမျိုးအစားပေါ့၊ အဲဒီလို GAS နဲ့ပတ်သက်လို့ တင်သွင်းတဲ့အခါမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ကန့်သတ်ဖို့ဆိုတဲ့ အစီအစဉ်တွေကို ဒီအစည်းအဝေးမှာ ဆွေးနွေးသွားပါတယ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ တင်သွင်းတဲ့နေရာမှာ ကန့်သတ်တဲ့ပစ္စည်းတွေနဲ့ စည်းမျဉ်းစည်းကမ်းအရ ထိန်းချုပ်ရမယ့် ပစ္စည်းတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ဦးစီးဌာနတွေရဲ့ ထောက်ခံချက်နဲ့ တင်သွင်းခွင့်ပြုပါတယ်၊ အထူးသဖြင့်တော့ အဲကွန်းတွေသွင်းတဲ့အခါမှာ R - 22 ဆိုတဲ့ GAS အမျိုးအစားသုံးစွဲတာနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနတွေအနေနဲ့ ဘယ်လိုပစ္စည်းမျိုးကို သုံးတယ်ဆိုတဲ့ ထောက်ခံချက်ရယူပြီး ခွင့်ပြုတယ်၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ခွင့်ပြုတဲ့အမျိုးအစား ထောက်ခံချက်ပါတဲ့ ပစ္စည်းတွေကို ခွင့်ပြုဖို့ဆိုတာ ဆွေးနွေးပါတယ်။

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့ လုပ်ငန်းတွေ၊ ပစ္စည်းတွေနဲ့ပတ်သက်လို့ တင်သွင်းတဲ့နေရာမှာ အထူးဂရုစိုက်ရပါတယ်၊ တစ်နှစ်တစ်ကြိမ် အသုံးပြုပြီးအသား စက်ပစ္စည်းတွေကို တင်သွင်းခွင့်ပြုတာရှိပါတယ်၊ အဲဒီလို တင်သွင်းခွင့်ပြုတဲ့နေရာမှာ စက်ပစ္စည်းတွေရဲ့ သက်တမ်းကန့်သတ်ချက်တွေ ရှိပါတယ်၊ အရည်အသွေးသတ်မှတ်ချက်တွေလည်း ရှိပါတယ်၊ ဒါ့အပြင် သက်ဆိုင်တဲ့ ဦးစီးဌာနအဆင့်ဆင့်ရဲ့ ထောက်ခံချက်တွေလည်း ရှိရပါမယ်၊ အဲဒီလို ထောက်ခံချက်တွေနဲ့ပြည့်စုံပြီး စက်စွမ်းရည်တွေကလည်း မူလစက်စွမ်းရည်ရဲ့ ၈၀ ရာခိုင်နှုန်းအောက် မနည်းရပါဘူး၊ နည်းပညာအရ ပြောမယ်ဆိုရင်လည်း ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာသုံးနေတဲ့ နည်းပညာနဲ့ သုံးစွဲထားတဲ့ ပစ္စည်းတွေကိုပဲ ခွင့်ပြုပါတယ်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်တဲ့၊ အရည်အသွေးမမီတဲ့ စက်ပစ္စည်းအဟောင်းတွေကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက လိုင်စင်ခွင့်ပြုပေးခြင်း မရှိပါဘူး။



ဦးကျော်လွင်
ပြည်နယ်ဝန်ကြီး
ရခိုင်ပြည်နယ် အစိုးရအဖွဲ့

ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ လုပ်နေတဲ့ ကိစ္စတွေကို ဒီနေ့အစည်းအဝေးမှာ ဆွေးနွေးတာဖြစ်ပါတယ်၊ ရခိုင်ပြည်နယ် အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုအတွက် ဗဟိုကော်မတီဆုံးဖြတ်ချက်တွေ ရှိပါတယ်၊ အဲဒီဆုံးဖြတ်ချက်တွေ အားလုံးကို ရခိုင်ပြည်နယ် ကြီးကြပ်မှုကော်မတီကို တင်ပြပါတယ်၊ နောက်ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကို ထပ်မံတင်ပြပြီး သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်က ဒီရေရောက်တော ပေါများတဲ့အတွက် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းတဲ့အနေနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဒီရေရောက်တောစိုက်ခင်းတွေကို စိုက်ပျိုး နေပါတယ်၊ ကျေးရွာ ထင်းစိုက်ခင်းတွေနဲ့ သစ်တောဌာန စိုက်ခင်းတွေမှာလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဒီနေ့ ကျွန်တော် အဓိက တင်ပြတာကတော့ ရခိုင်ဒေသမှာရှိတဲ့ သစ်တောတွေနဲ့ပတ်သက်လို့ပါ၊ သစ်တောတွေက တော်တော်လေးကို ပြုန်းတီးနေပါပြီ၊ ရခိုင်ရိုးမဆိုရင် သစ်တောတွေသိပ်မရှိတော့ပါဘူး၊ ရခိုင်ဒေသမှာ သစ်တွေထုတ်မယ်ဆိုရင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ သဘောထားကို တောင်းဖို့တင်ပြပါတယ်၊ နိုင်ငံအတွက် အမှန်တကယ် အကျိုးရှိဖို့ထုတ်ယူမယ်ဆိုရင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ အမြဲတမ်းခွင့်ပြုဆောင်ရွက်နေပါတယ်။

ရခိုင်ပြည်နယ်အစိုးရအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဟိုတယ်လုပ်ငန်းတွေ၊ အုတ်ဖုတ်၊ ကျောက်ထုတ်တဲ့ လုပ်ငန်းတွေ စသည်ဖြင့် အကုန်လုံးကို ပြည်ထောင်စုမူဝါဒနဲ့အညီ ပူးပေါင်းဆောင်ရွက်နေပါတယ်။

ရခိုင်ပြည်နယ်ဟာ ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေနဲ့ နှိုင်းယှဉ်ရင် သဘာဝဘေးဒဏ်ကို တော်တော်လေးခံရတဲ့ ဒေသဖြစ်ပါတယ်၊ ဒီလို ဘေးဒဏ်တွေကို ဘယ်လိုကာကွယ်မလဲ၊ အကောင်းဆုံး ကာကွယ်နိုင်အောင် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ပြည်ထောင်စုနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်နေသလို ရခိုင်ဒေသမှာရှိတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနနဲ့ သစ်တောဌာနတွေနဲ့ ပူးပေါင်းပြီးတော့လည်း ဒါတွေကို ကာကွယ်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းဖို့၊ ရေရှည်စဉ်ဆက်မပြတ် အကျိုးရှိစေဖို့အတွက် ရခိုင်ပြည်နယ်မှာရှိတဲ့ ပြည်သူတွေကိုလည်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့နဲ့အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ ॥

**မင်းမင်းဇော်(ကလေး)၊ ဓာတ်ပုံ- ကိုသစ္စာ**

## ရခိုင်ပြည်နယ်သတင်း

## ရခိုင်ပြည်နယ် ဘူးသီးတောင်-အောင်ဇေယျ-အင္ဂူမော်လမ်း ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ယူပြုပြင်နေ

**စစ်တွေ ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင် - သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အင္ဂူမော်လမ်းသည် ၄၆ မိုင် ၅ ဖာလုံရှိသည်။ ယခုအခါ အဆိုပါလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူပြီး တာပေါင်ချဲ့ခြင်း၊ ဖြုန်းကျောက်ခင်းခြင်း၊ တံတားများပြုပြင်တည်ဆောက်ခြင်း ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ဘူးသီးတောင်မြို့သည် စစ်တွေမြို့မှ ရေမိုင် ၇၀ ကွာဝေးပြီး သင်္ဘောအမြန်ရေယာဉ်၊ စက်လှေစသည့် ရေလမ်းခရီးဖြင့်သာ အဓိက သွားလာနေရသော ဒေသဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်က ဘူးသီးတောင်မြို့နယ် ပြည်သူလူထု လုပ်အားဖြင့် ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အင္ဂူမော်လမ်းအား စတင်ဖောက်လုပ်ခဲ့ရာ ဘူးသီးတောင်မှ အင္ဂူမော်လမ်းပိုင်းအထိ ၄၆ မိုင် ၅ ဖာလုံရှည်လျားပြီး ဘူးသီးတောင်မြို့နယ် အပိုင်း ၁၉/၂ မိုင်၊ ရသေ့တောင်မြို့နယ်အပိုင်း ၁၇/၃ မိုင်ဟူ၍ ပေါ်ပေါက်ခဲ့သည်။

ထိုလမ်းသည် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် တောင်ဘက်ရှိ ကျေးရွာများအတွက် အဓိက ပင်မလမ်းမကြီးတစ်လမ်းဖြစ်ပြီး စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းစဉ်က အဖွဲ့ရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းခြင်း၊ သစ်သားတံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူပြီး တင်ဒါစနစ်ဖြင့် ကျောက်ချောလမ်း ၁၈/၇ မိုင်ခင်းခြင်း၊ သံကူကွန်ကရစ်တံတား ခုနစ်စင်း၊ ရေပြွန်တံတား ခြောက်စင်း တည်ဆောက်ပေးခဲ့သော်လည်း အပြီးသတ် ဆောင်ရွက်နိုင်ခြင်းမရှိပေ။



၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစ၍ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက လမ်းနှင့် တံတားများအား စတင်ဖောက်လုပ်ပြုပြင်ခဲ့ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကုန်ပိုင်းတွင် လမ်းတံတားလုပ်ငန်းများ အပြီးဆောင်ရွက်သွားမည်ဟု သိရသည်။

ဘူးသီးတောင် - သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အင္ဂူမော်လမ်းပိုင်းသည် ဘူးသီးတောင်မြို့နယ် တောင်ပိုင်းရှိ ကျေးရွာများနှင့် ရသေ့တောင်မြို့နယ် မေယုအရှေ့ဘက်ကမ်းရှိ ကျေးရွာများ စစ်တွေမြို့နှင့် အဓိက ဆက်သွယ်ရာ ကုန်းလမ်းကြောင်း ဖြစ်သဖြင့် အဆိုပါစီမံကိန်း ဆောင်ရွက်ပြီးစီးပါက ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်သည့်အပြင် ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## ရခိုင်ပြည်နယ်လူသားချင်းစာနာထောက်ထားမှု ကူညီထောက်ပံ့ရေးအဖွဲ့အား သိန်း ၅၀၀ လှူဒါန်း

**မော်လမြိုင် ဇန်နဝါရီ ၂၆**

မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ငွေမိုးဟိုတယ်ခန်းမ၌ ဇန်နဝါရီ ၂၅ ရက်က မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (မွန်ပြည်နယ်)၏ နှစ်ပတ်လည်နေ့ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်၊ မွန်ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမိုးကျော်နှင့် အဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွန်ပြည်နယ် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက ပူးပေါင်းလက်တွဲဆောင်ရွက်ပေးကြရန် ပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီးက မွန်ပြည်နယ်သည် ငြိမ်းချမ်းရေးရရှိနေပြီဖြစ်သည့်အတွက် မွန်ပြည်နယ် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့်ပူးပေါင်းကာ ပြည်နယ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နာယက ဦးခင်ဝင်းက ရခိုင်ပြည်နယ် လူသားချင်းစာနာထောက်ထားကူညီမှုထောက်ပံ့ရေးအဖွဲ့အတွက် ရန်ပုံငွေကျပ် သိန်း ၅၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်ခဲ့ပြီး ဦးမိုးကျော်က ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များအား ကာကွယ်ကုသပေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ရွာသာယာ(တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ကြိမ်ချောင်း(ရောနှော) ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရစခန်းပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော)ကျေးရွာတွင် ဆိတ်တစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားတစ်ကောင်နှင့် ဆိတ်နှစ်ကောင်တို့ကို ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား အကောင် ၄၀၀ နှင့် ဆိတ်အကောင် ၇၆၈ ကောင်တို့ကို ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မောင်တောမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**မောင်တော ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက မောင်နီအလယ်ရွာ ကျေးရွာနေ ဟာဆောင်း(၄၂နှစ်)၏ နေအိမ်အား မြို့နယ် ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးရှာဖွေခွင့် ဝရမ်းဖြင့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေခဲ့ရာ ဟာဆောင်းမှာ နေအိမ်မှ ထွက်ပြေးတိမ်းရှောင်သွားပြီး နေအိမ်ခြံဝင်းအတွင်းတွင် ဒေါ်ရာဘီယာခါတူ (၅၀နှစ်)နှင့် မာမတ်အီနုစ်(၂၂နှစ်) တို့ကို တွေ့ရှိရပြီး နေအိမ်ခြံဝင်းအတွင်း မြေသားများတင်၍ ရပ်ထားသည့် ထော်လာဂျီကို ရှာဖွေစစ်ဆေးခဲ့ရာ မြေသားများဖြင့် ဖုံးအုပ်ထားသော ဆာလာအိတ် ခုနစ်အိတ် တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ခန့်မှန်းအရေအတွက် ၁၂၅၀၀၀၀ ကျော်ခန့် (ရေတွက်ဆဲ) ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ခန့်မှန်းကာလ တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၅၀၀၀ ကို တွေ့ရှိရသည်။

**ခရိုင်(ပြန်/ဆက်)**



# နိုင်ငံတော်လုံခြုံရေးအဖွဲ့အစည်းများ၏ အသွင်သဏ္ဌာန်တူသည့်ဝတ်စုံများ ဝတ်စားဆင်ယင်မှုမရှိစေရေး ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များ၊ စူပါမားကက်များ၌ လုံခြုံရေးဆောင်ရွက်နေသည့်အဖွဲ့များနှင့် တွေ့ဆုံရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ(၂)၌ ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဦးဆောင်ကျင်းပသည့် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များ၊ စူပါမားကက်များ၌ လုံခြုံရေးဆောင်ရွက်နေသည့်အဖွဲ့များမှ ယူနီဖောင်းဝတ်ဆင်ယင်အသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကြေညာချက်အပေါ် သိရှိလိုက်နာဆောင်ရွက်စေရေး ရှင်းလင်းပွဲ




ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်၊ တိုင်းဒေသကြီး ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေ၊ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး မြင့်ထွေး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် ဖိတ်ကြားထားသည့် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များ၊ စူပါမားကက်များမှ တာဝန်ခံများ၊ သတင်းမီဒီယာများ စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုးက အမှာစကားပြောကြားခဲ့ပြီးနောက် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က ဇန်နဝါရီ ၁၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသော ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကြေညာချက်အပေါ် သိရှိလိုက်နာ ဆောင်ရွက်စေရေးအတွက် ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များ၊ စူပါမားကက်များ၌ တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ ဝတ်ဆင်အသုံးပြုသည့် ဝတ်စုံများမှာ နိုင်ငံတော် လုံခြုံရေးအဖွဲ့အစည်းများ ဝတ်ဆင်အသုံးပြုသည့် ဝတ်စုံများနှင့် သဏ္ဌာန်တူသည့် ဝတ်စုံများကို ဖန်တီးဝတ်စားဆင်ယင်ခြင်း မပြုလုပ်ကြရန်နှင့် စိစစ်တွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများ၊ ပုဂ္ဂလိကဘဏ်များ၊ စူပါမားကက်များမှ တာဝန်ခံများက သိရှိလိုသည့် ကိစ္စများကို မေးမြန်းဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်နှင့် စပ်လျဉ်း၍ ထပ်ဆင့်ရှင်းလင်းပြောကြားပြီးဖြစ်ပါသဖြင့် တက်ရောက်လာသည့် အဖွဲ့အစည်းများအနေဖြင့် အမြန်ဆုံးဆောလျင်စွာ ပြောင်းလဲဝတ်ဆင်အသုံးပြုကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၆**

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန် ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲလုပ်ကိုင်နိုင်ခြေရှိသော လုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ် ပြောင်းလဲလုပ်ဆောင်ခြင်းတို့အပြင် အလုပ်အကိုင်ရရှိရေးနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) ကို ပံ့ပိုးကူညီပေးရန် ဟူသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိသော SME စာရင်းကောက်ယူ၍ လုပ်ငန်းစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းအပြင် ကောက်ယူရရှိလာသော စာရင်းအင်းများကို SME Data Centre တစ်ခု ထူထောင်၍ SME လုပ်ငန်းများအနက်မှ မည်သည့်လုပ်ငန်းများ စတင်မြှင့်တင်ပေးရမည်ကို ဆုံးဖြတ်ပေးခြင်းနှင့် ချေးငွေရယူရန် စီစဉ်ပေးခြင်းတို့ကို ကူညီဆောင်ရွက်သွားမည်ဖြစ်သည်။



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ SME စာရင်းများကို အခြေပြုပြီး တိုင်းဒေသကြီးအတွင်း လုပ်ငန်းစိစစ်ရေးကတ်ပြားများ ထုတ်ပေးခြင်းလုပ်ငန်းကို ရှေ့ပြေးစစ်တမ်းအဖြစ် တောင်ဒဂုံမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ကျန်မြို့နယ်များတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ စက်မှုဇုန်ကော်မတီရုံးများ အထိ ကွင်းဆင်းဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီး ဖြစ်သည့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် 'စီ' လမ်းထောင့် အမှတ် (၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**သည် ယင်းပါတီ၏ အလံကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီ၏အလံကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်ပတ်လမ်း ကတ္တရာခင်း

**ပူတာအို ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်းပေါင်း ၂၇၀၀ ဖြင့် ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက် ပတ်လမ်း နှစ်မိုင်ကတ္တရာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် တင်ဒါအောင်မြင်ခဲ့သည့် အင်ခိုင်ဘွမ် ဆောက်လုပ်ရေးကုမ္ပဏီက လုပ်ငန်းစတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကောင်ကထောင်ရပ်ကွက် ပတ်လမ်းနှစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းကို အင်ခိုင်ဘွမ် ဆောက်လုပ်ရေးကုမ္ပဏီက ငွေကျပ်သိန်းပေါင်း ၂၅၆၅ သိန်းဖြင့် တင်ဒါအောင်မြင်ခဲ့ခြင်း ဖြစ်ပြီး ကတ္တရာခင်းခြင်းလုပ်ငန်းကို ကိုးလက်မထု၊ အကျယ် ၁၂ ပေ ခင်းသွားမည်ဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အပြီးဆောင်ရွက်ရမည်ဖြစ်၍ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းပြီးစီးပါက လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ပူတာအိုမြို့ဒေသခံများနှင့် ရပ်ကွက်သူရပ်ကွက်သားများ ယခင်ကထက် သွားလာရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**











# တပ်ကုန်းမြို့နယ်အတွင်း လိုင်စင်မဲ့ယာဉ်တစ်စီးသိမ်းဆည်းရမိ

**တပ်ကုန်း ဇန်နဝါရီ ၂၆**

နေပြည်တော် တပ်ကုန်းမြို့မြဝတီရပ်ကွက် ရန်ကုန် -မန္တလေးကားလမ်းဘေး မြတ်သုခဆေးဆိုင်အနီး၌ ဇန်နဝါရီ ၂၅ ရက် ညနေ ၃နာရီခွဲက လိုင်စင်မဲ့ယာဉ်တစ်စီး သိမ်းဆည်းရမိခဲ့သည်။

တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှ ယာဉ်မှုစစ် ရဲအုပ်ညွှန့်ဝေထံ ဘုရင့်နောင်ရပ်ကွက်မှ ယာဉ်ပိုင်ရှင်တစ်ဦးက ၎င်း၏တရားဝင်မှတ်ပုံတင်ထားသော ယာဉ်နံပါတ်နှင့်တူသည့် ယာဉ်တစ်စီးအား တွေ့ရှိကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ ပျဉ်းမနားမြို့ပန်းခင်း-၂ ရပ်ကွက်နေ မြတ်ကို(၂၃နှစ်) မောင်းနှင်ပြီး မအိအိဇော်လိုက်ပါလာသည့် 4H /------ ဟွန်ဒါဖစ်ယာဉ်အားတွေ့ရှိခဲ့သည်။ အဆိုပါယာဉ်သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတွင်မှတ်ပုံတင်ထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိသဖြင့် မြတ်ကို(၂၃နှစ်)အား တပ်ကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

# ဒလမြို့နယ်၌ ဓာတ်ငွေ့ထွက်ရှိသည့်နေရာသို့ တာဝန်ရှိသူများ လာရောက်စစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် သရောတန်းကျေးရွာရှိ ဓာတ်ငွေ့ထွက်ရှိသည့်နေရာသို့ ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီက တာဝန်ရှိသူများ လာရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

သရောတန်းကျေးရွာနေ လယ်သမား ဦးစိုးသိန်းသည် ဇန်နဝါရီ ၂၃ ရက်က ၎င်း၏လယ်မြေအတွင်း နွေစပါးစိုက်ပျိုးရန်အတွက် မြေအောက်ရေရရှိရန် နှစ်လက်မပိုက်အဝီစိတွင်းတူးရာ အနက်လေးပေအရောက် ထူးဆန်းသောမြည်သံနှင့်အတူ ဓာတ်ငွေ့ရှည်များပန်းထွက်လာသည့်အတွက် တွင်းထဲသို့ ဝါးလုံးနှင့်ရွှံ့များဖြင့် ပိတ်ဆို့ထားခဲ့ကြောင်း သိရသည်။ အဆိုပါဓာတ်ငွေ့များအား မီးရှို့ကြည့်ရာ မီးတောက်များထွက်ပေါ်လာကြောင်း၊ နေ့လယ်ပိုင်းတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်းမှ အမှုဆောင်အရာရှိ ဦးတင်မောင်သိန်း ဦးဆောင်သောအဖွဲ့သည် ပျော်ဘွယ်ကြီးရဲစခန်းမှ ရဲအုပ်နှင့် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ အဆိုပါနေရာသို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။ အဆိုပါသဘာဝဓာတ်ငွေ့ထွက်ရှိသည့် နေရာအား သက်ဆိုင်ရာမှ မြေပုံကြမ်းများရေးဆွဲခြင်း၊ သဘာဝဓာတ်ငွေ့နမူနာကောက်ယူခြင်းများ ပြုလုပ်ကာ



ရုံးချုပ်သို့ဆက်လက်ပေးပို့၍ ဓာတ်ခွဲစမ်းသပ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းထံမှ သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# အလုပ်ရမည်ဟုပြောဆိုကာ လူ ၃၅ ဦးထံမှ ငွေကျပ်သိန်း ၁၈၀ ကျော် လိမ်လည်ရယူသူများအား အမှုဖွင့်

**မင်းလှ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်နေ အမျိုးသားတစ်ဦးက ၎င်း အပါအဝင် လူ ၃၅ ဦးကို ထိုင်ဝမ်တွင်အလုပ်ရမည်ဟု ပြောဆိုပြီး ငွေကျပ်သိန်း ၁၈၀ ကျော် ရယူသွားသည့် လူသုံးဦးအား အရေးယူပေးရန် ဇန်နဝါရီ ၂၃ ရက်က အမှုဖွင့်ခဲ့ကြောင်း မင်းလှမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မင်းလှမြို့နယ် တောင်ဦးကျေးရွာနေ ဒေါ်ဌေးရင် (၅၄နှစ်)သည် ၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်းက နိုင်ငံခြားတွင် အလုပ်အကိုင်ရရှိရန် တရားဝင်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ၎င်း၏သားဖြစ်သူ ကျော်မိုးလွင် (၃၀နှစ်) ပဲခူးမြို့နေသူနှင့်ချွေးမဖြစ်သူ မနီလာဝင်းတို့မှာ ရန်ကင်းမြို့နယ်ရှိ SOD ကုမ္ပဏီနှင့် ချိတ်ဆက်ပြီး ထိုင်ဝမ်တွင် တရားဝင်အလုပ်အကိုင်ရရှိရေး ပို့ဆောင်နေသူများဖြစ်ကြောင်း၊ အလုပ်အကိုင်အတွက်အာမခံကြောင်း၊ အလုပ်မရပါက ငွေပြန်လည်ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သဖြင့် မင်းလှမြို့နယ် ကျောက်မြောင်းကျေးရွာနေ အောင်လွင်ဦး(၂၈နှစ်) အပါအဝင် မင်းလှမြို့နယ် ကျောက်မြောင်းကျေးရွာ၊ ညောင်ဝိုင်းကျေးရွာနှင့် တောင်ဦးကျေးရွာတို့မှ အလုပ်အကိုင်အဆင်မပြေသူ အမျိုးသား ၂၈ ဦးနှင့် အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၃၅ ဦးတို့သည် ဒေါ်ဌေးရင်နှင့်အတူ ရန်ကုန်မြို့သို့ နှစ်သုတ်ခွဲ၍ သွားရောက်ခဲ့ကြောင်း၊ ထို့နောက် ကျော်မိုးလွင်နှင့်မနီလာဝင်းတို့က တွေ့ဆုံကာ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်အတွက် တစ်ဦးလျှင် ငွေကျပ် ၆၃၀၀၀၀ နှုန်းဖြင့် ခုနစ် ဦး၊ ငွေကျပ် ၅၃၀၀၀၀နှုန်းဖြင့် ၁၈ဦး၊ ငွေကျပ် ၄၅၀၀၀၀ နှုန်းဖြင့် ၁၀ ဦး စုစုပေါင်းငွေကျပ် ၁၈၄၅၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း၊ ယင်းနောက် ၎င်းတို့ဘက်မှ ပျက်ကွက်ပါက ငွေများပြန်ပေးမည်ဖြစ်ကြောင်း အာမခံပြောကြားခဲ့သော်လည်း ပို့ဆောင်ပေးခြင်း၊ အဆက်အသွယ်ပြုလုပ်ခြင်းများမရှိခဲ့သဖြင့် စုံစမ်းခဲ့ရာတွင် SOD ကုမ္ပဏီမှာ တရားဝင်ဖွင့်လှစ်ထားသည့် ကုမ္ပဏီမဟုတ်ကြောင်း စုံစမ်းသိရှိခဲ့၍ တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကျိုးဆောင်လုပ်ငန်းလိုင်စင်မရှိဘဲ ထိုင်ဝမ်တွင် အလုပ်ရမည်ဟုပြောဆိုကာ ငွေများရယူသွားခဲ့သူ ဒေါ်ဌေးရင်၊ကျော်မိုးလွင်နှင့် မနီလာဝင်းတို့အား ဇန်နဝါရီ ၂၃ ရက်တွင် အောင်လွင်ဦးက တရားလိုပြုတိုင်ကြားခဲ့၍ မင်းလှမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**ကျော်ဇေယျ**

# မြိတ်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပုလဲမင်းစစ်ဆင်ရေးအရ မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၄ ရက် ညနေ ၆ နာရီခွဲက မြိတ်မြို့နယ် မြိတ်-ထားဝယ်ကားလမ်း ဘဲမဒီကျေးရွာအနီး၌ မျိုးသူထံမှစိတ်ကြွရူးသွပ်ဆေး ၆၃၆ ပြား၊ ဘိန်းစာမှုန့် ၃၅ ဂရမ်၊ ဖုန်းတစ်လုံးနှင့် ငွေကျပ် ၂ ဒသမ ၈၅ သိန်းတို့ကိုသိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ ဇန်နဝါရီ ၂၅ ရက် နံနက် ၅ နာရီခွဲတွင် မြိတ်မြို့ကျွဲကူးရတနာရပ်ကွက်နေ အောင်ကိုမြတ်(ခ)သားသားကို မြိတ်မြို့ဝန်ထမ်းရပ်ကွက် မြိတ်-ကျွဲကူး ကားလမ်း၌ ဆိုင်ကယ်နှင့်အတူ တွေ့ရှိ၍ ရှာဖွေရာ ဒူးကာကြားအံ့ဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ၊ ၎င်း၏နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄၇ ပြား၊ ဘိန်းစာမှုန့် ၁၅၀ ဂရမ်နှင့် ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ဆက်လက်၍ အောင်ကိုလတ်နေထိုင်သည့် ကျွဲကူးရတနာရပ်ကွက် နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၄ ပြား၊ ဘိန်းစာမှုန့် ၁၀၀ ဂရမ်၊ ငွေကျပ်သိန်း ၄ ဒသမ ၃၉နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိသည်။

ကွင်းဆက်အရ မြိတ်မြို့စန္ဒဝတ်ကျေးရွာ၌ နေထိုင်သူ စောတနာစေး(ခ)စောမူဂူး၏ နေအိမ်ကိုရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြားလေးပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အမြန်ရေယာဉ်ပေါ်မှ ခရီးသည်နှစ်ဦးပြုတ်ကျ၊ တစ်ဦးဆယ်ယူရရှိကာ တစ်ဦးပျောက်ဆုံးနေ

**ဟိုင်းကြီးကျွန်း ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ အမှတ် - ၃ ရပ်ကွက် စံပြဆိပ်ကမ်းနှင့် ကျောက်ချောင်းကျေးရွာမြတ်သစ္စာဆိပ်ကမ်းအကြား မြစ်အတွင်း ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းက ပုသိမ်သူ - ၈ ကမ်းရိုးတန်းအမြန်ရေယာဉ် မောင်းနှင်စဉ် ခရီးသည်နှစ်ဦး ပြုတ်ကျခဲ့ပြီး တစ်ဦးကို ရေလုပ်သားများက ဆယ်ယူနိုင်ခဲ့ကာ တစ်ဦးမှာပျောက်ဆုံးနေကြောင်း ခရီးသည်တစ်ဦး၏ ပြောပြချက်အရ သိရသည်။

မြစ်အတွင်း ပြုတ်ကျခဲ့သော ခရီးသည်နှစ်ဦးမှာ မောင်ပိုင်မျိုးဝေ ရွာသစ်ကြီးရွာ ပျော်ဘွယ်မြို့နေသူနှင့် သက်ပိုင်စိုးတို့ နှစ်ဦးဖြစ်ကြောင်း၊ မောင်ပိုင်မျိုးဝေကို ဆယ်ယူရရှိခဲ့သော်လည်း သက်ပိုင်စိုးမှာ ပျောက်ဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုသိမ် - ဟိုင်းကြီးကျွန်း ကမ်းရိုးတန်း အမြန်ရေယာဉ် ပုသိမ်သူ- ၈ သည် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၃) ရပ်ကွက် စံပြဆိပ်ကမ်းတံတား၌ ဆိုက်ကပ်ထားပြီး ခရီးသည်နှင့် ကုန်ပစ္စည်းများချကာ ဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာစဉ် သက်ပိုင်စိုးမှာ ရေယာဉ်ပဲ့ပိုင်းရှိ ကြိုးချည်သော ဗုံလုံတိုင်တွင်ထိုင်ကာ စကားပြောနေစဉ် ရေယာဉ်၏ အရှိန်ဖြင့် နှစ်ဦးစလုံးရေထဲသို့ ပြုတ်ကျခဲ့ကြောင်း၊ ကမ်းရိုးတန်းအမြန်ရေယာဉ် ထွက်ခွာသွားပြီးနောက် မြစ်အတွင်း အော်ဟစ်အကူအညီ တောင်းခံသံကြား၍ နီးစပ်ရာရေလုပ်သားများက ဆယ်ယူနိုင်ခဲ့ကြောင်း၊ သက်ပိုင်စိုးမှာမူ ရေထဲသို့ ပြုတ်ကျသွားကတည်းက ယခုထိ ပြန်ပေါ်မလာတော့ကြောင်း မောင်ပိုင်မျိုးဝေ၏ ပြောပြချက်အရ သိရသည်။

သက်ပိုင်စိုး ပျောက်ဆုံးနေသည့်ကိစ္စနှင့်ပတ်သက်၍ ဟိုင်းကြီးကျွန်းမြို့နယ်မြေရဲစခန်းက အမှုဖွင့်လှစ်ကာ ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# တိုက်မိုင်းပေါက်ကွဲမှုကြောင့် ဒေသခံတစ်ဦးဒဏ်ရာရ

**မိုးကောင်း ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာအနီး၌ ဇန်နဝါရီ ၂၅ ရက် ည ၁၀ နာရီခန့်က လယ်ကွင်းမှ နွားမောင်းပြန်လာသည့် ဒေသခံကျေးရွာသားတစ်ဦး တိုက်မိုင်းတိုက်မိပေါက်ကွဲသဖြင့် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ အောင်သီရိရပ်ကွက်နေ ဦးသန်းစိုး (၂၈နှစ်)သည် ဆားမော်ကျေးရွာ၏ အရှေ့တောင်ဘက်ခြောက်မိုင်ခန့်အကွာ ဒေသအခေါ် ဘန်ကျက်ကွင်းရှိ ၎င်းပိုင်လယ်ကွင်းမှ နွားမောင်းပြန်လာစဉ် တိုက်မိုင်းတိုက်မိပေါက်ကွဲ၍ ဒဏ်ရာများရရှိခဲ့သဖြင့် ဆားမော်တိုက်နယ်ဆေးရုံသို့ ဆေးကုသမှုခံယူရန် နယ်မြေခံတပ်မှ ပို့ဆောင်ထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# ၁၀၅ မိုင်နယ်မြေအတွင်းမှ မူးယစ်ဆေးသုံးစွဲသူ၂၇ ဦးနှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မူဆယ် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာအတွင်းရှိ ဆက်သွယ်ရေးရေဒီယာတိုင်အနီး နေကြာရိုင်းချုံကြား၌ မူးယစ်ဆေးသုံးစွဲသူများရှိနေကြောင်း သိရ၍ နယ်မြေခံတပ်မတော်သားများနှင့်ပြည်သူ့စစ်အဖွဲ့များ၊ နယ်မြေခံရဲတပ်ဖွဲ့များပါဝင်သည့် ပူးပေါင်းအဖွဲ့က ဝင်ရောက်ဖမ်းဆီးခဲ့ရာ မူးယစ်ဆေးသုံးစွဲသူ ၂၇ ဦးဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာအတွင်းရှိ ဆက်သွယ်ရေးကုန်းအနီး ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီခွဲက ပူးပေါင်းအဖွဲ့ ၅၀ ခန့်ဖြင့်ဝင်ရောက် ဖမ်းဆီးခဲ့ရာ မူးယစ်ဆေးသုံးစွဲသူ အမျိုးသား ၂၅ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း မူးယစ်ဆေးသုံးစွဲသူ ၂၇ ဦးကို ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**

အဆိုပါနေရာ အနီးတစ်ဝိုက်ကို ရှာဖွေခဲ့ရာ မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၃၇၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိခဲ့သော မူးယစ်ဆေးသုံးစွဲသူ ၂၇ဦးနှင့် သိမ်းဆည်းရမိခဲ့သော ပစ္စည်းများကို ၁၀၅ မိုင် ရဲကင်းစခန်းမှ မူဆယ်မြို့မရဲစခန်းသို့ လွှဲပြောင်းပေးခဲ့ပြီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ သန့်ဇင်(မူဆယ်)**



# တရားလွှတ်တော်ရှေ့နေ ဦးကိုနီလုပ်ကြံခံရမှုနှင့်ပတ်သက်၍ သက်သေများအားလုံးစစ်ဆေးပြီးဖြစ်

**ရန်ကုန် ဇန်နဝါရီ ၂၆**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လုပ်ကြံခံရမှုနှင့်ပတ်သက်ပြီး သေနတ်သမားကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုးနှင့် အောင်ဝင်းထွန်းတို့ကို ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားရုံးသို့ဇန်နဝါရီ ၂၆ရက် နံနက် ၁၀ နာရီခွဲက ရုံးထုတ်ခဲ့ပြီး တရားလိုပြသက်သေ ရဲမှူးတင်မောင်ဆွေနှင့် ဒုတိယရဲမှူး တင်ဝင်းမောင်တို့နှစ်ဦးကို နောက်ဆုံးစစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်းနှင့် သက်သေများအားလုံးစစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး သတင်းနှင့် ပြန်ကြားရေး တာဝန်ခံအရာရှိ ဦးရဲလွင်က “ဒီကနေ့မှာ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ တရားလို ဒုတိယရဲမှူး မြတ်ထွန်းကျော်နဲ့ တရားခံ ကြည်လင်း (ခ) ဖိုးထူးပါ- ၂ နှင့် လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ) (စ) အရ စွဲဆိုမှုဟာ လိုပြသက်သေ အမှုစစ်ရဲအရာရှိ ရဲမှူး တင်မောင်ဆွေနဲ့ ဒုတိယရဲမှူး တင်ဝင်းမောင်တို့ကို စစ်ဆေးခဲ့ပါတယ်၊ ဒီအမှုမှာ လိုပြသက်သေရှစ်ဦးရှိတဲ့အနက် တရားလိုဘက်က တင်ပြတဲ့ခုနစ်ဦးကိုစစ်ဆေးပြီး ဖြစ်ပါတယ်၊ ကျန်သက်သေ ဦးရှုပကို အမှုလိုက်ဥပဒေအရာရှိက ပယ်လိုက်တဲ့အတွက် လိုပြသက်သေအားလုံးစစ်ပြီးသွားတာဖြစ်ပါတယ်၊ အဲ့ဒီ မြောက်ပိုင်းခရိုင် ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ တရားလိုရဲအုပ် မိုးနိုင်၊ တရားခံ ကြည်လင်း(ခ)ဖိုးထူး ပါ-၄ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄/၁၂၀ အရ စွဲဆိုမှုဟာလည်း တရားလိုပြသက်သေ ၈၀ တင်ပြထားရာမှာ ယခင်အပတ်က လေးဦးပယ်ထားတယ်၊ ဒါကြောင့် ၇၆ ဦးမြောက် မနေ့က စစ်ဆေးပြီးဆုံးသွားတာဖြစ်လို့ ရာကြီးအမှု ၄၅/၂၀၁၇ - ၄၆/၂၀၁၇ နဲ့ပတ်သက်ပြီး စွဲချက်တင်သင့်မတင်သင့်ကို နှစ်ဖက်ရှေ့နေများ လျှောက်လွှဲချက်ကြားနာဖို့ ဖေဖော်ဝါရီ ၂ ရက်နေ့ကို ချိန်းဆိုထားပါတယ်” ဟု ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသားတစ်ဦးအား ရွှေအရိုင်းတုံး ၇၆ တုံးနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ် တနိုင်းမြို့အောင်စိုးမိုးကျေးရွာအရှေ့ဘက် သုံးဖာလုံခန့်အကွာရှိ ရွှေမော်များသို့ ဇန်နဝါရီ ၂၅ ရက် နံနက် ၁၂ နာရီ ၁၅ မိနစ်က တပ်မတော်သားများမှ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဖမ်းဆီးရမိသည့် တနိုင်းမြို့ကင်ဆားရာရပ်ကွက်နေ လဆမ်(၃၂နှစ်)ပါ အမျိုးသား ၁၅ ဦးကို တနိုင်းမြို့မရဲစခန်းသို့ လာရောက် အပ်နှံခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိသည့် အမျိုးသား ၁၅ ဦးအနက် ယူနန်ပြည်နယ် လုံခွေမြို့နေ တရုတ်နိုင်ငံသား ရှောင်ကျန်းရန်(၅၂နှစ်)သည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် တနိုင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး ၎င်းနှင့်အတူ မသန့်စင်ရသေးသည့် ရွှေအရိုင်းတုံး ၇၆ တုံး ကိုပါတွေ့ရှိခဲ့သောကြောင့်ဥပဒေအရ ထပ်မံအမှုဖွင့် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# ထပ်ဆင့်ဝမ်းမြောက်အနုမောဒနာပြုခြင်း

သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်ရည်သန်၍ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်တွင် အဝီစိစက်ရေတွင်းကြီး (၁)တွင်း၊ ဓမ္မစကူးလ် (ဓမ္မဇောတိကမဥ္ဇူကျောင်းဆောင်) တည်ဆောက်ရေးအတွက် ကျပ်သိန်း–၁၇၈၉၊ ကံသာဦးတံတား ပြန်လည်တည်ဆောက်ရေးအတွက် ကျပ်သိန်း–၃၁၀၊ ကလေး(၅၀၀)ဦးအား အာဟာရဒါန ကျွေးမွေးရန်အတွက် ငွေပဒေသာပင်စိုက်ထူလှူဒါန်းငွေ ကျပ်သိန်း–၅၅၀၊ စုစုပေါင်း ကျပ်သိန်း–၂၆၄၉ (ကျပ်သိန်း–နှစ်ထောင့်ခြောက်ရာလေးဆယ့်ကိုးသိန်း)ကို စေတနာ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းခဲ့သော **ကမ္ဘောဇဘဏ်လီမိတက်** မှ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်ခဲ့သော ကုမ္ပဏီများအနက် **“ပထမ”** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူ ဝမ်းမြောက်ရပါသည်။

ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအုပ်စုအနေဖြင့် လုပ်ငန်းများတိုးတက် အောင်မြင်၍ ဘာသာ၊ သာသနာအကျိုးနှင့် နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပိုမိုသယ်ပိုး ထမ်းဆောင် နိုင်ပြီး မြန်မာပြည်သူ ပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ဆုတောင်းမေတ္တာပို့သ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**သိမ်တောင်ပရိယတ္တိစာသင်တိုက်ဆရာတော် ဦးတေဇဝန္တ**
**သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်တောင်ပိုင်း**

# ထပ်ဆင့်ဝမ်းမြောက်အနုမောဒနာပြုခြင်း

သာသနာတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေရန်ရည်သန်၍ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် အဝီစိစက်ရေတွင်းကြီး (၂)တွင်း၊ ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများအတွက် အအေးဒဏ်ကာကွယ်နိုင်ရန် ခေါင်းစွပ်အနွေးထည်များနှင့် ဆန်အိတ်များကို စေတနာသဒ္ဓါတရား ထက်သန်စွာ လှူဒါန်းခဲ့သော **ကမ္ဘောဇဘဏ်လီမိတက်** မှ ၂၀၁၆–၂၀၁၇ အခွန်စည်းကြပ်နှစ် အတွက် တစ်နိုင်ငံလုံးတွင် **“ပထမ”** နေရာမှ (၆)နှစ်ဆက် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါသည်။

ကမ္ဘောဇဘဏ်၊ ကမ္ဘောဇအုပ်စုအနေဖြင့် လုပ်ငန်းများတိုးတက်အောင်မြင်၍ ဘာသာ၊ သာသနာအကျိုးနှင့် နိုင်ငံ့အကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပိုမိုသယ်ပိုး ထမ်းဆောင်နိုင်ပြီး မြန်မာပြည်သူ ပြည်သားများ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရ ရပ်တည်နိုင်ပါစေကြောင်း ဝမ်းမြောက်ဝမ်းသာစွာ ဆုတောင်းမေတ္တာပို့သ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**ဘဒ္ဒန္တရာဇိန္ဒသိရီ (သာသနာ့ဓမ္မာစရိယ)**
**အဂ္ဂမဟာပရဟိတဓရနှင့်တပည့်များ**
**နောင်တောင်းပရဟိတတပ်ဦးဘုန်းတော်ကြီးပညာရေးကျောင်း**

# KBZ Bank Women's League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၅) နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ ဇွဲကပင်အသင်းနှင့် YREO အသင်းတို့ နှစ်ဂိုးစီ သရေကျခဲ့သည်။

ခြေစွမ်းတက်လာသည့် YREO အသင်း ကစားပုံကြောင့် ဇွဲကပင်အသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး သရေတစ်မှတ်သာ ရယူနိုင်ခဲ့သည်။ YREO အသင်းသည် ဦးဆောင်ဂိုးများ နှစ်ကြိမ်တိုင်တိုင် သွင်းယူနိုင်ခဲ့သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ခဲ့၍ နိုင်ပွဲပျောက်ဆုံးခဲ့ရခြင်းဖြစ်သည်။ YREO အသင်းအတွက် ဂိုးများကို ၁၄ မိနစ်တွင် မြတ်နိုးခင်၊ ၃၂ မိနစ်တွင် ဇင်မာထွေးတို့က သွင်းယူခဲ့ပြီး ဇွဲကပင်အသင်းအတွက် ချေပဂိုးများကို ၂၈ မိနစ်တွင် စန်းသော်သော်၊ ၄၅ မိနစ်တွင် ဇင်မာထွန်းတို့က သွင်းယူခဲ့သည်။ ပွဲစဉ် (၅) အပြီးတွင် သစ္စာအားမာန်နှင့် မြဝတီအသင်းတို့က ၁၃ မှတ်စီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက ကိုးမှတ်၊ YREO အသင်းက ရှစ်မှတ်၊ ဇွဲကပင်အသင်း က ခုနစ်မှတ်၊ အား/ကာသိပ္ပံအသင်းက လေးမှတ်၊ ဂန္ဓမာနှင့် တက္ကသိုလ်အသင်းတို့က တစ်မှတ်စီရထားသည်။

**ဖိုးသော်ဇင်**



မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။

❐ *ကျောဖုံးမှ*

အဆင့် (၆) နေရာတွင် ရပ်တည်နေသည်။ ပြိုင်ပွဲဒုတိယနေ့အပြီးတွင် ထိပ်ဆုံး ၆၅ ဦးအား Cut လုပ်ခဲ့ရာ မြန်မာဂေါက်သီးကစားသမားများဖြစ်သည့် ရဲထက်အောင်၊ နိုင်နိုင်လင်းနှင့် ဇော်ဇော်လတ်တို့ ပါဝင်ခဲ့ပြီး လက်ကျန်ပွဲများတွင် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။

ပြိုင်ပွဲကို ဂေါက်သီးအားကစားဝါသနာရှင်များ အခမဲ့ကြည့်ရှုအားပေးနိုင်ပြီး ရုပ်သံမှလည်း တစ်ရက်လျှင် လေးနာရီနှုန်းဖြင့် နေ့စဉ်ပြသမည်ဖြစ်ကာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂၀ ကျော်မှ တိုက်ရိုက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ပြိုင်ပွဲ တတိယနေ့ကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းမှစ၍ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို Title Sponsor အဖြစ် Leopalace 21 က ပံ့ပိုးကူညီထားပြီး Silver Sponsor အဖြစ် Myanmar Premium၊ Bronze Sponsor အဖြစ် ABC Mart၊ Mizuho Bank, Mynavi, Kaga Electronics, SECOM, KBZ Bank၊ Copper Sponsor အဖြစ် KDDI, Sumitomo Mitsui Construction Co., Ltd. နှင့် အခြား Sponsor များအဖြစ် Alpine Purufied Drinking Water & Srixon တို့က ပံ့ပိုးကူညီထားသည်။ ထို့ပြင် Host Venue အဖြစ် Pun Hlaing Golf Club၊ Offical Hotel အဖြစ် Novotal Yangon Max တို့က ကူညီဆောင်ရွက်ပေးထားပြီး Event Managed အဖြစ် Xan Destiny Group က တာဝန်ယူကျင်းပနေခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ယနေ့ စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃)ကို ဇန်နဝါရီ ၂၇ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး အသင်းကြီးအချင်းချင်းတွေ့ဆုံမှု မရှိသော်လည်း ခြေစွမ်းမာသည့်အသင်းများနှင့် တွေ့ဆုံနေသောကြောင့် အနိုင်ရရန် ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။

ပွဲစဉ် (၃) အဖြစ် ဇန်နဝါရီ ၂၇ ရက် **(ယနေ့)** တွင် အောင်ဆန်းကွင်း၌ GFA အသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ရော်ဝတီအသင်းနှင့် ရခိုင်အသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် မကွေးအသင်း၊ ဇန်နဝါရီ ၂၈ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက် အသင်းနှင့် ဟံသာဝတီအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရန်ကုန်အသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၂) အပြီးတွင် ရတနာပုံနှင့် ရန်ကုန်အသင်းတို့က ခြောက်မှတ်စီ၊ GFA နှင့် ရတနာပုံအသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီအသင်းက သုံးမှတ်၊ Southern အသင်းက နှစ်မှတ်၊ မကွေး၊ စစ်ကိုင်း၊ ရခိုင်၊ ဇွဲကပင်၊ ရော်ဝတီနှင့် မြဝတီအသင်းတို့က တစ်မှတ်စီရထားသည်။ ရတနာပုံအသင်းသည် တတိယနေရာမှ GFA အသင်းနှင့် တွေ့ဆုံနေသောကြောင့် ရုန်းကန်ရမည်ဖြစ်ပြီး ရန်ကုန်အသင်းမှာလည်း အဝေးကွင်းတွင် နိုင်ပွဲဆက်နိုင်ရန် ခက်ခက်ခဲခဲကြိုးစားရမည်ဖြစ်သည်။ မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ယခုရာသီတွင် လအလိုက် အကောင်းဆုံးဆုများ ချီးမြှင့်မည်ဖြစ်ပြီး နှစ်ပွဲဆက်အနိုင်ရထားသည့် ရတနာပုံနှင့် ရန်ကုန်အသင်းအတွက် ယခုပွဲရလဒ်မှာ အရေးပါလျက်ရှိသည်။ **ညီမြတ်သော်တာ**

# ပြည်မြို့ စာပေချစ်သူများဦးဆောင်ကာ စာအုပ်လမ်းဖွင့်လှစ်

**ပြည် ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့စာပေချစ်သူများ ဦးဆောင်ကျင်းပသော ပြည်မြို့၏ အကြီးဆုံးစာအုပ်လမ်းကို ဇန်နဝါရီလ ၂၆ရက် မှ ၂၈ ရက်အထိ ဗိုလ်ချုပ်လမ်း ပလက်ဖောင်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ ဘူတာရှေ့၌ နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ကျင်းပရာ စာပေဝါသနာရှင်များနှင့် စာပေချစ်မြတ်နိုးသူများ လာရောက်ကြည့်ရှုဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း (ပြည်)**



# မန္တလေး၌ ငွေကျပ် သိန်းပေါင်း ၅၈၀၀ ကျော်ခန့်တန်ဖိုးရှိ ရတနာပစ္စည်းများ လုယူသူများအနက် တစ်ဦးဖမ်းမိ

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးမြို့ အောင်ပင်လယ်နယ်မြေရဲစခန်းနယ်မြေ၌ ဖြစ်ပွားခဲ့သော လက်နက်များကိုင်ဆောင်၍ ငွေကျပ် သိန်းပေါင်း ၅၈၀၀ ကျော်ခန့်တန်ဖိုးရှိ ရတနာပစ္စည်းများကို လုယူသွားသူများအနက် ပူးပေါင်းကြံစည်သူတစ်ဦးအား ဇန်နဝါရီ ၂၄ ရက် ညနေ ၆ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ် (၃) ရပ်ကွက်နေ မျိုးသက်(ခ)ဟာနက် (၃၈နှစ်)ပါငါးဦးသည် ခင်မင်ရင်းနှီးသူ ဖြိုးမောင်မောင်(စိစစ်ဆဲ)၏ ဖုန်းဖြင့် ဆက်သွယ်ပေးမှုအရ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် (၄၇၊ ၄၈)လမ်းကြား ခိုင်ရွှေဝါလမ်းနေသူ ကိုထွန်း(စိစစ်ဆဲ)၏ နေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ ကိုထွန်းက ၎င်းတို့ငါးဦးအား ဧည့်ခန်းတွင်ခေတ္တစောင့်ခိုင်းထားပြီး သူဌေးအား သွားခေါ်မည်ဟုဆိုကာ ထွက်သွားစဉ် အခန်းအတွင်းမှ လူလေးဦး(စိစစ်ဆဲ) ထွက်လာပြီး ၎င်းတို့ငါးဦးအား တုတ်/ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်ကာ ကျောက်စိမ်းဖြတ်စတစ်စ၊ ရွှေကပ်တစ်ခု၊ လက်ကိုင်ဖုန်းခြောက်လုံးနှင့် ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၅၈၀၀ ကျော်ခန့် တန်ဖိုးရှိ ပစ္စည်းများအားလုယူကာ ဟွန်ဒါဖစ်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်ကြောင့် မျိုးသက်(ခ)ဟာနက်ပါနှစ်ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဖြိုးမောင်မောင်၊ ကိုထွန်းနှင့် အမည်မသိအမျိုးသားလေးဦး (စိစစ်ဆဲ)တို့အား အောင်ပင်လယ်နယ်မြေရဲစခန်းမှ အမှုဖွင့်စုံစမ်းခဲ့ရာ မဟာအောင်မြေမြို့နယ် ၃၅လမ်း၊ ၇၆၊ ၇၇ လမ်းကြားနေသူ ဖြိုးမောင်မောင်အား ဖမ်းဆီးရမိခဲ့ပြီး ကျန်ရှိနေသောပြစ်မှုကျူးလွန်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**



ဖြိုးမောင်မောင်

## နိုင်ငံတကာသတင်း

# တောင်ကိုရီးယား၌ ဆေးရုံတစ်ရုံမီးလောင်မှု၌ သေဆုံးသူ ၃၃ ဦးထိမြင့်တက်လာ



**ဆိုးလ် ဇန်နဝါရီ ၂၆**

တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်း မယ်လ်ရန်မြို့ရှိ ဦးနှောက်နှင့် အာရုံကြောရောဂါများ လက်ခံကုသပေးနေသည့် ဆေးရုံတစ်ရုံ ဇန်နဝါရီ ၂၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ယခု အချိန်အထိ သေဆုံးသူဦးရေ ၃၃ဦးထိ မြင့်တက်လာကြောင်း မီးသတ်အာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းသတင်းများတွင် ဖော်ပြခဲ့သည်။

မီးလောင်မှုသည် တောင်ဂျီဆန်းပြည်နယ် မီရန်မြို့ရှိ ဆီဂျွန်ဆေးရုံ၏ ပထမထပ်ရှိ အရေးပေါ်အခန်းမှ ဒေသစံတော်ချိန် နံနက် ၇ ခွဲတွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် အနည်းဆုံး ၃၃ဦးသေဆုံးခဲ့ပြီး အခြား ၁၀ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ကယ်ဆယ်ရေး လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူဦးရေ မြင့်တက်လာနိုင်ကြောင်း သိရသည်။

အဆိုပါဆေးရုံသည် မြို့တော် ဆိုးလ်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၉၀ အကွာခန့်တွင် တည်ရှိကြောင်းသိရပြီး မီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါဆေးရုံ၌ လူနာပေါင်း ၁၀၀ ခန့် တက်ရောက်ကုသနေကြောင်း သိရသည်။ ဆေးရုံမီးလောင်မှုကြောင့် ယင်းနှင့်ကပ်လျက်ရှိ စောင့်ရှောက်ရေးဂေဟာမှ လူနာပေါင်း ၉၃ ဦးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း ပြည်တွင်းသတင်းများတွင် ဆက်လက်ဖော်ပြထားသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ဝါရင့်ဝန်ကြီးများအား အရေးပေါ်အစည်းအဝေးတစ်ခု ခေါ်ယူခဲ့ပြီး မီးလောင်မှုအပေါ် စေ့စပ်စွာတုံ့ပြန်ဆောင်ရွက်ရန် ညွှန်ကြားခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ရေးအတွက် သမ္မတအိမ်ပြာတော်က အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲရေးစင်တာကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ဆူဒန်၌ အပစ်အခတ်ရပ်စဲရေး တည်မြဲမှုမရှိကြောင်း ကုလသမဂ္ဂပြော

**ဂျီနီဗာ ဇန်နဝါရီ ၂၆**

အာဖရိကနိုင်ငံအတွင်းရှိ လူသားချင်းစာနာထောက်ထားမှုအခြေအနေများသည် ဆက်လက်ယိုယွင်းလျက်ရှိရာ ကုလသမဂ္ဂအာဏာပိုင်တစ်ဦးက တောင်ဆူဒန်တွင် ထုတ်ပြန်ကြေညာခဲ့သည့် တစ်လသက်တမ်းရှိ အပစ်အခတ်ရပ်စဲရေးမှာ တည်မြဲမှုမရှိဟု သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

တောင်ဆူဒန်ရှိ ပူးတွဲစစ်ရေးစီမံထိန်းချုပ်မှုနှင့် ကော်မရှင်ကိုဦးဆောင်နေသည့် ဖက်စတပ်စ်မိုဂေးသည် ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့သည့်ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတွင် ထိုသို့ပြောဆိုခဲ့ခြင်း ဖြစ်သည်။

အစိုးရနှင့်အတိုက်အခံ အင်အားစုများကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုသည် ပြီးခဲ့သည့်ဒီဇင်ဘာ ၂၄ ရက်က စတင်သက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် မိုဂေးကအပစ်ရပ်စဲရေးသဘောတူညီမှုသည် ဆူပူသောင်းကျန်းမှုအလုံးစုံကို လျှော့ချရာတွင်ကောင်းစွာထိရောက်မှုရှိလိမ့်မည်ဟု ၎င်းအနေဖြင့် ယုံကြည်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သို့သော် သဘောတူညီမှု ပြုလုပ်ခဲ့ပြီးနောက်ပိုင်းတွင် အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်မှုများစွာရှိကြောင်း အကြောင်းကြားမှုများရရှိခဲ့သည်နှင့် ပတ်သက်၍ စိတ်မသက်မသာဖြစ်ရကြောင်း၊ အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုက ဒုက္ခသည်များကိုပိုမိုများပြားလာစေပြီး ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့အပေါ်တွင် ပြည်သူတို့၏ အယုံအကြည်ကင်းမဲ့လာနိုင်သည့်အတွက် စိုးရိမ်ကြောင်း ဖော်ပြခဲ့သည်။

အစည်းအဝေး၌ စကားပြောဆိုကြရာတွင် ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ်နစ်ကီဟာလေက တောင်ဆူဒန်ရှိ ပြည်သူများကိုအကူအညီပေးရန်အတွက် အကူညီပေးလုပ်သားများအနေဖြင့် အခကြေးငွေကြီးမြင့်စွာ ပေးနေရကြောင်းပြောကြားခဲ့သည်။

ထိုသို့ အခကြေးငွေကြီးမြင့်မှုက ကာလဝမ်းရောဂါဖြစ်ပွားနေသည့် တောင်ဆူဒန်၌ သန့်ရှင်းသည့်သောက်သုံးရေကို ပေးအပ်ရန်သုံးစွဲသင့်သည့် ငွေကြေးအမေရိကန်ဒေါ်လာ ၇ဒသမ ၆ သန်းကို ကုန်ကျစေခဲ့ကြောင်းနစ်ကီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဆရာဝန်တစ်ဦးကို တရားရုံးက ထောင်ဒဏ် ၁၇၅ နှစ်ချမှတ်

**ဝါရှင်တန် ဇန်နဝါရီ ၂၆**

အမေရိကန်နိုင်ငံ ကျွမ်းဘားအားကစားအသင်း ဆရာဝန်ဟောင်း နာဆာသည် ဆရာဝန်လုပ်ငန်းများဆောင်ရွက်စဉ်အတွင်း ဆရာဝန်အမည်ခံဖြင့် လူပေါင်း ၁၀၀ ကျော်ကို အလိုမတူဘဲ ဇနီးမယားအဖြစ် ပြုကျင့်ခဲ့ရာ မီချီဂန်ပြည်နယ်မြို့တော် တရားရုံးမှ တရားသူကြီးက ၎င်းအား ထောင်ဒဏ် ၁၇၅ နှစ်ကျခံရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အလိုမတူဘဲ ဇနီးမယားအဖြစ် ပြုကျင့်ခံရသူအများစုမှာ အသက်မပြည့်သေးသည့် ကလေးသူငယ်များဖြစ်ကြောင်း သိရသည်။ ၎င်းသည် ပြစ်မှုကျူးလွန်ရန် အစီအစဉ်ကျနစွာပြင်ဆင်သူတစ်ဦးဖြစ်ပြီး လွန်စွာရက်စက်ကြောက်မက်ဖွယ်ကောင်းသူတစ်ဦးဖြစ်ကြောင်း သိရသည်။

၎င်း၏အမှုကို တစ်ပတ်ကျော်ကြာ စစ်ဆေးခဲ့ရပြီး အမှုစစ်ဆေးနေစဉ်အတွင်း မုဒိမ်းကျင့်ခံရသူပေါင်း ၁၀၀ ကျော်က သက်သေထွက်ဆိုခဲ့ကြောင်း သိရသည်။

သက်သေထွက်ဆိုချက်များက မိမိအား လွန်စွာတုန်လှုပ်စေပြီး မိမိ၏အပြစ်များအပေါ် နောင်တရမှုကိုတောင် မပြောကြားနိုင်တော့ကြောင်း၊ နောက်ထပ်မိမိအနေဖြင့် စစ်ဆေးမှုများကို ခံယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### အိန္ဒိယအလယ်ပိုင်းတွင် နာဆယ်သူပုန်များနှင့် သေနတ်ပစ်ခတ်မှုဖြစ်ပွား

**နယူးဒေလီ ဇန်နဝါရီ ၂၆**

အိန္ဒိယနိုင်ငံအလယ်ပိုင်း ချက်တီဂါပြည်နယ်တွင် နာဆယ်သူပုန်များနှင့် ယမန်နေ့ကဖြစ်ပွားခဲ့သော လက်နက်ကိုင်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် လေးဦးထက် မနည်းသေဆုံးခဲ့ပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောခဲ့သည်။

ချက်တီဂါပြည်နယ်မြို့တော် ရိုင်ပူရ်မြို့တောင်ဘက် ကီလိုမီတာ ၂၆၀ အကွာခန့်ရှိ နာရာရန်ပူရ်ခရိုင် ဒူဒိုင်ကျေးရွာတွင် နာဆယ်သူပုန်များနှင့် ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုတွင် လက်ထောက်စုံစမ်းစစ်ဆေးရေးမှူးနှစ်ဦးအပါအဝင် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့က ခရိုင်အတွင်းရှိ အီရာပါနာသစ်တောကို အတားအဆီးများဖြင့် ပိတ်ဆို့နေစဉ် နာဆယ်သူပုန်များနှင့် အပြန်အလှန်သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဒဏ်ရာရရှိသည့် ရဲတပ်ဖွဲ့ဝင်များကို ရိုင်ပူရ်မြို့ရှိ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ယခုလတ်တလောအချိန်အထိ ထပ်မံသေဆုံးသူမရှိသေးကြောင်း သိရသည်။

လတ်တလောတွင် နာဆယ်သူပုန်များသည် အိန္ဒိယနိုင်ငံ အလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ ခရိုင်ပေါင်း ၆၀၀၏ သုံးပုံတစ်ပုံကျော်တွင် လှုပ်ရှားလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# နယ်စပ်တံတိုင်းကာရံဖို့ ထရန့်ရဲ့ စိတ်ကူးတွေ အကောင်အထည်ပေါ်ပါ့မလား

**တင်လင်းအောင်**



စိတ်ကူးယဉ်အိပ်မက်သမားတွေလို့ အသိအမှတ်ပြုထားတဲ့ ငယ်ရွယ်တဲ့ တရားမဝင်ရွှေ့ပြောင်းအခြေချသူများနဲ့ပတ်သက်ပြီး ပြင်းထန်တဲ့ အငြင်းပွားမှုတွေ အထက်လွှတ်တော်မှာ ဖြစ်နေချိန်မှာ ဒီမိုကရက်တွေက အမေရိကန်သမ္မတဒေါ်နယ်ထရန့်ရဲ့နယ်စပ်တံတိုင်းကာရံဖို့ ဘဏ္ဍာငွေထောက်ပံ့မယ့် ကမ်းလှမ်းချက်ကို ဇန်နဝါရီ ၂၄ ရက်က ပြန်လည်ရုပ်သိမ်းလိုက်တယ်လို့ ဆိုပါတယ်။

လူဝင်မှုကြီးကြပ်ရေးနဲ့ ပတ်သက်ပြီး အငြင်းအခုံဖြစ်ခဲ့တဲ့ အစိုးရယန္တရားရပ်ဆိုင်းမှုအဆုံးသတ်ပြီးနောက်တစ်နေ့မှာ အထက်လွှတ်တော် ဒီမိုကရက်တစ်ခေါင်းဆောင် ချက်ခ်စကူးမားက သူ့အနေနဲ့ နယ်စပ်တံတိုင်းကာရံဖို့ ဘဏ္ဍာငွေထောက်ပံ့မယ့် ကမ်းလှမ်းချက်ကိုရုပ်သိမ်းလိုက်တယ်လို့ ပြောခဲ့ပါတယ်။ ဘာလို့အဲဒီလိုရုပ်သိမ်းလိုက်တာလဲဆိုရင် ထရန့်ဟာ သောကြာနေ့က ဆွေးနွေးခဲ့တဲ့ သဘောတူညီချက်ပါအချက်တွေကို လိုက်နာရန် ပျက်ကွက်လို့ပဲဖြစ်ပါတယ်လို့ သူက ဆက်ပြီးပြောခဲ့ပါတယ်။

“အခုဆိုရင်တော့ ကျွန်တော်တို့ဟာ အခြေခံအချက်သစ်တွေကို စတင်ဆွေးနွေးတော့မှာဖြစ်ပါတယ်၊ နယ်စပ်တံတိုင်းကာရံဖို့ ဘဏ္ဍာငွေထောက်ပံ့မယ့် ကမ်းလှမ်းချက်ကတော့ ဆွေးနွေးဖို့မဖြစ်နိုင်တော့ပါဘူး” လို့စကူးမားက သတင်းထောက်တွေကို ပြောခဲ့ပါတယ်။ နယ်စပ်တံတိုင်းကာရံဖို့ ဘဏ္ဍာငွေထောက်ပံ့မယ့် ကမ်းလှမ်းချက်ကို တနင်္ဂနွေနေ့က ရုပ်သိမ်းလိုက်ပါတယ်လို့ အမေရိကန်လက်ထောက်အရာရှိတစ်ဦးက ပြောခဲ့ပါတယ်။

ဇန်နဝါရီ ၂၄ ရက်နှောင်းပိုင်းက ထရန့်က လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့တွစ်တာမှာ “ချက်ခ်စကူးမားကဒါကို အပြည့်အဝနားလည်ပါတယ်၊ အထူးသဖြင့် သူ့ရဲ့ဂုဏ်သိက္ခာပျက်ပြားစေတဲ့ အနိုင်ရရှိမှုအပြီးမှာပေါ့၊ တံတိုင်းမရှိဘူးဆိုရင် DACA (ဒါကာ) ဆိုတာရှိလာမှာ မဟုတ်ပါဘူး၊ ကျွန်တော်တို့အနေနဲ့ လုံခြုံစိတ်ချရမှုရှိကိုရှိရမယ်၊ အင်အားတောင့်တင်းတဲ့ တပ်မတော်နဲ့အတူပေါ့၊ ကျွန်တော်တို့ရဲ့ ကြီးမြတ်တဲ့ ပြည်သူ တွေအတွက်ပေါ့” လို့ ရေးသားခဲ့ပါတယ်။

အောက်လွှတ်တော်မှာရှိတဲ့ ရီပတ်ဘလစ်ကန်တွေအနေနဲ့ တရားရေးကော်မတီ ဥက္ကဋ္ဌဘော့ဘ်ဂွတ်ဒ်လိတ်ရေးသားထားတဲ့ တင်းကျပ်တဲ့ လူဝင်မှုကြီးကြပ်ရေး ဥပဒေကြမ်းကို ဆက်လက်လုပ်ဆောင်မယ့်အခြေအနေကို စိုးရိမ်နေတယ်လို့ ဇန်နဝါရီ ၂၄ ရက်က The Congressional Hispanic Caucus က ပြောခဲ့ပါတယ်။

အောက်လွှတ်တော်ရဲ့ ဆောင်ရွက်ချက်ဟာ စိတ်ကူးယဉ်အိပ်မက်သမားတွေကို နိုင်ငံသားအဖြစ်ထည့်သွင်းပေးမယ့်အစား သူတို့ရဲ့တရားဝင်အခြေအနေတွေကို သုံးနှစ်တာကာလအတွက် အသစ်ပြန်လုပ်ခိုင်းမှာဖြစ်ပါတယ်။ ထို့အတူ အမေရိကန်နယ်စပ်မှာ အေးဂျင့်ပေါင်း ၁၀၀၀၀ ကျော်ကိုလည်း ငှားရမ်းချထားမှာဖြစ်ပြီး တစ်ချိန်တည်းမှာပဲ ဗီဇာထုတ်ပေးမယ့် အစီအစဉ်တွေကိုလည်း ပိတ်သိမ်းပြီး တစ်ဖက်ကလည်း နိုင်ငံအတွင်း တရားမဝင်ရောက်လာမယ့် ရွှေ့ပြောင်းအခြေချသူတွေကို လိုက်လံရှာဖွေဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ရီပတ်ဘလစ်ကန်ပါတီမှ အမေရိကန်နိုင်ငံရဲ့ သမ္မတဖြစ်လာသူ ဒေါ်နယ်ထရန့်က တရားမဝင်ရွှေ့ပြောင်းအခြေချသူတွေကို ကာကွယ်ဖို့ ၂၀၁၆ခုနှစ်ရွေးကောက်ပွဲလှုပ်ရှားမှုအတွင်း မက္ကဆီကိုအနေနဲ့ အမေရိကန်ပြည်ထောင်စုအနောက်တောင်ဘက် နယ်စပ်တစ်လျှောက် တံတိုင်းကာရံမယ့် ကုန်ကျစရိတ်တွေကို ပေးမယ်လို့ ထင်ရသော်လည်း တကယ့်အခြေအနေမှာတော့ မက္ကဆီကိုက အဲဒီစိတ်ကူးကို ပယ်ချခဲ့တယ်လို့ ပြောခဲ့ပါတယ်။

အဲဒီလိုမက္ကဆီကိုဘက်က ပယ်ချခဲ့တဲ့အတွက် အကျိုးရလဒ်က ဘာတွေလဲဆိုရင် အမေရိကန်သမ္မတအနေနဲ့ အဆိုပါနယ်စပ်တံတိုင်းကာရံဖို့အတွက် အခွန်ထမ်းတွေကိုအခွန်တွေပေးဖို့ လွှတ်တော် (ကွန်ဂရက်) ကို ဖိအားတွေပေးခဲ့ရပါတယ်။ နယ်စပ်တံတိုင်းကာရံဖို့အတွက် ခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံဖြစ်ပါတယ်။

နယ်စပ်တံတိုင်းကာရံဖို့ကိစ္စထက် ပိုမိုအရေးကြီးတဲ့ ကိစ္စရပ်တွေရှိတယ်ဆိုပြီး ဒီမိုကရက်တွေနဲ့ ရီပတ်ဘလစ်ကန်တွေဟာ တစ်ဖက်နဲ့တစ်ဖက် အကြိတ်အနယ်အငြင်းပွားမှုတွေရှိခဲ့ပါတယ်။ နယ်စပ်တံတိုင်းကာရံဖို့ကိစ္စထက် ပိုမိုအရေးကြီးတဲ့ ကိစ္စရပ်တွေရှိတယ်ဆိုတဲ့ အဆိုပြုချက်ဟာ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုတွေလုပ်ဖို့ အရေးကြီးတဲ့အချက်ဖြစ်လာခဲ့ပါတယ်။ အဲလိုတစ်ဖက်နဲ့တစ်ဖက် အကျေအလည်ဆွေးနွေးရင်းနဲ့ပဲ ပိုမိုရှုပ်ထွေးလာပြီး ညှိနှိုင်းမရဖြစ်ကာ နောက်ဆုံးမှာ အစိုးရယန္တရားရပ်ဆိုင်းခဲ့ရတဲ့အထိ ဖြစ်လာပါတယ်။

အထက်လွှတ်တော် အမတ်တစ်ဦးဖြစ်တဲ့ ဒီမိုကရက်တစ်ပါတီမှ ဒစ်ဒါဘင်ကို စကူးမားက အမေရိကန်သမ္မတဒေါ်နယ်ထရန့်ရဲ့ နယ်စပ်တံတိုင်းကာရံဖို့ ၂၅ ဘီလီယံ ခွင့်ပြုပေးနိုင်မှုနဲ့ ပတ်သက်ပြီး သဘောထားကွဲလွဲမှုရှိ မရှိနဲ့ ပတ်သက်ပြီး သတင်းထောက်တစ်ဦးက မေးမြန်းရာမှာ ဒစ်ဒါဘင်က ညှိနှိုင်းဆွေးနွေးမှုအခြေအနေပေါ်မူတည်ပြီး ဆောင်ရွက်မှာဖြစ်ပါတယ်လို့ ပြောခဲ့ပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကလေးငယ်တွေဝင်ရောက်မှုကို လိုက်လျောခြင်း (ဒါကာ) အစီအစဉ်ကို ရပ်တန့်အဆုံးသတ်လိုက်ပြီလို့ စက်တင်ဘာလမှာကြေညာပြီးတဲ့နောက် ဒီမိုကရက်တွေက ၇၀၀၀၀၀ လောက်ရှိတဲ့ ငယ်ရွယ်တဲ့ စိတ်ကူးယဉ် အိပ်မက်သမားလေးတွေကို ကာကွယ်ပေးဖို့ အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဒါကာအစီအစဉ်ကို နောင်တော်ဖြစ်တဲ့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ၂၀၁၂ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပါတယ်။

အဲဒီအစီအစဉ်ကြောင့် အရည်အချင်းပြည့်မီတဲ့ စိတ်ကူးယဉ်အိပ်မက်သမားလေးတွေကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ကလေးငယ်တွေအဖြစ် အမေရိကန်ပြည်ထောင်စုကို တရားမဝင်ဝင်ရောက်လာပြီးတော့ အမေရိကန်ပြည်ထောင်စုမှာပဲ ကျောင်းတက် အလုပ်လုပ်ပိုင်ခွင့်ကို အဲဒီဒါကာအစီအစဉ်က ပေးပါတယ်။

အထက်လွှတ်တော် အမတ်တစ်ဦးဖြစ်တဲ့ ရီပတ်ဘလစ်ကန်ပါတီမှ ဂျွန်ကွန်းကတော့ စကူးမားကို နယ်စပ်တံတိုင်းကာရံဖို့ ဘဏ္ဍာငွေထောက်ပံ့မယ့် ကမ်းလှမ်းချက်ကို ပြန်လည်ရုပ်သိမ်းလိုက်တာနဲ့ ပတ်သက်ပြီး ပြစ်တင်ဝေဖန်မှုတွေ လုပ်ခဲ့ပါတယ်။ ဒါဟာ ဒါကာဆွေးနွေးမှုကို နောက်ပြန်လှည့်စေပါတယ်လို့ သူက သတင်းထောက်တွေကို ပြောခဲ့ပါတယ်။

ငယ်ရွယ်တဲ့ စိတ်ကူးယဉ်အိပ်မက်သမားလေးတွေကို ပြည်နှင်ဒဏ်ပေးမှုဆိုတဲ့ ခြိမ်းခြောက်မှုမှ ကယ်တင်ဖို့နဲ့ သူတို့ကို အမြဲကာကွယ်မှုပေးသွားဖို့အရေးကွန်းနဲ့ ဒါဘင်တို့က လွှတ်တော်မှာ ဆွေးနွေးနေကြပါတယ်။

ဖေဖော်ဝါရီ ၈ ရက်အထိ အစိုးရယန္တရားလည်ပတ်ရန် ဘဏ္ဍာငွေအသုံးစရိတ်ထောက်ပံ့မည်ဟူသော ညှိနှိုင်းမှုဖြင့် ၂၀၁၃ခုနှစ်မှစကာ ပထမဆုံးဖြစ်ပွားခဲ့တဲ့ သုံးရက်ကြာ အမေရိကန်အစိုးရယန္တရားရပ်ဆိုင်းမှု အဆုံးသတ်ဖို့ တနင်္လာနေ့က သဘောတူခဲ့ပါတယ်။ အထက်လွှတ်တော်မှ ဒီမိုကရက်အမတ်တွေဟာ အထက်လွှတ်တော်မှာ သြဇာတိက္ကမရှိတဲ့ မစ်ချ်မက်ကွန်နဲလ်ထံက ကတိတစ်ခုကိုလည်း ရခဲ့ပါတယ်။ အဲဒါက တခြားတော့ မဟုတ်ပါဘူး။ ဒီမိုကရက် အများစု မျှော်လင့်နေတဲ့ လူဝင်မှုကြီးကြပ်ရေးဆွေးနွေးမှုတွေ လုပ်ဆောင်မယ် ဆိုတာပဲဖြစ်ပါတယ်။ ဒါဟာတစ်ဖက်နဲ့ တစ်ဖက်ညှိနှိုင်းမှုမှ ရလာတဲ့ရလဒ်ပဲ ဖြစ်ပါတယ်။

အဲဒီလို သဘောတူညီမှုကတိကဝတ်မျိုးအခုအခြေအနေမှာ အောက်လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ ရီပတ်ဘလစ်ကန်ပါတီဝင် ပေါရန်ထံမှ လိုအပ်နေတယ်လို့ ဒါဘင်က ပြောခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ငယ်ရွယ်တဲ့ စိတ်ကူးယဉ်အိပ်မက်သမားလေးတွေနဲ့သက်ဆိုင်တဲ့ ဥပဒေမူကြမ်းဟာ သူ့လက်ထဲမှာ ရှိပြီးတော့ ခဲရာခဲဆစ်နဲ့ အထက်လွှတ်တော်ကို ရောက်ဖို့အရေး သူ့ရဲ့ ခွင့်ပြုချက် လိုအပ်လို့ပဲ ဖြစ်ပါတယ်။

ဒါဘင်နဲ့ ရီပတ်ဘလစ်ကန် အထက် လွှတ်တော်အမတ် ဖြစ်သူ လင်ဆေးဂရာဟမ်တို့ ကမကထလုပ်ထားတဲ့ ပြဿနာများကို ပြေလည်စေမယ့် ပါတီနှစ်ခုနဲ့ သက်ဆိုင်တဲ့ အဲဒီဥပဒေကြမ်းကို အိမ်ဖြူတော်က ဇန်နဝါရီ ၂၄ ရက်က ပယ်ချခဲ့ပါတယ်။

အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဆာရာဆန်ဒါက အဲဒီအဆိုပြုချက်ဟာ သမ္မတဒေါ်နယ်ထရန့်အတွက် လုံးဝကို လက်မခံနိုင်တဲ့ ကိစ္စဖြစ်တယ်လို့ပြောခဲ့ပါတယ်။ အမေရိကန်သမ္မတထရန့် ကိုယ်တိုင်က လူဝင်မှုကြီးကြပ်ရေးကိစ္စနဲ့ ပတ်သက်ပြီး ဝေခွဲမရဖြစ်နေပါတယ်။

နယ်စပ်တံတိုင်းကာရံဖို့အရေးကလည်းတစ်ဖက်၊ စိတ်ကူးယဉ်အိပ်မက်သမားလေးတွေအတွက် ကာကွယ်ပေးမယ့် ဥပဒေကြမ်းကတစ်ဖက်နဲ့၊ ဘယ်လို လုပ်ရင်ကောင်းမလဲဆိုတာနဲ့ ပတ်သက်ပြီး အဖြေရှာရဦးမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား - ရိုက်တာ**

> **“အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကလေးငယ်တွေဝင်ရောက်မှုကို လိုက်လျောခြင်း (ဒါကာ) အစီအစဉ်ကို ရပ်တန့်အဆုံးသတ်လိုက်ပြီလို့ စက်တင်ဘာလမှာကြေညာပြီးတဲ့နောက် ဒီမိုကရက်တွေက ၇၀၀၀၀၀ လောက်ရှိတဲ့ ငယ်ရွယ်တဲ့ စိတ်ကူးယဉ် အိပ်မက်သမားလေးတွေကို ကာကွယ်ပေးဖို့ အားကြိုးမာန်တက်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီဒါကာအစီအစဉ်ကို နောင်တော်ဖြစ်တဲ့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ၂၀၁၂ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပါတယ်”**

# သင်ကြားရေးအထောက်အကူပြု ပစ္စည်းအဖြစ် SMART TV အလုံး ၁၀၀ လှူဒါန်း



**နေပြည်တော် ဇန်နဝါရီ ၂၆**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအောက်ရှိ မန္တလေးနည်းပညာကုမ္ပဏီ၏ ဦးဆောင်မှုဖြင့် အလှူရှင် ၁၆ ဦးတို့က အခြေခံပညာကျောင်းများ၌ သင်ရိုးညွှန်းတမ်းအသစ်များဖြင့် သင်ကြားရာ၌ တွဲဖက်ဘာသာရပ်များဖြစ်သော ပန်းချီ၊ ဂီတ၊ အက၊ အားကစား၊ စိုက်ပျိုးရေးစသည့် ဘာသာရပ်များအတွက် သင်ကြားသင်ယူမှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် သင်ကြားရေးအထောက်အကူပြုပစ္စည်း SMART TV အလုံး ၁၀၀ လှူဒါန်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က ရုံးအမှတ် ၁၃၊ သုံးထပ်ဆောင် ညှိနှိုင်းခန်းမ၌ ကျင်းပခဲ့ရာ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးက အမှာစကား ပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား မန္တလေးနည်းပညာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်နိုင်နှင့် Danieli Co.,Ltd (Myanmar Branch)မှ Managing Director Mr. Mrinal Mukherjee တို့က လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းရီက အမှတ်တရစကားပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်နိုင်စိုးနှင့်တာဝန်ရှိသူများသည် Digital SMART TV များဖြင့် သင်ကြားသင်ယူမှု လက်တွေ့သရုပ်ပြမှုကို ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယာဉ်ကြောကျပ်တည်းရှုပ်ထွေးမှု မရှိစေရန် ၃၈ လမ်းကို အရှေ့ဘက်သို့ တိုးချဲ့ဖောက်လုပ်မည်

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မဟာအောင်မြေမြို့နယ်အတွင်းယာဉ်ကြောကျပ်တည်းရှုပ်ထွေးမှုမရှိစေရေးအတွက် ၃၈ လမ်းကို ၇၈ လမ်းမှ ၇၃လမ်းအထိ အရှေ့ဘက်သို့ တိုးချဲ့ဖောက်လုပ်ရန် ဇန်နဝါရီ ၂၄ ရက်မှစ၍လမ်းအူကြောင်း ဖောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းဖောက်လုပ်ရန်အတွက် ၂၀၁၃ ခုနှစ်မှ စတင်ကြိုးစားခဲ့ပြီး ယခုအစိုးရသစ်လက်ထက်တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်းမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောသည်။

လမ်းဖောက်လုပ်ရာတွင် ၂၀၁၈-၂၀၁၉ ခုနှစ် ခြောက်လဘတ်ဂျက်မှငွေကျပ်သန်း ၃၀၀ နှင့်၂၀၁၉-၂၀၂၀ ဘတ်ဂျက်မှ ငွေကျပ် ၆၆၅ သန်းအသုံးပြုရန် လျာထားကြောင်း၊ လမ်းအရှည်မှာ ပေ ၂၈၀၀ နှင့်လမ်းအကျယ်ကို လမ်းအူကြောင်း မြေနေရာအကျယ်အဝန်းအပေါ် မူတည်၍ ပေ ၅၀(သို့မဟုတ်)ပေ ၈၀ အကျယ်အထိ ဖောက်လုပ်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

“ဒီလမ်းပြီးသွားရင် ယာဉ်ကြောရှင်းလင်းပြီး မန္တလေးတက္ကသိုလ်ထိလမ်းပေါက်သွားမှာပါ။ လမ်းအူကြောင်း အကျယ်ရရှိမှုပေါ်မူတည်ပြီး လမ်း အကျယ်က ပေ ၈၀ ထိခန့်မှန်းထားတယ်၊ လမ်းတစ်လျှောက်မှာ တံတားနှစ်စင်းပါမယ်၊ လက်ရှိမှာလုပ်နေတာက မြို့တော်စည်ပင်ရဲ့ ပြင်ဆင်ထိန်းသိမ်းစရိတ်နဲ့ လမ်းအူကြောင်း စဖောက်နေတာဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုဖောက်လုပ်မည့် ၃၈ လမ်းသည် လက်ရှိအနေအထားတွင် အနောက်မှအရှေ့သို့ ၇၈ လမ်းတွင် လမ်းဆုံးသွားသဖြင့် မန္တလေးတက္ကသိုလ်ရှိရာ ၇၃ လမ်းသို့ သွားလာနိုင်ခြင်းမရှိဘဲ အခြားအရှေ့အနောက်လမ်းများမှ သွားလာရသဖြင့် မြို့တွင်း၌ ယာဉ်ကြောကျပ်တည်းမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## သတင်းတိုများ

### တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်

ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက်က အမှတ်(၄၉၈)၊ ရန်ကုန်-မန္တလေးလမ်းမကြီးအနီးရှိ တောင်ငူမြို့နယ် မင်းကြီးညိုရပ်ကွက်၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဝါက အမှာစကားပြောကြားခဲ့ပြီး သင်တန်းတွင် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ပဲပိစပ်ကို အခြေခံ၍အာဟာရပြည့် ပဲစင်းငုံခေါက်ဆွဲ၊ ပဲစင်းငုံပဲမုန့်၊ ပဲချောင်းကြော်၊ စာကလေးခွေ၊ ပဲစင်းငုံ၊ ရွှေကြည်ဆနွင်းမကင်း၊ ပူတင်း၊ ကွတ်ကီး၊ ပဲလိပ်၊ ပဲငါးပိ၊ ပဲငံပြာရည် အစရှိသည့် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းများကို တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

### ကန်ပြားတွင် လူကုန်ကူးမှု တားဆီးရေးဟောပြော

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကန်ပြားကျေးရွာအုပ်စု ကန်ပြားကျေးရွာ ရဲစခန်းအတွင်းရှိ ဓမ္မာရုံ၌ ဇန်နဝါရီ ၂၃ ရက်က လူကုန်ကူးမှုတားဆီးရေးအသိပညာပေးဟောပြောပွဲပြုလုပ်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ကန်ပြားရဲကင်းမှူး ရဲအုပ်ခိုင်လင်းက လူကုန်ကူးမှုအန္တရာယ်တားဆီးရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မော်တော်ဆိုင်ကယ်စီးနင်းရာတွင် သိရှိလိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန်များနှင့် လမ်းစည်းကမ်းများကို အကျယ်တဝင့် အသိပညာပေးဟောပြောရှင်းလင်းခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

### ပဲဈေးကွက်အခြေအနေများ ရှင်းလင်း

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကတုံးပေါ်အလယ်ကျေးရွာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ပဲစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပဲဈေးကွက်အခြေအနေများ ရှင်းလင်းဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်သင့်သည့်အချက်များ ဆွေးနွေးဟောပြောခြင်းကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဌေး၏ နေအိမ်ရှေ့၌ ဇန်နဝါရီ ၂၄ ရက်ကကျင်းပရာ တောင်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးရွှေဖြူက ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

### ရေမရှား၍ နွေစပါးများ စိုက်ပျိုးကြပြီ

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်း၊ ကျောက်ကြီးမြို့နယ်တို့အနက် ဖြူးမြို့နယ်သည် မိုးစပါးနှင့် ဆောင်းသီးနှံပဲမျိုးစုံထဲမှ မတ်ပဲများကို အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိသော မြို့နယ်တစ်ခုဖြစ်သည်။

ယင်းသို့ စိုက်ပျိုးထုတ်လုပ်ခဲ့ရာတွင် ဖြူးချောင်းဘက်စုံတာတမံမှ အချိန်နှင့်တစ်ပြေးညီ နွေစပါးများစိုက်ပျိုးနိုင်ရန် ၂၀၁၆ ခုနှစ်မှစ၍ ဖြူးမြို့နယ် အတွင်းရှိစနစ်တကျရေမြောင်းများဖြင့် ရေပေးဝေစိုက်ပျိုးရန် စီမံကိန်းလျာထားချက်ဖြင့် ဖြူးမြို့နယ်ညောင်ပင်သာဒေသတွင် စနစ်တကျရေမြောင်းဆောင်ရွက်ခဲ့သည်။

ရေပေးဝေစိုက်ပျိုးသွားရာဧက ၁၈၀၀ နှင့် ဇဟားချောင်းအတွင်းသို့ ဆည်ရေများလွှတ်ပေးလျက်ရှိသည်။ ပေါက်ဇလုပ်၊ ကျီးရိုး၊ လှသင်း မောင်၊ ကညင်ဒိုင်းကျေးလက်အတွင်းရှိ နွေစပါးစိုက်လယ်သမားများမှ ယခုနှစ်နွေစပါး စုစုပေါင်းဧက ၃၆၅၀ ဧက စိုက်ပျိုးပြီးသွားပြီဖြစ်ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် ဆွေးနွေး

**သီပေါ ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဆောင်ကြဲကျေးရွာအုပ်စု ပန်းမြိုင်းကျေးရွာသို့ တာဝန်ရှိသူများ ဇန်နဝါရီ ၂၄ရက်ကကွင်းဆင်း၍ စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခဲ့သည်။

သီပေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူးဦးရာဇာအောင်နှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများသည် ကျေးရွာသို့ ကွင်းဆင်းကာဒေသခံပြည်သူ ၁၀၀ ကျော်နှင့်တွေ့ဆုံပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဆောင်ရွက်ရန် မိတ်ဆက်ရှင်းလင်းခဲ့သည်။ ဆက်လက်၍ ကျေးရွာဖွံ့ဖြိုး ရေးကော်မတီဖွဲ့စည်းခြင်း၊ ကျေးရွာအိမ်ထောင်စုစာရင်း ကောက်ယူခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ပူးပေါင်းလျက်ဦးတည်အုပ်စု၏ အကြံပြုဆွေးနွေးမှုများအပေါ်အခြေခံကာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းတို့ကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

### ကလေးသူငယ် လူကုန်ကူးမှုဆိုင်ရာ ဆွေးနွေး

**မြောက်ဦး ဇန်နဝါရီ ၂၆**

လူကုန်ကူးမှုနှင့် ကလေးသူငယ် လူကုန်ကူးမှုဆိုင်ရာ ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ရက်က မြောက်ဦးမြို့ ရွှေသဇင်ဟိုတယ်ခန်းမ၌ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ရဲမှူးဌေးအောင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာများကိုလည်းကောင်း၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးအောင်ငြိမ်းက မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအား စီမံခန့်ခွဲနေမှု လက်ရှိမူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# စပ်ဆေးများရောင်းချခြင်းတွေ့ရှိပါက လိုင်စင်သုံးလမှခြောက်လအထိ ပိတ်သိမ်းမည်

**ဘားအံ ဇန်နဝါရီ ၂၆**

ဆေးဝါးများရောင်းချနေသော ကုမ္ပဏီ၊ ဆေးဆိုင်များကို ကွင်းဆင်းပြီး သက်တမ်းကုန်ဆေးများ မှတ်ပုံတင်ထားခြင်းမရှိသည့်ဆေးများ တားမြစ်အလုကုန် ပစ္စည်းများမရောင်းချရန် စံချိန်စံညွှန်းနှင့်အညီ ရောင်းချရန်အတွက် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပညာပေးကာလအတွင်း စပ်ဆေးတရားမဝင် ဆေးများတွေ့ရှိပါက သိမ်းဆည်းပြီး ခံဝန်ကတိ ထိုးခိုင်းပြီး စပ်ဆေးများအနေဖြင့်တိုင်းရင်းဆေးပုံစံနှင့် ကိုယ်တိုင်စပ်ပြီး ရောင်းချမှုများတွေ့ရှိပါကလိုင်စင်သုံးလမှ ခြောက်လအထိ ပိတ်သိမ်းနိုင်ကြောင်း သိရသည်။ ဘားအံမြို့ထန်းကိုးပင် သုသာန်၌ ဇန်နဝါရီ ၂၃ ရက်က သုံးနှစ်တာကာလအတွင်းအပ်နှံ သိမ်းဆည်းရမိခဲ့သော တရားမဝင်ဆေးဝါးများ သက်တမ်းလွန်ဆေးဝါးတားမြစ်အလှကုန်ပစ္စည်းများ ဖျက်ဆီးခြင်းအခမ်းအနားတွင် ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနဆေးဝါးဌာနခွဲဦးစီးအရာရှိဒေါ်မေသူနွယ်ကစပ်ဆေးများရောင်းချပါက လိုင်စင်သုံးလမှ ခြောက်လအထိ ပိတ်သိမ်းနိုင်ကြောင်း ပြောသည်။

“စပ်ဆေးဟာဆိုရင် ဝယ်ယူသုံးစွဲသူတွေကို အသက်အန္တရာယ် ပိုမိုထိခိုက်နိုင်တဲ့အတွက်ကြောင့် ယခုလိုပြုလုပ်ရတာဖြစ်ပါတယ်၊ ယခုဒီဆေးဝါးတွေဟာသုံးနှစ်တာကာလအတွင်း မြို့နယ်ခုနစ်မြို့နယ် မှာ ကွင်းဆင်းပြီးတော့ စစ်ဆေးတွေ့ရှိတာပါ၊ ဆေးဆိုင်တွေကနေ လာရောက်အပ်နှံတဲ့ သက်တမ်းကုန်ဆေးဝါးတွေနဲ့ ဖမ်းဆီးရမိခဲ့တဲ့ဆေးဝါးအလှကုန်ပစ္စည်းတွေကို ပထမဆုံးအကြိမ်အနေနဲ့ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနက ဖျက်ဆီးတာဖြစ်ပါတယ်” လို့ ၎င်းက ပြောသည်။

ကရင်ပြည်နယ်အတွင်း၌ ၂၀၁၆ ခုနှစ်တွင် တရားမဝင်ဆေးဝါး ၇၅ မျိုး၊ သက်တမ်းလွန်ဆေးဝါး ၇၂ မျိုး၊ စပ်ဆေး ၂၉ မျိုး၊ ဆေးဝါးအတုတစ်မျိုး၊ အလှကုန် ၁၃ မျိုး သိမ်းဆည်းရမိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် တရားမဝင်ဆေး၁၂၆ မျိုး၊ သက်တမ်းလွန်ဆေး ၃၂၀ မျိုး၊ စပ်ဆေး ၉ မျိုး၊ အလှကုန်ပစ္စည်း ၃၁ မျိုးနှင့် ဆေးဆိုင်များမှ အပ်နှံသည့် ဆေးဝါး ၇၇ မျိုး ကာလတန်ဖိုးငွေကျပ် ၈၂၀၂၄၁ တို့ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ယခင်နှစ်ကထက်ပိုမိုသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မင်းရာဇာ**



# ဒေါ်လာတစ်သိန်းကျော်တန်ဖိုးရှိ ရေဆိုးသန့်စင်စက် လွှဲပြောင်းပေးအပ်လှူဒါန်း

**ညောင်ရွှေ ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ် ညောင်ရွှေမြို့ အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်လာရေး ရည်ရွယ်၍ ဂျပန်နိုင်ငံ ကူဘိုတာဂျိုကားဆု(Kubota Johkasou)ကုမ္ပဏီနှင့် မြန်မာနိုင်ငံရှိ ဝမင်းကုမ္ပဏီတို့ ပူးပေါင်း၍ အမေရိကန်ဒေါ်လာတစ်သိန်းကျော် တန်ဖိုးရှိ ခေတ်မီရေဆိုးသန့်စင်စက် ၂၃ လုံး ပေးအပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၂ ရက်က ညောင်ရွှေမြို့ Royal Nadi Resort ခန်းမ၌ ကျင်းပခဲ့သည်။

ရေဆိုးသန့်စင်စက်လှူဒါန်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အင်းလေးကန်၏ ရေအရည်အသွေး ကျဆင်းလာသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ တဖြည်းဖြည်းပျက်စီးလာမှုနှင့်အတူ အင်းလေးကန်အတွင်း ရေဆိုးနှင့်အညစ်အကြေးများ တိုက်ရိုက်စွန့်ပစ်မှုကြောင့် ကန်၏အရည်အသွေး ကျဆင်းလာလျက်ရှိရာ ယခုလို ဝမင်းကုမ္ပဏီနှင့် ဂျပန်နိုင်ငံမှ ကူဘိုတာဂျိုကားဆုကုမ္ပဏီတို့ ပူးပေါင်း၍ အမေရိကန်ဒေါ်လာတစ်သိန်းကျော် တန်ဖိုးရှိ ခေတ်မီရေဆိုးသန့်စင်စက် ပေးအပ်လှူဒါန်းခြင်းအတွက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးနှင့် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Tateshi Higuchi က ယခုလိုလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံ၏ နှစ်နိုင်ငံချစ်ကြည်ရေးကို မြှင့်တင်နိုင်သည့် အခမ်းအနားသို့ တက်ရောက်နိုင်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ ရေဆိုးသန့်ရှင်းရေးသည် အလွန်အရေးကြီးပြီး ကူးစက်ရောဂါကာကွယ်ရေးစီမံချက်နှင့်အတူ ရောဂါကင်းသော ပတ်ဝန်းကျင် ရရှိရေးသည်လည်း အထူးပင် အရေးကြီးကြောင်း၊ ဂျပန်နိုင်ငံ၏နည်းပညာကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသုံးပြုမည်ဆိုပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အထောက်အကူဖြစ်စေမည်ဖြစ်၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ အင်းလေးဒေသခံပြည်သူများ၏ နေထိုင်မှုအဆင့်မြင့်လာရေးအတွက် ယခုလိုလှူဒါန်းနိုင်ရန် ဆောင်ရွက်ပေးခဲ့သော ဝမင်းကုမ္ပဏီကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကူဘိုတာဂျိုကားဆု ကုမ္ပဏီဥက္ကဋ္ဌ Mr.Hitoshi Yorozu က ရေဆိုးသန့်စင်စက်များ လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လှူဒါန်းမှုနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အင်းလေးကန်နှင့် ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအတွက် အထောက်အကူဖြစ်စေသော ခေတ်မီရေဆိုးသန့်စင်စက် ၂၃ လုံးကို ပူးပေါင်းလှူဒါန်းသည့် ဝမင်းကုမ္ပဏီနှင့် ကူဘိုတာဂျိုကားဆုကုမ္ပဏီတို့အား ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက် (လှိုင်သာယာ)**

# ကောင်းမှုလုံစေတီတော်မြတ်ကြီး၌ အဘိဓမ္မာရွတ်ဖတ်ပူဇော်

**ပူတာအို ဇန်နဝါရီ ၂၆**

ကချင်ပြည်နယ် မချမ်းဘောမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုလုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲအဘိဓမ္မာကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၂၂ ရက်က အဆိုပါစေတီတော်ကြီးရှိ ဓမ္မာရုံတော်ကြီးတွင် ကျင်းပရာ မြို့ပေါ် ကျောင်းတိုက်အသီးသီးမှ ဆရာတော်ကြီး ၁၁ ပါးနှင့် သံဃာတော်များ ကြွရောက်ပြီး ခရိုင်သာသနာရေးမှူး ဦးဝင်းရွှေနှင့် တာဝန်ရှိသူများ၊ အလှူရှင်များတက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ထို့နောက် မချမ်းဘောမြို့ ဟိုခိုကျောင်းတိုက် ပဓာန နာယကဆရာတော်က ဘုရားပင့်ဂါထာကို ရွတ်ဆိုပင့်ဖိတ်ပြီး ပါအင်ကျောင်းတိုက်ဆရာတော်က ညွှဲ့ပရိသတ်များအား သီလချီးမြှင့်သည်။ ထို့နောက် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆရာတော်ကြီးများနှင့် တက်ရောက်လာကြသူများက အဘိဓမ္မာခုနစ်ကျမ်းအမွန်းကို သံပြိုင်ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ကောင်းမှုလုံစေတီတော်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အသံမစဲ အဘိဓမ္မာကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၃၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကာ ဗုဒ္ဓပူဇနီယပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ နှမ်းမနဲထိုးပြိုင်ပွဲများ ထည့်သွင်းကျင်းပသွားမည့်အပြင် မသိုးသင်္ကန်းရက်လုပ်၍ စေတီတော်ကြီးတွင် ဆက်ကပ်လှူဒါန်းကာ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကိုလည်း ကျင်းပသွားမည်ဖြစ်သည်။

**ဝင်းနိုင် (ကချင်မြေ)**

# တရားမဝင် ပိုးသတ်ဆေးများ မရောင်းချရန် ဆွေးနွေး

**ဂန့်ဂေါ ဇန်နဝါရီ ၂၆**

ဂန့်ဂေါမြို့နယ်အတွင်း တရားမဝင်ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ ရောင်းချမှုမရှိစေရေးအတွက် ဂန့်ဂေါခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၃ ရက်က မြို့နယ်အတွင်းမှ ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ ရောင်းဝယ်သည့်ဆိုင်များသို့ ကွင်းဆင်းစစ်ဆေး၍ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

တရားမဝင်ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် စိုက်ပျိုးသူတောင်သူများအတွက် ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရသကဲ့သို့ စိုက်ပျိုးရေးထွက်ကုန်များကို ဝယ်ယူစားသုံးကြသူများ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေကြောင်း၊ ထိုသို့ ထိခိုက်နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ပိုးသတ်ဆေးဆိုင်နှင့် ဓာတ်မြေဩဇာဆိုင်များသို့ သွားရောက်စစ်ဆေးကာ အသိပညာပေးဆွေးနွေးခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြတ်မင်းထွေး၊ မြို့နယ်ဦးစီးမှူး ဦးထင်အောင်ကြွယ်နှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်မြင့်မြင့်နွယ်တို့ ဦးဆောင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**၁၀၁**

# မှူခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် ဟောပြော

**မော်လမြိုင် ဇန်နဝါရီ ၂၆**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သိန်းထွန်းဦးတို့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့တွင် မှူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဇန်နဝါရီလပထမပတ်မှ တတိယပတ်အထိ လှည့်လည်၍ ပြုလုပ်ခဲ့ရာ သံဖြူဇရပ်မြို့နယ် ဖောင်စိန်ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်၊ ကျေးရွာများ၏ လမ်းဆုံလမ်းခွများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သက်ငယ်မုဒိမ်းမှု အသိပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။

ဟောပြောပွဲများကျင်းပရာသို့ ဖောင်စိန်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ၊ ဆိုင်ကယ်မောင်းနှင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း (မော်လမြိုင်)**

# အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း ဖြည့်စွက်ပြင်ဆင်ရေးဆွဲရန် အရေးကြီး

**နေပြည်တော် ဇန်နဝါရီ ၂၆**



အပင်မျိုးသစ်ကာကွယ်ရေးစနစ် ထူထောင်နိုင်ရေးအတွက် ပြောင်းသီးနှံအပေါ် Test Guide Line ပြုစုရန် လေ့ကျင့်သင်ကြားပေးသကဲ့သို့ စပါးသီးနှံအတွက်လည်း Test Guide Line ပြုစုရေးအပိုင်းတွင် ဆက်လက်ဆောင်ရွက်သွားရန်နှင့် အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေကြမ်းကို ဖြည့်စွက်ပြင်ဆင်ရေးဆွဲရေးသည် အလွန်အရေးကြီးကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာတင်ထွဋ်က ပြောကြားသည်။

ဇန်နဝါရီ ၂၃ ရက်က နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ကျင်းပသည့် အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် သင်တန်းတွင် အမြဲတမ်းအတွင်းဝန်က ပြောကြားခြင်းဖြစ်သည်။ ထိုသို့ ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲရေးသည် အလွန်အရေးကြီးသည့်အတွက် (UPOV System) နှင့် လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲရန်လိုအပ်ကြောင်း၊ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန MAFE နှင့် EAPVP Forum တို့အနေဖြင့် မြန်မာနိုင်ငံတွင် အပင်မျိုးသစ်အကာအကွယ်ပေးရေးစနစ် စဉ်ဆက်မပြတ် ဖော်ဆောင်နိုင်ရေးအတွက် အကူအညီပေးမှုများအပေါ် အထူးကျေးဇူးတင်ကြောင်းကိုလည်း အမြဲတမ်းအတွင်းဝန်က ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲနှင့် သင်တန်းတွင် ပြောင်းသီးနှံ Test Guide Line ပြုစုရန်အတွက် မှတ်သားသင့်သည်များ၊ လိုက်နာရမည့် အချက်အလက်များ၊ ဆောင်ရွက်ရမည့်အချက်များ၊ အပင်ကာကွယ်ခွင့်လျှောက်ထားလာသည့် အပင်မျိုးသစ်၏ ထူးခြားသည့်လက္ခဏာများ၊ အပင်မျိုးသစ်၏ ညီညာမှုနှင့် တည်ငြိမ်မှု ရှိ၊ မရှိ (DUS test) ဆောင်ရွက်ခြင်းများကို ဂျပန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ပညာရှင်များက စာတွေ့၊ လက်တွေ့ သင်ကြားမည်ဖြစ်ကာ သင်တန်းကာလမှာ ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ် (ရုပ်ဗေဒ)**

# အိန္ဒိယနိုင်ငံမှ လွှဲပြောင်းသည့် မြန်မာရေလုပ်သားလေးဦး ကော့သောင်းမြို့သို့ ရောက်ရှိ

**ကော့သောင်း ဇန်နဝါရီ ၂၆**

လွန်ခဲ့သည့် ဇန်နဝါရီလ ၂၁ ရက်က အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှတစ်ဆင့် လွှဲပြောင်းပေးအပ်ခဲ့သည့် မြန်မာနိုင်ငံသား ရေလုပ်သား ၁၈ ဦးအနက် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်မှ ရေလုပ်သားလေးဦး ဇန်နဝါရီ ၂၃ ရက်က ကော့သောင်းမြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း သိရသည်။

အဆိုပါ ရေလုပ်သားလေးဦးကို ကော့သောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောမြဖောင်းနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဦးစီးဌာနများမှ ဆေးဝါးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးကြကာ မိဘဆွေမျိုးများထံသို့ ဇန်နဝါရီ ၂၄ ရက်က ခရိုင်ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးခန်းမ၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

ရေလုပ်သားလေးဦးမှာ လွန်ခဲ့သည့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလက ထိုင်းနိုင်ငံပိုင်ငါးဖမ်းလှေတစ်စင်းတွင် လုပ်ကိုင်ငါးဖမ်းထွက်ရင်း အိန္ဒိယရေပိုင်နက်အတွင်း ကျူးကျော်မိခဲ့သဖြင့် အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး ထောင်ဒဏ်နှစ်နှစ်ကျော်ခန့် ကျခံခဲ့ရာမှ ၂၀၁၇ ခုနှစ် မေလတွင် လွတ်မြောက်၍ Open Camp တွင် ရှစ်လကျော် ယာယီဆက်လက်ထိန်းသိမ်းထားခဲ့သည်။ မြန်မာသံရုံးတာဝန်ရှိသူများ ဆက်သွယ်မှုဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့ ကိုကတ္တားမြို့များမှ တစ်ဆင့် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ လေကြောင်းဖြင့် ပို့ဆောင်ခဲ့ပြီး ကော့သောင်းမြို့သို့ မော်တော်ယာဉ်ဖြင့် ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆောင်ရွက်နေသောကျေးရွာများသို့ ကွင်းဆင်းဆွေးနွေး

**ထားဝယ် ဇန်နဝါရီ ၂၆**

ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်နေသော တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းမှ ကျေးရွာများသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဇန်နဝါရီ ၂၃ ရက်က ကွင်းဆင်းသွားရောက်ကာ ဒေသခံအမျိုးသမီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။



မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်ညိုညိုဝင်း၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးနှင့် အဖွဲ့ဝင်များသည် ထားဝယ်မြို့နယ် ကျောက်ရပ်ကျေးရွာနှင့် သပြေချောင်းကျေးရွာသို့ ကွင်းဆင်းသွားရောက်ပြီး ဒေသခံအမျိုးသမီးများနှင့် တွေ့ဆုံကာ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အာဟာရဖြစ်စေသော အစားအစာအုပ်စုများ၊ ကိုယ်ခန္ဓာကြီးထွားစေသော အစားအစာအုပ်စုများနှင့် ရောဂါကာကွယ်သော အစားအစာအုပ်စုများအကြောင်း စသည်တို့ကို ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက် ဒေသခံအမျိုးသမီးရေးရာ အဖွဲ့ဝင်များအား ကျန်းမာရေးနှင့်သက်ဆိုင်သော ပစ္စည်းများကို ပေးအပ်ပြီး ကျေးရွာများရှိ နေအိမ်များတွင် အစားအစာ ချက်ပြုတ်စားသောက်နေမှုများသည် ကျန်းမာရေးနှင့် ညီညွတ်ခြင်းရှိ၊ မရှိကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း (ထားဝယ်)**

# အဆိုတော် နော်နော် ဘယ်အကြောင်းအရာတွေကြောင့် ပြောင်းလဲသွားလဲ

**ကိုလင်း**

"အတိုင်းထက်အလွန်"၊ "အကန့်သတ်မရှိ"၊ "အိပ်မက်ထဲကလူ"၊ "လေးလေးနက်နက်"၊ "ဆရာကြီးနှင့် သူ၏ တပည့်များ" စသည့် တေးစီးရီးခွေများနှင့်အတူ ယခုလ ၂၃ ရက်တွင် The Sunmusic ကနေ ဖြန့်ချိခဲ့သည့် သူ၏ နောက်ဆုံးတေးစီးရီးခွေဖြစ်သည့် "အရှေ့၊ အနောက်၊ တောင်၊ မြောက်" ဟုအမည်ပေးထားသော ခြောက်ခွေမြောက်စီးရီးကို ပရိသတ်တွေအတွက် အကောင်းဆုံးဖန်တီးကာ ထွက်ရှိခဲ့ကြောင်းသိရသည်။

**မေး ။ အရှေ့၊ အနောက်၊ တောင်၊ မြောက် စီးရီးလေးနဲ့ပတ်သက်ပြီး ပြောပြပါလား။**

ဖြေ ။ ကျွန်တော် ဒီခွေလေးကို ဖန်တီးနေတာတော့ ငါးခွေမြောက် စီးရီးထွက်ကတည်းကပါ။ "အရှေ့၊ အနောက်၊ တောင်၊ မြောက်"ဆိုတာကတော့ ကျွန်တော် ပရိသတ်တွေကို တင်စားတဲ့အနေနဲ့ ပေးထားတာပါ။ သီချင်းအားလုံးကိုယ်ပိုင်သံစဉ်တွေချည်းပါပဲ၊ ကျွန်တော်စိတ်ကြိုက်သီချင်းတွေလည်းပါတယ်၊ အခြားတေးရေး ဆရာတွေရဲ့ခံစားမှုတွေလည်း ပါပါတယ်၊ "ပြန်တွေ့ရင်" ဆိုတဲ့ သီချင်းလေးကတော့ ကျွန်တော့်ပရိသတ်အကြိုက်တွေ့မယ့် သီချင်းလေးလို့ ထင်ပါတယ်၊ ကောင်မလေး တစ်ယောက်ကို သိပ်ချစ်တဲ့ ကောင်လေးတစ်ယောက်နေရာကနေ ခံစားပြီး ဆိုထားတာပါ၊ သကြားလုံးလေးတစ်လုံး ငုံထားမိသလိုပဲပေါ့၊ ဒီအခွေမှာ တေးသီချင်း ၁၂ ပုဒ် ပါဝင်ပါတယ်၊ တေးသီချင်းကိုးပုဒ်ကို ကိုယ်တိုင်ရေးသား ထားပါတယ်၊ ကျန်တဲ့ သုံးပုဒ်ကိုတော့ တေးရေး ဒူးဒူး၊ သူရိန်၊ ညလင်းထယ်တို့က ရေးသားထားကြပါတယ်။



**မေး ။ အခု အချိန်မှာ နော်နော်က အလွန်ကို နုသွားတယ်၊ ဂီတပိုင်းရော ပြောင်းလဲမှုတွေရှိလား။**

ဖြေ ။ အဓိကကတော့ ကျွန်တော် အားလုံးကို ချိန်းချင်ခဲ့တာမို့ ကျွန်တော် အရင်ကပုံစံမျိုး မဟုတ်တော့ဘဲ၊ Up Date လုပ်လိုက်တာပါ၊ သီချင်းတွေက Rock ဖြစ်တုန်းပါပဲ၊ အရင်လိုပဲ ဆံပင်အရှည် ထားချင်ပါတယ်၊ နားကပ်တွေလည်း ဝတ်မှာပါ၊ ဒါပေမယ့် သေချာပြန်စဉ်းစားကြည့်တော့ ကျွန်တော် အဆင်မပြေဘူးဗျာ့၊ ဘာလို့လဲဆို ခေါင်းလျှော်ရတာလဲမသက်သာဘူး၊ တစ်ကိုယ်ရေ သန့်ရှင်းမှုပိုင်းအရလည်း အဆင်မပြေဘူးပေ့ါ၊ ကျွန်တော် လူတင်ပြောင်းလဲသွားတာ မဟုတ်ပါဘူး၊ စိတ်ပါ ပြောင်းလဲသွားတာပါ၊ ကျွန်တော်ရဲ့ ဘုရားသခင်ပါပဲ၊ ဘာသာရေးနဲ့ပတ်သက်ပြီး ကျွန်တော် ပြောတာပါ၊ လူသားအားလုံးနဲ့ သက်ဆိုင်ပါတယ်၊ ကျွန်တော် ငယ်ငယ်ကတည်းက အဖေနဲ့အမေက ဘုရားသခင်ကို ကိုးကွယ်ကြတာပေ့ါ၊ သူတို့ကိုးကွယ်လို့ ကျွန်တော်က ကိုးကွယ်တာပါ၊ ဒါပေမယ့် ကျွန်တော် ၂၀၁၄ ခုနှစ်မှာမှ နဖူးတွေ့ ဒူးတွေ့ တွေ့လိုက်ရတာပါ၊ သူရဲ့ကျမ်းစာတွေကို ဖတ်ရင်းနဲ့ အဲ့ဒီကတည်းကအတိုင်း နေထိုင်ရင်းနဲ့ ပြောင်းလဲသွားတာပါ။

**မေး ။ သီချင်းတွေနဲ့ပတ်သက်ပြီး ဘယ်လိုခံစားချက်တွေနဲ့ ဖန်တီးဖြစ်ခဲ့တာလဲ။**

ဖြေ ။ ကျွန်တော်က အချစ်ကို ဦးစားပေးတဲ့သူထဲမှာ ပါတယ်၊ ချစ်ခြင်း မေတ္တာဆိုတာ ကမ္ဘာပေါ်မှာရှိရင် တကယ်ကို မင်္ဂလာရှိပါတယ်၊ အခု ဖြစ်နေကြတဲ့ အကြမ်းဖက်မှုတွေက အချစ်မရှိကြလို့ပါ၊ အဲ့တော့ ကျွန်တော်ဒီအခွေနဲ့ပတ်သက်ပြီး အချစ်နဲ့ ဆက်နွယ်တာလေးတွေပဲ ထည့်ထားပါတယ်။ နောက် အဖေဆိုတဲ့ သီချင်းလေး အဲ့သီချင်းလေးကတော့ မိဘနဲ့ပတ်သက်ပြီး ရေးထားတာပါ၊ မိဘဟာ ဘယ်လောက်ပင် ကိုယ့်အပေါ် မကောင်းပါစေ မိဘဟာ မိဘပါပဲ၊ မိဘဆိုတာ ရှိသေရတယ် ကိုယ့်မိဘက လွဲပြီး ကိုယ့်အပေါ် ဘယ်သူကမှ မကောင်းနိုင်ဘူး ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးခဲ့တာပါ၊ ဒီအခွေလေးက ပရိသတ်အတွက် ဂီတနဲ့ပတ်သက်ပြီး ရသတစ်မျိုးရစေမယ်လို့ မြင်ပါတယ်။

# ဆုကြေး သိန်း ၂၀၀ချီးမြှင့်မည့် The Voice Myanmar



အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်ပြီး အောင်မြင်မှုများစွာရရှိထားသည့် အဆိုတော်များကို မွေးထုတ်နိုင်ခဲ့သော The Voice သီချင်းဆိုပြိုင်ပွဲကြီးကို မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်ခွင့်ရရှိခဲ့ပြီး အဆိုပါ ပြိုင်ပွဲကို The Voice Myanmar ဟု အမည်ပေးထားပြီး ပြိုင်ပွဲကို Forever Bec - Tero နှင့် MRTV-4 တို့ ပူးပေါင်းပြီး ပထမဆုံးအကြိမ်ပြုလုပ်သောပွဲဟု သိရသည်။

"ကျွန်တော်တို့ ပြိုင်ပွဲကို နိုဝင်ဘာလကနေစပြီး အွန်လိုင်းပေါ်ကနေ ပြိုင်ပွဲဝင်တွေကို ဖိတ်ခေါ် ခဲ့ပါတယ်၊ လျှောက်ထားသူပေါင်း တစ်ထောင်ကျော်လောက်ရှိပါတယ်၊ ဆရာတေးရေး မြင့်မိုးအောင်က စိတ်ကြိုက်ရွေးချယ်ခဲ့ပါတယ်၊ ပထမအဆင့်အနေနဲ့ ပြိုင်ပွဲဝင် အယောက် ၁၀၀ ကို ပဏာမ ရွေးပါတယ်၊ ရွေးချယ်တဲ့ နေရာမှာလည်း အသက် ၁၅ နှစ်အထက် ဝင်ခွင့်ရပြီး၊ အဆင့်သုံးဆင့် ဝင်ရောက်ယှဉ်ပြိုင်ရမှာ ပါ"ဟု The Voice Myanmar ပြိုင်ပွဲကျင်းပရေးအဖွဲ့ မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပြိုင်ပွဲတွင် ဒိုင်အဖြစ် အဆိုတော် လင်းလင်း၊ ဟန်ထူးလွင် (ကျားပေါက်)၊ ရန်ရန်ချန်း၊ နီနီခင်ဇော်တို့ ပါဝင်မှာဖြစ်ပြီး၊ ပထမအဆင့်တွင် စင်မြင့်ပေါ်၌ အသံတစ်ခုတည်းဖြင့် Coaches များ နှစ်သက်အောင် သီဆိုရမည်ဖြစ်ပြီး၊ Coaches များ ထိုင်ခုံကို ကျောပေးပြီး ထိုင်နေရာမှာ ပြိုင်ပွဲဝင် သီဆိုချိန် နှစ်မိနစ်အတွင်း မိမိသဘောကျနှစ်သက်သူကို ခုံလှည့်ပြီး ရွေးချယ်မည်ဖြစ်ကြောင်း၊ ဒုတိယအဆင့်တွင် ပြိုင်ပွဲဝင်များအနေဖြင့် မိမိအဖွဲ့နှင့်အခြားပြိုင်ပွဲဝင်အဖွဲ့များနှင့် သီချင်းတစ်ပုဒ်ကို သီဆိုယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ထိုအဖွဲ့နှစ်ဖွဲ့ထဲမှ The Voice Myanmar ၏ Live Show စင်မြင့်တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း၊ တတိယအဆင့်တွင် Live Show သို့ Coach တစ်ဦးချင်းစီမှ ပြိုင်ပွဲဝင် ခြောက်ဦး စုစုပေါင်း ၂၄ ဦး ရွေးမည်ဖြစ်သည်။ ထိုအထဲမှ တစ်ပတ်လျှင်လေးဦးကို ပြိုင်ပွဲမှ နုတ်ထွက်ခိုင်းပြီး နောက်ဆုံးတစ်ဦးသာရွေးမည်ဟု သိရသည်။

ယင်းပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ရက်မှ စတင်ကာ အပတ်စဉ် တနင်္ဂနွေနေ့ ည ၉ နာရီတွင် MRTV-4 မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကြည့်ရှုသူများအနေဖြင့် မိမိနှစ်သက်သော ပြိုင်ပွဲဝင်များကို Vote ပြုလုပ်ခြင်းကို www . facebook. com / thevoicemyanmar တွင် ပြုလုပ်နိုင်ကြောင်း သိရှိရသည်။ **ကိုလင်း**

# ဇာတ်ကောင်များနှင့် စကားပြောခြင်း ရုပ်ရှင်ပွဲတော် ရန်ကုန်မြို့တွင် ကျင်းပမည်



& PROUD 2018 ရန်ကုန် LGBT ရုပ်ရှင်ပွဲတော်တွင် မြန်မာစာတန်းတင် ရုပ်ရှင်ဇာတ်ကားသစ်များထဲမှ ဇာတ်ကောင်များနှင့် မေးမြန်းစကား ပြောဆိုနိုင်မည့် အခွင့်အရေးရရှိမည့် စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြင်သစ်ယဉ်ကျေးမှုဌာန၌ ပြုလုပ်သည်။

ယင်းရုပ်ရှင်ပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ ပထမဆုံးအကြိမ် သခင်မြပန်းခြံ၌ ပြုလုပ်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၄ ရက်အထိ ပြင်သစ်ယဉ်ကျေးမှုဌာနတို့၌ ဝင်ကြေးအခမဲ့ဖြင့် ဆက်လက်ကျင်းပမည် ဖြစ်သည်။ "ကျွန်တော်တို့ မြန်မာနိုင်ငံမှာက LGBT ရုပ်ရှင်ပွဲတော်ဆိုတာ မရှိဘူး၊ ဒီပွဲတော် ဖြစ်လာဖို့ ၂၀၁၄ ခုနှစ်က စတင်ခဲ့ပါတယ်၊ ရုပ်ရှင်ပွဲတော်ကို ပထမဆုံးအကြိမ် သခင်မြပန်းခြံမှာ ကျင်းပတာလည်း ဖြစ်ပါတယ်၊ ပျော်ရွှင်စရာကောင်းတဲ့ ဂိမ်းအစီအစဉ်တွေလည်း ပါဝင်ပါတယ်"ဟု ပွဲစီစဉ်သူ စိုင်းမောင်ဦးက ပြောသည်။

သခင်မြပန်းခြံ၌ မွန်းလွဲ ၁ နာရီမှ ည ၁၀နာရီအထိ ဝင်ကြေးအခမဲ့ ကျင်းပမည်ဖြစ်ပြီး LGBT ရုပ်ရှင်ပွဲတော်တွင် လဟာပြင်လူ့အခွင့်အရေး လှုပ်ရှားသူ ဦးအောင်မျိုးမင်းအကြောင်း ရိုက်ကူးထားသည့် "ဒီလိုအချစ်မျိုး" အမည်ရ ရုပ်ရှင်ဇာတ်ကားနှင့် ရယ်စရာကောင်းသော ပရိသတ်အကြိုက် ဖိလစ်ပိုင်မှ "Anita’s Last Cha Cha" ရုပ်ရှင်ဇာတ်ကားတို့ ပြသမည်ဖြစ်သည်။ LGBT အသိုင်းအဝိုင်းမှ Super Star သူငယ်ချင်းများ၏ တင်ဆက်မှုများ အပြင်ဖျော်ဖြေရေး အစီအစဉ်အနေဖြင့် နာမည်ကြီး အဆိုတော်များ ဖြစ်ကြသည့် ဖြူဖြူကျော်သိန်း၊ Mary နှင့် ဇွန်ဝေယံ၊ အဆိုတော် အားတီတို့၏ ဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်ကာ Drag Olympic အားကစားပြိုင်ပွဲ ထည့်သွင်းကျင်းပသော ဒေါက်ဖိနပ်စီးအပြေးပြိုင်ပွဲ၊ လက်ကိုင်အိတ် အဝေးပစ်ပြိုင်ပွဲ၊ ဘောလုံးဖောက်ပြိုင်ပွဲ စသည့်ပြိုင်ပွဲတွေလည်း ပါဝင်မည် ဖြစ်သည်။ **ကိုလင်း**

# ဇွန်သဉ္ဇာ Sexy Model အဖြစ်ရပ်တည်တော့မည်မဟုတ်ဘဲ အဆိုပိုင်းကို အဓိက အသားပေး လုပ်ဆောင်သွားမည်



မော်ဒယ်သရုပ်ဆောင် ဇွန်သဉ္ဇာ၏ ရှေ့ဆက်လုပ်ဆောင်မည့် အနုပညာလှုပ်ရှားမှုအကြောင်း Forward To Art Show နှင့်ပတ်သက်၍ ယခုလို ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်မ ပြီးခဲ့တဲ့နှစ် ဇန်နဝါရီ ၁၀ ရက်က ပွဲမိန့်ပိတ်ခံခဲ့ရတယ်၊ ပွဲပိတ်ခံရတဲ့ သဘင်အစည်းအရုံးကို သွားရောက်ရှင်းလင်းပြီး အဆင်ပြေသွားလို့ အခုလို ရှင်းလင်းပွဲ လုပ်တာပါ၊ အခုပွဲတွေ လက်ခံသီဆိုမယ့်အကြောင်း ပရိသတ်ကိုအသိပေးတာပါ၊ အဲဒီပွဲက ပုံက အွန်လိုင်းပွဲမှ ယူသုံးလိုက်တာကြောင့် အလွန်ကြမ်းသွားတယ်၊ သဘင်အစည်းအရုံးက သွားပြီးသီဆိုရင် ဖမ်းမယ်လို့ ကျွန်မကို စာထုတ်ပါတယ်၊ ကိုယ်လည်း ဒီလိုမပတ်သက်ဖူးတော့ ပွဲမိန့်ပိတ်သလို၊ မပိတ်သလို မသေချာဘူးပေ့ါ၊ ကျွန်မကိုယ်တိုင် သွားရောက်ရှင်းပြခဲ့တယ်၊ သူတို့ပုံတွေ လိုင်းပေါ်က သုံးတာပါပေ့ါ၊ သဘင်ဘက်ကလည်း သွားမဖျော်ဖြေပါနဲ့ ပြောလိုက်တယ်၊ ကိုယ်ကလည်း မဖျော်ဖြေပါဘူးလို့ လက်မှတ်ထိုးပေးခဲ့တယ်၊ အဲဒီပွဲကို ကျွန်မ သွားမဆိုဖြစ်ပေမယ့် နောက်ဆုံးညမှာ တခြားပွဲတစ်ခုက ကူးသွားပြီးတော့ မနက် ၅ နာရီလောက်မှာ ပွဲစီစဉ်သူကို တောင်းပန်ချင်လို့သွားခဲ့တယ်၊ ကန်ထရိုက်ကလည်း ကိုယ့်ကြောင့် နာမည်တွေ ပျက်ခဲ့တယ်၊ ဆိုဖို့သွားတာ မဟုတ်ပေမယ့် ပရိသတ်တွေရော၊ ဂေါပက တောင်းဆိုမှုကြောင့် မေတ္တာသီချင်းနဲ့ဆိုပေး ဖြစ်ခဲ့တယ်၊ သဘင်က ပြန်သိပြီး ကတိချိုးဖောက်တယ်ဆိုပြီး ပွဲပိတ်ခံခဲ့ရတယ်၊ ကျွန်မကလည်း သတ်သတ် ကလန်ကဆန် လုပ်ချင်လို့မဟုတ်ပါဘူးလို့ ရှင်းပြခဲ့ပါတယ်၊ နောက်ပိုင်း အဝတ်အစားပိုင်းမှာ ဆင်ခြင်ဖို့ သတိပေးခဲ့ပါတယ်၊ ပုံတွေလည်း Sexy ပုံတွေ မသုံးဖို့အသိပေးခဲ့ပါတယ်"ဟု မော်ဒယ်သရုပ်ဆောင် ဇွန်သဉ္ဇာက ပြောသည်။

အဆိုပါ အခမ်းအနားတွင် စာရေးဆရာ ဒါရိုက်တာ အောင်စိုးဦး၊ သဘင်ပညာရှင်များ အစည်းအရုံး ဗဟိုမှ ဒုတိယဥက္ကဋ္ဌ (၁) နေဝင်း၊ သဘင်ပညာရှင်များ အစည်းအရုံးဗဟိုမှ အတွင်းရေးမှူး ပတ္တမြား ကေခိုင်၊ စာနယ်ဇင်းမှ ဧယျာမြတ်ခိုင်တို့တက်ရောက်ကာ ယင်းပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောဆိုသည်။ ဇွန်သဉ္ဇာသည် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ရေဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရှိ ဘုရားပွဲတော်တွင် ကြော်ငြာဘေဘုတ်ကြောင့် ပွဲမိန့်ခြောက်လ ပိတ်သိမ်းခံခဲ့ရခြင်း ဖြစ်သည်။

"ကျွန်တော်တို့ မြန်မာတို့ရဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းတဲ့နေရာမှာလည်း သဘင်ပညာရပ်က ပါဝင်ပါတယ်၊ သဘင်ဖျော်ဖြေပွဲမှာ စတိုင်ရှိုးဆိုရင်တော့ အကြောင်းမဟုတ်ဘူးပေ့ါ၊ စတိုင်ရှိုးဆိုပေမယ့် ဆင်ခြင်ရမယ့် အပိုင်းတွေလည်း ရှိပါတယ်၊ သဘင်စင်မြင့်ကို ဖျော်ဖြေတဲ့အချိန်မှာ ရိုးရာယဉ်ကျေးမှုနဲ့ စပ်ဟပ်မယ့် အခြေခံတဲ့ ဖျော်ဖြေတင်ဆက်မှုတွေ၊ ခေတ်ပေါ်ဖျော်ဖြေမှုတွေမှာလည်း လွန်ကဲစွာ မလုပ်သင့်ဘူး၊ ကိုယ်ကိုယ်တိုင်ကလည်း Sexy Model ကြေညာထားတာမို့ သဘင်စင်မြင့်မှာ Sexy Dance တို့ ကပြဖျော်ဖြေလို့ မရပါဘူး၊ ဒါက KTV လည်းမဟုတ်၊ Night Club လည်း မဟုတ်ပါဘူး၊ သဘင်စင်မြင့်ဆိုတာ လူတွေအများကြီး ကြည့်တယ်၊ ဒီနေ့ခေတ် မီဒီယာတွေကလည်း အင်မတန်ကျယ်ပြန့်တယ်၊ လူတိုင်းမှာ ဖုန်းတစ်လုံးရှိ ရုံနဲ့ Live လွှင့်လို့ရတယ်၊ တကယ်လို သဘင်စင်မြင့် ဒီအတိုင်းလားလို့ မြင်တွေ့ရရင် သဘင်ရဲ့ပုံရိပ်တွေလည်း ကျဆင်းပါတယ်၊ နိုင်ငံတော်ကလည်း ဒါတွေကို ထိန်းသိမ်းနေတာ ဖြစ်ပါတယ်၊ ကန်ထရိုက်တွေရဲ့ အပြိုင်အဆိုင် ကြော်ငြာဘေဘုတ်တွေကြောင့် ဒီလိုတွေဖြစ်ကုန်ပါတယ်"ဟု သဘင်ပညာရှင်များ အစည်းအရုံးဗဟိုမှ ဒုတိယဥက္ကဋ္ဌ (၁) နေဝင်းက ပြောသည်။

ဇွန်သဉ္ဇာသည် Sexy Model အဖြစ်ရပ်တည်တော့မည်မဟုတ်ဘဲ အဆိုပိုင်းကို အဓိကအသားပေး လုပ်ဆောင်သွားမည် ဖြစ်သည်။ **ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### ကမ္ဘာလှည့်ဖျော်ဖြေရေးတွေကနေ အနားယူတော့မယ့် ဆာ အယ်လ်တန်ဂျွန်



အယ်လ်တန်ဂျွန်ဟာ ကမ္ဘာလှည့်ဖျော်ဖြေရေးပွဲတွေကနေ အနားယူတော့မယ်လို့ ကြေညာပြီးတဲ့နောက်မှာ သူ့ရဲ့ ပရိသတ်တွေအားလုံးဟာ အံ့အားသင့်ကုန်ကြပါတယ်။ အသက် ၇၀ အရွယ်ရှိပြီဖြစ်တဲ့ ဆာအယ်လ်တန်ဂျွန်ဟာ ကျန်းမာရေးမကောင်းလို့ ဒီလိုမျိုးအနားယူလိုက်ရတာပဲဖြစ်တယ်ဆိုတဲ့ သတင်းတွေကို ငြင်းဆိုထားပါတယ်။ လွန်ခဲ့တဲ့နှစ်တုန်းကတော့ အယ်လ်တန်ဂျွန်ဟာ နေမကောင်းဖြစ်တဲ့အတွက် လပ်ဗီးဂတ်စ်နဲ့ ကယ်လီဖိုးနီးယားမှာပြုလုပ်မယ့်ပွဲတွေကို ဖျက်သိမ်းခဲ့ရပါတယ်။

သူဟာ မိသားစုကိုအချိန်ပေးဖို့လိုအပ်လာလို့ နယ်လှည့်ဖျော်ဖြေပွဲတွေကနေ အနားယူလိုက်တာပဲဖြစ်တယ်လို့ သတင်းစာရှင်းလင်းပွဲမှာ ပြောလိုက်ပါတယ်။ သူ့အတွက်တော့ အခုချိန်မှာ ပထမဦးစားပေးက မိသားစုနဲ့ ကလေးတွေဖြစ်တဲ့အတွက် ပရိသတ်တွေကို နှုတ်ဆက်ဖို့အချိန်ရောက်ပြီလို့လည်း ပြောပါတယ်။ အယ်လ်တန်ဂျွန်ဟာ ဒေးဗစ်ဖာနစ်ရှ်နဲ့လက်ထပ်ထားပြီး Zachary နဲ့ Klijah ဆိုတဲ့ကလေးနှစ်ဦးရဲ့မိဘတွေအဖြစ် ခံယူထားပါတယ်။

အယ်လ်တန်ဂျွန်ဟာ သူ့ရဲ့နောက်ဆုံးနယ်လှည့်ဖျော်ဖြေပွဲကို စက်တင်ဘာလအတွင်းမှာပြုလုပ်သွားမှာဖြစ်ပြီး နောက်ဆုံးဖျော်ဖြေပွဲဖြစ်တာနဲ့အညီ အခမ်းအနားဆုံး၊ အကြီးကျယ်ဆုံးလည်း ဖြစ်စေရမယ်လို့ ဆိုပါတယ်။ အဲဒီကမ္ဘာလှည့်ဖျော်ဖြေရေး ခရီးစဉ်ဟာ သုံးနှစ်တာကြာမြင့်မှာဖြစ်ပြီး ခရီးစဉ်ရဲ့တချို့နေရာတွေကိုတော့ ကလေးတွေကို ခေါ်ဆောင်သွားမှာပဲ ဖြစ်ပါတယ်။ ဒီလိုခေါ်ဆောင်ခွင့်ရဖို့လည်း ကလေးနှစ်ဦးစလုံးဟာ ကျောင်းကနေ ကိုးလနားထားရမှာပဲ ဖြစ်ပါတယ်။ လက်ရှိမှာ အသက် ခုနစ်နှစ်နဲ့ အသက် ငါးနှစ်အရွယ်ရှိပြီဖြစ်တဲ့ ကလေးနှစ်ဦးဟာ ကမ္ဘာလှည့်ဖျော်ဖြေပွဲ ကြီးပြီးသွားတဲ့အချိန်မှာ အသက် ရှစ်နှစ်နဲ့ ၁၀ နှစ်အသီးသီးရှိလာတော့မှာပါ။ အယ်လ်တန်ဟာ ကမ္ဘာပေါ်မှာ နယ်လှည့်ဖျော်ဖြေပွဲတွေမှာ လူကြိုက်အများဆုံး၊ ပရိသတ်တောင်းဆိုမှုအများဆုံး အနုပညာရှင်ဖြစ်ပြီး သူ့ရဲ့အခွေသန်း ၂၀၀ကျော် ရောင်းချထားသူလည်း ဖြစ်တယ်။

**ဟယ်လို**

..................................

### အန်းဟတ်သာဝေးလ် ပါဝင်သရုပ်ဆောင်မည့် ဘာဘီရုပ်ရှင်ဇာတ်ကား ပြသမည့်ရက်ရွှေ့ဆိုင်း



ဘာဘီအရုပ်ဆိုတာ ကမ္ဘာပေါ်မှာ မိန်းကလေးငယ်တိုင်း နှစ်သက်ရတဲ့အရုပ်လေးလည်း ဖြစ်ပါတယ်။ ဘာဘီအရုပ်လေးတွေပါဝင်တဲ့ဇာတ်ကားဆိုရင်လည်း နှစ်သက်ကြပါတယ်။ ရုပ်ရှင်မင်းသမီးချော အန်းဟတ်သာဝေးလ် အဓိကဇာတ်ဆောင်နေရာကနေ ပါဝင်သရုပ်ဆောင်မယ့် ဘာဘီရုပ်ရှင်ကား ရိုက်ကူးဖို့ပြင်ဆင်နေတာလည်းကြာပြီ ဖြစ်ပါတယ်။ အစပိုင်းတုန်းကတော့ ဘာဘီရုပ်ရှင်ကားကို ၂၀၁၈ ခုနှစ် ဇွန်လအတွင်းမှာပြသဖို့ ရည်ရွယ်ထားပေမယ့် အခုချိန်မှာတော့ ယခင်သတ်မှတ်ထားတဲ့ ရက်မဟုတ်တော့ဘဲ ပြသမယ့်ရက်ကိုရွှေ့ဆိုင်းလိုက်ပြီလို့ သိရပါတယ်။ နောက်ထပ်နှစ်နှစ်လောက်အချိန်ယူရဦးမှာဖြစ်ပြီး ၂၀၂၀ ကျမှ ပြသနိုင်လောက်တယ်လို့ သတင်းထုတ်ပြန်ထားပါတယ်။ ဘာဘီဇာတ်ကားမှာ အဓိကဇာတ်ဆောင်ကို အေမီရှူးမားအဖြစ် အစပိုင်းမှာ လျာထားခဲ့ပေမယ့် ရိုက်ကူးမယ့် အချိန်တွေညှိနှိုင်းရာမှာ အဆင်မပြေဖြစ်ပြီး အန်းဟတ်သာဝေးလ်ကိုအဓိကဇာတ်ဆောင်အဖြစ်ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။

အန်းဟတ်သာဝေးလ်ဟာဆိုရင် ကလေးတွေ နှစ်ခြိုက်တဲ့ဇာတ်ရုပ်တွေနဲ့ မစိမ်းတဲ့ သရုပ်ဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။ Alethea Jones ကတော့ အန်းဟတ် သာဝေးလ်နဲ့အတူ လက်တွဲပြီး ဒီဇာတ်ကားကို ရိုက်ကူးဖို့ ရည်ရွယ်ထားပါတယ်။ အခုချိန်ထိရိုက်ကူးမှုမပြုရသေးဘူးလို့ ယူဆရတဲ့ ဒီဘာဘီဇာတ်ကားဟာ မိမိကိုယ်ကိုယ်လေးစားတန်ဖိုးထားမှုတွေ၊ ကိုယ့်ရဲ့ခန္ဓာကိုယ်ကို အလေးထားတာတွေ အစရှိတဲ့ အသိပညာကောင်းတွေ ပရိသတ်ထံဆောင်ကြဉ်းပေးမယ့် ဇာတ်ကားကောင်းဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီဇာတ်ကားကို ၂၀၁၈ ခုနှစ် ဇွန်လမှာ ပြသဖို့ ရည်ရွယ်ထားပေမယ့် ၂၀၂၀ ပြည့်နှစ် မေလ ၈ ရက်နေ့ကျမှ ရုံတင်ပြသနိုင်တော့မယ်လို့လည်း သိရပါတယ်။

**ဘီဘီစီ**

ချိုး

## ချယ်ရီပန်းများ၊ အကိုင်းများအား ခုတ်ယူ၍ ရောင်းချခြင်းများမပြုလုပ်ကြရန် ကြပ်မတ်မှုများလို

**တောင်ကြီး ဇန်နဝါရီ ၂၆**

ဆောင်းရာသီကာလ ချယ်ရီပန်းပွင့်ရာသီဖြစ်သည့်အလျောက် ဇန်နဝါရီလ အစောပိုင်းမှစ၍ တောင်ကြီးမြို့ အနီးတစ်ဝိုက်နှင့် ရှမ်းပြည်နယ်ရှိ ချယ်ရီပန်းများ ဖူးပွင့်နေကြပြီဖြစ်သည်။

အဆိုပါ ချယ်ရီပန်းလေးများအား အလှကြည့်ရုံသာ မဟုတ်ဘဲ အပင်များ၊ အကိုင်းအခက်များကိုပါ ခုတ်ယူ၍ ယူဆောင်ခြင်း၊ ရောင်းချခြင်းများရှိနေသည့်အတွက် ထိုသို့မပြုလုပ်ရန် တားမြစ်ရန်၊ အရေးယူပေးရန် လိုအပ်နေကြောင်း သိရသည်။



ဓာတ်ပုံ - သီဟစည်သူ

တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက် ရွာသစ်ကုန်းနှင့် ဗုဒ္ဓတက္ကသိုလ်အနီးရှိ ချယ်ရီပင်များ၊ ရွှေဘုန်းပွင့်ဘုရားသွား တောင်တက်ကားလမ်းတစ်လျှောက်ရှိ ချယ်ရီပင်များမှာ မြင်သူငေးလောက်အောင်ပင် ပွင့်နေကြပြီဖြစ်သည်။ ချယ်ရီပန်းပွင့်ချိန်တွင် ဝတ်ရည်စုပ်ငှက်ကလေးများလည်း အများအပြားတွေ့ရကြောင်း သိရသည်။ အဆိုပါ ချယ်ရီပင်များကို ကြည့်ရှုလိုသူ၊ အမှတ်တရ ဓာတ်ပုံရိုက်သူနှင့် ငှက်ကြည့်လိုသူများဖြင့် လမ်းတစ်လျှောက်တွင် စည်ကားနေသည်။

ချယ်ရီပန်းသည် အများနှင့်သက်ဆိုင်သည့် ပန်းဖြစ်ကာ ပြည်နယ်တစ်ခု၏ သင်္ကေတဟုဆိုရမည့် ပန်းဖြစ်၍ ပိုမိုထိန်းသိမ်းသင့်သည်ဟု တောင်ကြီးမြို့ ဒေသခံ ကိုတင့်ဆွေက ပြောသည်။

ယခင်က ပေါများစွာတွေ့ရသည့် ချယ်ရီပင်များသည် ယခုအခါ ထင်းခုတ်သမားများ၊ ပန်းပွင့်ချိန်အပွင့်ကို လိုချင်သူများ၏ ခုတ်ထစ်ယူဆောင်မှုများကြောင့် ယခင်ကကဲ့သို့ များများစားစား မတွေ့နိုင်တော့ဟု ဆိုသည်။

“ချယ်ရီဆိုတာ အပင်မှာမြိုင်မြိုင်ဆိုင်ဆိုင် စုစုစည်းစည်းပွင့်မှ လှတဲ့ပန်းပါ၊ ခုစိုက် ခုပွင့်တဲ့အပင်မျိုးလည်း မဟုတ်ဘူး၊ ချယ်ရီပွင့်တဲ့အချိန်အထိ နှစ်တွေအကြာကြီး စောင့်ရပါတယ်၊ ချယ်ရီပန်းဟာ ခူးလိုက်ချိုးလိုက်ရင် အလှပါပျက်သွားတယ်၊ သစ်တောနဲ့စည်ပင်အနေနဲ့လည်း ရှားပါးသစ်ပင်မျိုးဖြစ်၍ ထိန်းသိမ်းသောအားဖြင့် ပန်းခူးခြင်း၊ ရောင်းချခြင်းတွေ့ရှိရပါက ဒဏ်ငွေရိုက်တာမျိုး၊ အရေးယူတာမျိုး ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပေးသင့်ပါတယ်၊ ဒါမှ လက်ကျန်ချယ်ရီပင်တွေကို ဆက်လက်ထိန်းသိမ်းသွားနိုင်မှာဖြစ်ပါတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ချယ်ရီပန်းပင်များကို ပြင်ဦးလွင်၊ လွိုင်မွေအစရှိသည့် မြို့နယ်များတွင် ကြပ်ကြပ်မတ်မတ် မချိုးရ၊ မခုတ်ရ ထိန်းသိမ်းမှုများ ဆောင်ရွက်နေကြပြီဖြစ်သော်လည်း တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်ရှိ ချယ်ရီပင်များအား ထိန်းသိမ်းခြင်းနှင့် ထပ်မံ၍ စိုက်ပျိုးခြင်းကဲ့သို့သော လူထုလှုပ်ရှားမှုများလိုအပ်နေပြီး သဘာဝတရားကြီးအား အလှအပမပျက်စီးအောင် ပြည်သူများအားလုံး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း တောင်ကြီးမြို့မှ သစ်ပင်ချစ်သူများအဖွဲ့ထံမှ သိရသည်။

**ဇင်ဦး (မြန်မာ့အလင်း)**

## တောင်သမန်အင်းထဲတွင် အမှိုက်များဖြင့် ညစ်ညမ်းနေမှုအား အလေးထားသန့်ရှင်းရန် လိုအပ်

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းတည်ရှိပြီး ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ နေ့စဉ်အများဆုံး လာရောက်လည်ပတ်သည့်နေရာတစ်ခုဖြစ်သော တောင်သမန်အင်းထဲတွင် အမှိုက်များဖြင့် ပတ်ဝန်းကျင်များစွာ ညစ်ညမ်းနေမှုကို တာဝန်ရှိသူများက အလေးထားဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

“တောင်သမန်အင်းဆိုတာက ကမ္ဘာကျော်ဦးပိန်တံတားကြီးရှိတဲ့နေရာဖြစ်ပြီး



နေ့စဉ် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်တွေ အများဆုံးဝင်ရောက်လည်ပတ်တဲ့နေရာတစ်ခုဖြစ်ပါတယ်၊ အခုလက်ရှိမှာဦးပိန်တံတားကြီးကို သက်ဆိုင်ရာတာဝန်ရှိသူတွေက ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြပါတယ်၊ ဒါပေမယ့် တောင်သမန်အင်းထဲမှာ ခရီးသွားရာသီကာလရောက်ပြီး ရေကျချိန်သွားချိန်တိုင်း အမှိုက်တွေနဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်နေတယ်၊ အင်းထဲမှာဖွင့်တဲ့ ဆိုင်တွေက စွန့်ပစ်တဲ့အမှိုက်တွေ၊ လည်ပတ်သူတွေ ဝယ်ယူစားသောက်ပြီး စွန့်ပစ်တဲ့ အမှိုက်တွေအပြင် အညစ်အကြေးအလေးအပင် စွန့်ထားတာတွေပါ တွေ့ရတယ်၊ အင်းထဲမှာနေရာတကျ စနစ်တကျ အမှိုက်စွန့်ပစ်တဲ့နေရာနဲ့ အမှိုက်သိမ်းတဲ့စနစ်ကို ဆောင်ရွက်ပေးရင်ကောင်းမယ်၊ အခုတော့ တောင်သမန်အင်းထဲမှာဦးပိန်တံတားနဲ့ နေဝင်ဆည်းဆာလာရောက်ကြည့်ရှုခံစားတဲ့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေကလည်း အမှိုက်တွေပေါ်မှာ နင်းဖြတ်ပြီးလာရောက်လည်ပတ်နေကြရတယ် ”ဟု မန္တလေးမြို့ခံတစ်ဦးက ပြောသည်။

ယခင်က မန္တလေးဒေသခံ လူမှုရေးအသင်းအဖွဲ့များ၊ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများ၊ တောင်သမန်အင်းပတ်ဝန်းကျင်တွင် နေထိုင်သူများအနေဖြင့် အစုအဖွဲ့များအလိုက် တောင်သမန်အင်းထဲတွင် အမှိုက်ကောက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးပြုလုပ်ခြင်းများကို အင်းရေကျချိန်တွင် မကြာခဏ စုပေါင်းဆောင်ရွက်လေ့ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မော်ကျွန်း-စော်ကဲမြစ်ကူးတံတားစတင်ဆောက်လုပ်

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီးမှ မြန်မာပြည်အရပ်ရပ်သို့ ဆက်သွယ်သွားလာနိုင်သော အရေးပါသည့် မော်လမြိုင်ကျွန်းမြို့နယ် စော်ကဲမြစ်ကူးတံတားကို တံတားတည်ဆောက်ရေး အဖွဲ့အမှတ်(၂) ညွှန်ကြားရေးမှူး ဦးဌေးဦးနှင့် အင်ဂျင်နီယာအဖွဲ့တို့က ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်ဆောက်လုပ်လျက်ရှိရာ ဇန်နဝါရီ ၂၄ ရက်က စော်ကဲမြစ်ကူးတံတားအား စက်ယန္တရားများဖြင့် တည်ဆောက်ရေးလုပ်ငန်းခွင် ဆောင်ရွက်လျက်ရှိသည်။




ယခုလက်ရှိအနေဖြင့် မော်လမြိုင်ကျွန်းမြို့မှ ပုသိမ်မြို့သို့ သွားရောက်လျှင် မအူပင်လမ်းဆုံမှတစ်ဆင့် ပုသိမ်မြို့သို့ သွားရောက်လျက်ရှိရာ မိုင် ၁၅၀ ခန့် ကွာဝေးပြီးမော်လမြိုင်ကျွန်းမြို့နယ် စော်ကဲမြစ်ကူးတံတားနှင့် ကျွန်းပြာသာဒ်မြစ်ကူးတံတားများ ဆောက်လုပ်ပြီးစီးသွားပါက ပုသိမ်မြို့သို့ ခရီးထက်ဝက်ခန့် မိုင် ၇၀ ကျော် သက်သာသွားမည်ဖြစ်သည်။

ယင်းစော်ကဲမြစ်ကူးတံတားသည် မော်လမြိုင်ကျွန်းမြို့နှင့် တစ်ဆက်တည်း ဂျုံးဂျုံးကျချောင်းကူးတံတားမှ သုံးမိုင်ကျော် ကွာဝေးသော နေရာတွင် တည်ရှိပြီး စော်ကဲရွာမနှင့် မြို့ချောင်းကျေးရွာကို ဖြတ်သန်းဆောက်လုပ်သည့် မြစ်ကူးတံတားဖြစ်ရာ မော်လမြိုင်ကျွန်းမြို့မှ မြန်မာပြည်အရပ်ရပ်သို့ သွားရောက်နိုင်သည့် အဓိကအရေးပါသော မြစ်ကူးတံတားဖြစ်သည်။

အဆိုပါတံတားသည် အရှည်ပေ ၂၄၆၀၊ အကျယ်ပေ ၃၀၊ ကားလမ်း အကျယ် ၂၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀၊ လူသွားလမ်းတစ်ဖက် သုံးပေစီရှိပြီး သံကူကွန်ကရစ် သံပေါင်အမျိုးအစား မြစ်ကူးတံတားဖြစ်ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် တည်ဆောက်ပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေဆီလွှာဓာတ်ခွဲခန်းဖွင့်ပွဲ ကျင်းပ

**မကွေး ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန မြေဆီလွှာဓာတ်ခွဲခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ရုံးခန်းအတွင်းရှိ မြေဆီလွှာဓာတ်ခွဲခန်း အဆောက်အအုံရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။



အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်း၊ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကား ပြောကြားကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက မြေဆီလွှာဓာတ်ခွဲခန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မြေဆီလွှာ ဓာတ်ခွဲခန်းအဆောက်အအုံအား ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ငွေကျပ် သိန်း ၃၅၀ အကုန်အကျခံကာ ဆောက်လုပ်ခဲ့ပြီး ဓာတ်ခွဲခန်းကိုင်တွယ်မည့် ဝန်ထမ်းများအား ရန်ကုန်မြို့ရှိ ဓာတ်ခွဲခန်းတွင် ခြောက်လခန့်လေ့လာသင်ကြားစေခဲ့ပြီး ယခုလက်ရှိတွင် ဓာတ်ခွဲခန်းဝန်ထမ်း ခုနစ်ဦးဖြင့် စတင်လည်ပတ်နေပြီ ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှလည်း ဓာတ်ခွဲခန်းသုံး ပစ္စည်းများအတွက် တစ်နှစ်လျှင် ငွေကျပ်သိန်း ၅၀၀ စီဖြင့် နှစ်နှစ်အတွက် ငွေကျပ်သိန်း တစ်ထောင်ချထားပေးခဲ့ကြောင်း၊ ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် ရန်ကုန်မြို့မှ ဓာတ်ခွဲခန်း အဆင့်မျိုးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဝင်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုကာ သိရှိလိုသည်များကို မေးမြန်းရာ ဓာတ်ခွဲခန်းဝန်ထမ်းများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မေသူလွင် (မကွေး-ကိုယ်ပွား)**

# ပြည်နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုများဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ လွိုင်ကော်မြို့၌ ပြုလုပ်

**လွိုင်ကော် ဇန်နဝါရီ ၂၆**

ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၁၈ ခုနှစ် ပြည်နယ်အဆင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၅ ရက်က လွိုင်ကော်မြို့ Famous Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ NGO များ တက်ရောက်ကြပြီး ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖော်ထုတ်သောအခါ အမျိုးသားကျန်းမာရေးစီမံကိန်းမူဘောင်နှင့်အညီ ရေးဆွဲရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် လိုအပ်ချက်များ ရှာဖွေဖော်ထုတ်ကာ ဖော်ထုတ်ရရှိသော လိုအပ်ချက်နှင့်အညီ လုပ်ငန်းစဉ်များချမှတ်၍ စီမံကိန်းရေးဆွဲရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်ရန် မဖြစ်နိုင်သောကြောင့် ကျန်းမာရေးဌာနနှင့်အတူ ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ နီးနွယ်ဌာနများက ပေါင်းစပ်ဆောင်ရွက်ပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ရင်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း ကယားပြည်နယ်အတွင်းမှ မြို့နယ်များတွင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ပြီး ဖော်ထုတ်ရရှိသော လိုအပ်ချက်များနှင့်အညီ လုပ်ငန်းစဉ်များချမှတ်ကာ စီမံကိန်းရေးဆွဲနိုင်ရေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# သွားနှင့်ခံတွင်းဝေဒနာရှင်များအား ပညာပေးဟောပြောပြီး အခမဲ့ဆေးကုသပေး

**ပေါက်တော ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်းမှ သွားနှင့်ခံတွင်း ဝေဒနာရှင်များအား အခမဲ့ဆေးဝါးကုသပေးခြင်းနှင့် သွားနှင့်ခံတွင်းကျန်းမာရေး ပညာပေးဟောပြောခြင်းကို ပေါက်တောမြို့နယ်လုံးဆိုင်ရာ မီးသဂြိုဟ်စက်ဖြစ်မြောက်ရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ သွားဆရာဝန်များအသင်း(ဗဟို)မှ ဆရာဝန်ကြီးများ ဇန်နဝါရီ ၂၄ ရက်က ဆောင်ရွက်ခဲ့သည်။



ပေါက်တောမြို့နယ် သာသနာ့ဗိမာန်၌ သွားနှင့်ခံတွင်းဝေဒနာရှင်များအား စစ်ဆေးကုသပေးရာတွင် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များအသင်း(ဗဟို)က ဦးဆောင်၍ ရခိုင်ပြည်နယ်မှ သွားဆရာဝန်များက အခမဲ့ ဆေးဝါးကုသပေးကာ ပေါက်တောမြို့နယ် မီးသဂြိုဟ်စက်ဖြစ်မြောက်ရေးကော်မတီနှင့်အတူ ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များမှ လူငယ်များက လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့ကြသည်။

ပေါက်တောမြို့၌ သွားနှင့်ခံတွင်း အခမဲ့ ဆေးကုသပေးခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ပြီး စစ်ဆေးကုသရန်အတွက် လူနာ ၃၅၀ ကြိုတင်စာရင်းပေးသွင်းထားသော်လည်း လက်တွေ့ကုသပေးရာတွင် ဝေဒနာရှင် ၅၀၀ ခန့်အထိ လာရောက်ပြသ ကုသမှုခံယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်သာတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး နိုင်ငံတော်မှ ငွေကျပ် သိန်းပေါင်း ၃၇၀၀ ခန့် အသုံးပြုခဲ့

**တောင်သာ ဇန်နဝါရီ ၂၆**

တောင်သာမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများအား လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးနိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၌ နိုင်ငံတော်မှ ငွေကျပ် သိန်းပေါင်း ၃၇၀၀ခန့် သုံးစွဲခဲ့ကြောင်း တောင်သာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၌ လျှပ်စစ်ဓာတ်အားစနစ်များ တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် တောင်သာမြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာများရှိထရန်စဖော်မာများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့်ထရန်စဖော်မာများအသစ်တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းများရှိ ဆွေးမြည့်တိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးခြင်း၊ ကြွေသီးများ လဲလှယ်ခြင်းများဆောင်ရွက်ခဲ့ရာ ငွေကျပ်သိန်းပေါင်း ၁၇၀၀ခန့် သုံးစွဲခဲ့ရကြောင်း သိရသည်။

ထို့အပြင် ကျေးရွာခုနစ်ရွာတွင် လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၂၀၀၀ခန့်ဖြင့် တင်ဒါခေါ်ယူကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ တောင်သာမြို့နယ်တွင် ကျေးရွာပေါင်း ၂၄၃ ရွာရှိရာလက်ရှိအချိန်၌ ကျေးရွာပေါင်း ၁၁၀ လျှပ်စစ်ဓာတ်အားရရှိနေပြီဖြစ်ပြီး ဆက်လက်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ မီတာတပ်ဆင်၍ မီးသုံးစွဲခွင့် ရရှိသူဦးရေ ၁၅၉၅၅ ဦးရှိကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# ရောဝတီတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ ချေးငွေများပေးအပ်

**ပုသိမ် ဇန်နဝါရီ ၂၆**

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများသို့ အသေးစားချေးငွေ၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းချေးငွေ၊ လယ်ယာသုံးစက်ကိရိယာအတွက်ချေးငွေနှင့် မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းသို့ ချေးငွေများပေးအပ်ပွဲကို ပုသိမ်မြို့ရှိ သမဝါယမသင်တန်းကျောင်း၌ ဇန်နဝါရီ တတိယပတ်အတွင်းက ကျင်းပသည်။

ချေးငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက တိုင်းဒေသကြီးအတွင်း သမဝါယမအသင်းပေါင်း ၇၃၁၂ သင်း ဖွဲ့စည်းထားပြီး အသင်းသား ၆၇၆၆၅၄ ဦးရှိကြောင်း၊ သမဝါယမဦးစီးဌာနအနေဖြင့် လုပ်ငန်းစဉ် (၈) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းသားများအနေဖြင့် မိမိတို့ရရှိသော ချေးငွေအထောက်အပံ့များကို အကျိုးရှိစွာသုံးစွဲရန်၊ သမဝါယမ တာဝန်ရှိသူများအနေဖြင့် အများပိုင်ငွေကြေးနှင့်ပစ္စည်းများ မဆုံးစေရေးအတွက် စနစ်တကျ ဆောင်ရွက်ကြရန် စသည်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက ခရိုင်အလိုက် အသေးစားအရင်းအနှီးချေးငွေ၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းချေးငွေ၊ လယ်ယာသုံးစက်ကိရိယာအတွက် ချေးငွေနှင့် မျိုးစေ့ထုတ်လုပ်ရေး ချေးငွေများကို သမဝါယမအသင်းများမှ တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

သမဝါယမအသင်းများနှင့် အသင်းသားများသို့ ချေးငွေများထုတ်ပေးမှုမှာ အသေးစားအရင်းအနှီးချေးငွေ ကျပ် ၉၁၅၀၈ ဒသမ ၃၈၇ သန်း၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းချေးငွေ ကျပ် ၉၄၇ ဒသမ ၈ သန်း၊ လယ်ယာသုံးစက်ကိရိယာ ၅၆၈ စီးအတွက် ချေးငွေ ၂၁၃၀ ဒသမ ၀၉၈ သန်းနှင့် မျိုးစေ့ထုတ်လုပ်ရေးချေးငွေ ကျပ် ၄၈၅ ဒသမ ၄ သန်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်နည်းပညာအခြေခံသင်တန်းဖွင့်လှစ်ပို့ချ

**မိတ္ထီလာ ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ငါးခုမှ သင်တန်းသူ ၂၀ အား သင်ကြားပို့ချပေးမည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်နည်းပညာ အခြေခံသင်တန်းကို အမျိုးသမီးရေးရာကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်း(မိတ္ထီလာ)တို့ပူးပေါင်း၍ ဇန်နဝါရီ ၂၅ ရက်က စတင်ဖွင့်လှစ်ကြောင်းသိရသည်။

ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကားပြောကြားပြီး ဝန်ကြီးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်တို့က သင်တန်းတက်ရောက်မည့် မိတ္ထီလာ၊ ရမည်းသင်း၊ ညောင်ဦး၊ မြင်းခြံ၊ ကျောက်ဆည်ခရိုင်များမှ သင်တန်းသူ ၂၀နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ ထို့နောက် စက်ချုပ်နည်းပညာ အခြေခံသင်တန်း ဖွင့်လှစ်မည့်နေရာတွင် သင်တန်းအထောက်အကူပြု စက်ကိရိယာပစ္စည်းများ ထားရှိပြင်ဆင်ထားမှုကို တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုပြီး သင်တန်းသူများအား အားပေးစကားပြောကြားခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ငဝန်ရေကာတာ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိ

**ရေကြည် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ ကြီးကြပ်မှုနှင့် တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ငါးသိုင်းချောင်းမြို့ရှိ ငဝန်ရေကာတာ တာမိုင်အရှည် စုစုပေါင်း ၁၇ မိုင်အတွင်း ရေကာတာအဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၈ ဇန်နဝါရီလဆန်းပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၂၄ ရက်တွင် ငဝန်ရေကာတာ မိုင်တိုင် ၃၉ မှ ၄၃ အထိ၊ ၄၈ မှ ၅၂ အထိ နှင့် ၅၂ မှ ၅၆ အထိ နေရာများတွင် အဖွဲ့သုံးဖွဲ့ခွဲ၍ ရေကာတာမြေသား တာခြေထောက်ခြင်းနှင့် တာထိပ်မြှင့်ခြင်းလုပ်ငန်း၊ ရေထုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလ ငဝန်မြစ်ရေကြီးစဉ် အချိန်များတွင် ငဝန်ရေကာတာ ကျွံခိုင်မှုယိုယွင်းခဲ့သည့်အခြေအနေများ၊ ရေကာတာမှ ယိုစိမ့်မှုအခြေအနေများ ဖြစ်ပေါ်ခဲ့၍ ရေကြည်မြို့နယ်အတွင်း ငဝန်မြစ်ကမ်းတစ်လျှောက်နှင့် ရေကာတာတစ်လျှောက်ရှိ ရေကြည်၊ ငါးသိုင်းချောင်း၊ အသုတ်မြို့များမှ ရပ်ကွက်များ၊ ကျေးရွာအုပ်စုများရှိ ဒေသခံပြည်သူများမှာ ရေဘေးအန္တရာယ်ကို စိုးရိမ်ရခြင်း၊ ရေကြီးမှုနှင့်ကြုံတွေ့ရခြင်း၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ကြုံတွေ့ရခြင်းတို့ ရှိခဲ့



သလို အရေးပေါ်အခြေအနေများတွင် ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းပေါင်းစုံ ပူးပေါင်း၍ နေ့ညမပြတ်စောင့်ကြပ်ခြင်း၊ စုပေါင်းပြုပြင်ခြင်း၊ ကယ်ဆယ်ရေးလုပ်ခြင်းတို့ကို အရေးပေါ် ဆောင်ရွက်ခဲ့ရသည်။

ထို့ကြောင့် ငဝန်ရေကာတာကို အဆင့်မြှင့်တင်ပြုပြင်ခြင်းများလုပ်ဆောင်ရန် လိုအပ်လျက်ရှိရာ လုပ်ငန်းများအတွက် နိုင်ငံတော်မှ ခွင့်ပြုချက်ရရှိအောင် သက်ဆိုင်ရာလွှတ်တော်အဖွဲ့အစည်းများမှ တင်ပြချက်၊ သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၏ တွက်ချက်စီမံဆောင်ရွက်ချက်များဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငဝန်ရေကာတာတာ အရှည် ၁၇ မိုင်အတွက် အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို ခွင့်ပြုချက်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆင့်မြှင့်တင်ဆောင်ရွက်ရန် ခွင့်ပြုတာမိုင် စုစုပေါင်း အရှည် ၁၇ မိုင်အနက် ငါးသိုင်းချောင်းမြို့အပြင်ဘက် ၁၅ မိုင်ခွဲတွင် မြေသားတာခြေထောက်ခြင်း၊ တာထိပ်မြှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး မြို့တွင်းတစ်မိုင်ခွဲတွင် ကွန်ကရစ်မြေထိန်း နံရံတည်ဆောက်ခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မြို့ပြင်ပိုင်း၌ စတင်ဆောင်ရွက်နေပြီဖြစ်ပြီး လာမည့်ဖေဖော်ဝါရီလဆန်းပိုင်းတွင် မြို့တွင်းပိုင်းကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြို့ပြင်ပိုင်း လုပ်ငန်းဆောင်ရွက်မှုများမှာ ၃၅ ရာနှုန်းအထိ ပြီးစီးနေပြီဖြစ်ပြီး ရေဘေးကာကွယ်ရေးအတွက် လိုအပ်သော မိုးရေထုတ်မြောင်း တူးဖော်ခြင်း၊ တိမ်ကောနေသော ချောင်းမြောင်းများ ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများကိုလည်း မြို့ပြင်ပိုင်းတွင် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ငါးသိုင်းချောင်းမြို့တာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးနိုင်ဦးက ပြောကြားသည်။

ယခုဆောင်ရွက်နေသော ငဝန်ရေကာတာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးပါက ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့အပါအဝင် ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ၁၂ မြို့နယ်မှ ရေဘေးကာကွယ်မှုဧရိယာ ဧက ၂၀၀၀၀၀ ကျော်တွင် ပိုမိုဘေးကင်း လုံခြုံစိတ်ချရသော ရေဘေးကာကွယ်မှုကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ဖျာပုံမြို့၌ (၄၄)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲကျင်းပ

**ဖျာပုံ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၄၄) ကြိမ်မြောက် မူလပရိယတ္တိစာမေးပွဲကြီးကို ယခုနှစ်တွင် ဇန်နဝါရီ ၂၄ ရက်မှ စတင်ကာ ဖျာပုံမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာမေးပွဲကြီးတွင် ဖျာပုံမြို့နယ်လုံးဆိုင်ရာ သြဝါဒဆရာတော်ကြီးများက ကြီးမှူး၍ စာဖြေသံဃာတော်ပေါင်း ၁၅၀ ပါဝင်ဖြေဆိုလျက်ရှိပြီး ပထမငယ်တန်းတွင် ၁၁ ပါး၊ မူလတန်းအခြေပြု ၂၄ ပါး၊ ဒုတိယအဆင့် ၂၈ ပါးနှင့် ပထမအဆင့် ၅၆ ပါးတို့ဖြစ်ကြောင်း သိရသည်။ စာမေးပွဲကြီးတွင် ဝင်ရောက်ဖြေဆိုတော်မူကြသော စာဖြေသံဃာ အရှင်မြတ်များအနေဖြင့် အာရုံဆွမ်းနှင့် နေ့ဆွမ်းများကို လစ်လပ်မှုမရှိဘဲ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ကြစေရန် အလှူရှင်များက နေ့စဉ်ဒါနပြု လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ဖျာပုံမြင့်ဦး**

# မန်စီမြို့၌ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံသစ် ဖွင့်လှစ်

**ဗန်းမော် ဇန်နဝါရီ ၂၆**

ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနိုင်ရေးနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့ ကောင်ရာရပ်ကွက်၌ ၁၆ ခုတင်ဆံ့တိုင်းရင်းဆေးရုံသစ်ကို ဇန်နဝါရီ ၂၅ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဆေးရုံသစ်ကို ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းရင်းဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးကာ လူနာများအား တွေ့ဆုံအားပေးသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကားပြောကြားပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က တိုင်းရင်းဆေးရုံဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြန်မာမိတ်ကာဟုမ်းဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ခံ ဦးလှိုင်မင်းထွန်းက တိုင်းရင်းဆေးရုံ အဆောက်အအုံနှင့် လေးခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံတို့နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်ကြည်ဌေးထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံအဆောက်အအုံနှင့် လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေမှ ခွင့်ပြုရန်ပုံငွေ ကျပ် ၄၉၉ သန်းကျော် အကုန်ကျခံ၍ တည်ဆောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အဆင့်မြင့်မော်တာစက်ချုပ်သင်တန်း ဖွင့်လှစ်

**သံတောင်ကြီး ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အဆင့်မြင့်မော်တာစက်ချုပ်သင်တန်း အမှတ် စဉ်(၁/၂၀၁၈) သင်တန်းဖွင့်ပွဲကို သံတောင်မြို့ ပသိချောင်းခန်းမ၌ ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သံတောင်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခရိုက်နှင့် မြို့မိမြို့ဖများက သင်တန်းသူများအား တွေ့ဆုံအားပေးသည်။ သင်တန်းသို့ သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အခြေခံမော်တာစက်ချုပ်သင်တန်း တက်ရောက်ပြီးသည့် သင်တန်းသူ ၂၀ တက်ရောက်သင်ကြားပြီး သင်တန်းတွင် အမျိုးသမီးဝတ် အင်္ကျီ၊ ထဘီ၊ စကတ် အမျိုးမျိုး ချုပ်နည်းများနှင့် ခေတ်မီပုံဆန်းအထည်မျိုးစုံ ချုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကာ သင်တန်းကာလမှာ ဖေဖော်ဝါရီ ၂၂ ရက်အထိဖြစ်သည်။ အမျိုးသမီးငယ်များအနေဖြင့် အိုးမကွာအိမ်မကွာဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ရန်အတွက် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ပုသိမ်ကြီးမြို့ ကျီကုန်းကွေ့တွင် နာရီစင်ကြီး တည်ဆောက်မည်

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ကို မြို့ပြအင်္ဂါရပ်များနှင့် ညီညွတ်စေရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များအရ မြို့နယ်ဂုဏ်ဆောင် နာရီစင်ကြီး တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ယခုလုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ၊ မြို့မိမြို့ဖများ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်၊ ဆောက်လုပ်ဖို့ နေရာရွေးကြတဲ့အခါ မြို့ထဲ ပုသိမ်ကြီးကွေ့နဲ့ မြို့အဝင် ကျီကုန်းကွေ့ နှစ်နေရာ ချပြခဲ့ရာမှာ အများဆန္ဒအရ ကျီကုန်းကွေ့ကို ရွေးချယ်ခဲ့ပါတယ်၊ အဲဒီနေရာမှာလည်း လမ်းရဲ့အနောက်မြောက်ထောင့် ယာဉ်အသွားအလာအနည်းဆုံးနေရာနဲ့ လမ်းအရှေ့ဘက်ခြမ်းအပိုင်း လမ်းလယ်နှစ်နေရာဆိုပြီး ထပ်ရွေးချယ်ထားပါတယ်၊ အခု နာရီစင်ပြုလုပ်မယ့်နေရာမှာ ၁၀ ပေ ပတ်လည်လောက်ရှိတဲ့ ပုံစံငယ်တစ်ခု ချပြထားပေးပါမယ်၊ ပြည်သူ့အသံကိုလည်း နားစွင့်တဲ့သဘောပေါ့"ဟု နာရီစင်ဆောက်လုပ်ရေးအဖွဲ့ဝင် ဦးထွေးအောင်က ပြောကြားသည်။

"ပုသိမ်ကြီးမြို့မှာ ဈေးသစ်ကြီးလည်းရှိလာပြီ၊ လမ်းတွေလည်း အသစ်ဖောက်တာ၊ အဆင့်မြှင့်တင် ပြုပြင်တာတွေလုပ်နေပါတယ်၊ မြို့အင်္ဂါရပ်များနဲ့ညီအောင် တစ်ဆင့်ချင်း လုပ်ဆောင်နေကြခြင်းပါ၊ နောက် မကြာမီ မြို့တော်ခန်းမလည်း ဆောက်လုပ်ဖို့ ညှိနှိုင်းစီစဉ်နေပါတယ်၊ တည်ဆောက်ရေးကာလမှာ အမြင်လွဲမှုတွေ၊ စေတနာနဲ့ ဝေဖန်အကြံပြုမှုတွေ ရှိနေမှာပါ၊ မြို့ရဲ့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေကြသူများမှာလည်း သူ့အပိုင်းနှင့်သူ တာဝန်ယူ၊ တာဝန်ခံ လုပ်ဆောင်ပေးနေကြပါတယ်"ဟု ဦးထွေးအောင်က ဆက်လက်ပြောကြားသည်။

အဆိုပါ နာရီစင်ကြီးတည်ဆောက်ရန်ကိစ္စနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကိုလည်း ဇန်နဝါရီ ၁၂ရက်က ပုသိမ်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။



**တင်မောင်(မန်းကိုယ်ပွား)**

# သန်လျင်၌ ဖူဆယ်ဘောလုံးကွင်းသစ်ဖွင့်ပွဲ ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ရွှေဝါလမ်း၌ ဖူဆယ်ဘောလုံးကွင်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က အဆိုပါဘောလုံးကွင်းရှေ့၌ ကျင်းပခဲ့သည်။

ဘောလုံးကွင်းသစ်ကို မျိုးဆက်သစ် လူငယ်ဖူဆယ်ဘောလုံး အားကစားသမားများ ပေါ်ထွန်းလာစေရန်နှင့် ရပ်ကွက်၊ ကျေးရွာ မြို့နယ်များတွင် ပုဂ္ဂလိကအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေလင်းအောင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြအောင်တို့က ဘောလုံးကွင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**သက်ခိုင်(သန်လျင်)**

# အလိုအလျောက် မြေလျင်တိုင်းစက်ကိရိယာ တပ်ဆင်ထားပြီးဖြစ်

**ကသာ ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကိုရီးယားနိုင်ငံမှ Korea Meteorological Administration(KMA)နှင့် Korea Meteorological Industry Promotion Agency(KMIPA) တို့ ပူးပေါင်းမှုဖြင့် အလိုအလျောက် မြေပြင်တိုင်းကိရိယာ(Automated Synoptic Observing System)ကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ကသာမြို့ရှိ မိုးဇလဦးစီးဌာနရုံးရှေ့တွင် တပ်ဆင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ကသာမြို့မိုးဇလဦးစီးဌာနရုံး၌ ဧရာဝတီမြစ်အတွင်း မြစ်ရေခန့်မှန်းရေးလုပ်ငန်းများကို ပိုမိုတိကျမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်အတွက် အလိုအလျောက် မြစ်ရေနိမ့်၊ မြင့်တိုင်းကိရိယာ (Telemetry Water Level Monitoring System-TWMS) ကိုလည်း ပြီးခဲ့သည့်နှစ် မေလအတွင်းက တပ်ဆင်ထားခဲ့ပြီး ထိုင်းနိုင်ငံအခြေစိုက် ဒေသဘက်စုံသဘာဝဘေး ကြိုတင်သတိပေးစနစ်(Regional Integrated Multi-Hazard Early Warning System(RIMES)နှင့်ပူးပေါင်း၍ အင်ဒို-အရှေ့တောင်အာရှဒေသ အပေါ်ယံကျောက်သားမြေမျက်နှာပြင် ပုံသဏ္ဍာန်ပြောင်းလဲမှုတိုင်းတာရေးနှင့် မြေငလျင်လှုပ်ရှားမှုလေ့လာစောင့်ကြည့်ရေးစီမံကိန်းအရ မြေငလျင်စက်ကိုလည်း ဩဂုတ်လအတွင်းက တပ်ဆင်ထားခဲ့ကြောင်း သိရသည်။

ကသာမြို့တွင် အလိုအလျောက်တိုင်းတာရေး စက်ကိရိယာများ တပ်ဆင်ထားခြင်းကြောင့် စက္ကန့်ပိုင်းအတွင်းဖြစ်ပွားသည့် သဘာဝအပြောင်းအလဲ အချက်အလက်များကို သိရှိနိုင်ပြီး အဆိုပါအချက်များအပေါ် မူတည်၍ ရာသီဥတုအခြေအနေများကိုလည်း ကြိုတင်ခန့်မှန်းသိရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# ဘားကမ့်ရန်ကုန် ၂၀၁၈ စတင်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

၂၀၁၀ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည့် ဘားကမ့်ရန်ကုန်(Barcamp Yangon)ကို ယခုနှစ်တွင် ကိုးကြိမ်မြောက်အဖြစ် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ဇန်နဝါရီ ၂၇ ရက်(ယနေ့) နံနက် ၉ နာရီမှ စတင်ကျင်းပပြီး ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်ကာ ဇန်နဝါရီ ၂၈ ရက်တွင်လည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွက် Themes ကို AwesomeYangon ဟု သတ်မှတ်ထားကြောင်း သိရသည်။

BarCamp များသည် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာနယ်ပယ်အတွင်းရှိ ပညာရှင်များသာမက ဝါသနာရှင်များ၊ စိတ်ပါဝင်စားသူများ စုပေါင်းပြီး အသိပညာဖလှယ်ရန် စကားဝိုင်းဆွေးနွေးသည့်ပွဲဖြစ်ကာ သမားရိုးကျ ဟောပြောပွဲများနှင့်မတူသည့် ထူးခြားချက်မှာ ပွဲတက်ရောက်လာသူများကိုယ်တိုင်က မိမိတို့ ဝါသနာပါရာ၊ ကျွမ်းကျင်ရာ အကြောင်းအရာများကို ပြောဆိုဆွေးနွေးလိုပါက ခေါင်းစဉ်များပေး၍ ပွဲလာရောက်သူများထဲမှ စိတ်ဝင်စားသူများကို ဖိတ်ခေါ်ကာ သက်ဆိုင်ရာအုပ်စုလေးများဖွဲ့ပြီး လွတ်လပ်ပေါ့ပါးစွာ ဆွေးနွေးသည့်ပုံစံမျိုးဖြင့် ဆွေးနွေးနိုင်ခြင်းဖြစ်သည်။ ထို့အတူ ပွဲသို့လာရောက်သူများအနေဖြင့်လည်း ဆွေးနွေးမည့်သူများစွာက ကြော်ငြာကပ်ထားသော ခေါင်းစဉ်များကိုကြည့်၍ မိမိတို့ ဝါသနာပါ၊ စိတ်ဝင်စားသော ခေါင်းစဉ်ကို ဆွေးနွေးမည့်နေရာတွင် ဝင်ရောက်ဆွေးနွေးနိုင်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဘားကမ့်ပွဲကို ရန်ကုန်မြို့၌ ဘားကမ့်ရန်ကုန်အမည်ဖြင့် ၂၀၁၀ ခုနှစ်က စတင်ကျင်းပခဲ့ပြီး ဆက်လက်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ် ဘားကမ့်ရန်ကုန် ၂၀၁၈ အထိ ကိုးကြိမ်ရှိပြီဖြစ်သည်။ ပထမဆုံးအကြိမ်ကျင်းပသည့် ဘားကမ့်ရန်ကုန်သည် လူဦးရေ ၆၀၀၀ ကျော် တက်ရောက်ကာ ကမ္ဘာပေါ်တွင် ကျင်းပသည့် ဘားကမ့်ပွဲများအနက် အအောင်မြင်ဆုံးပွဲတစ်ခုဖြစ်ခဲ့သလို နောက်နှစ်များတွင်လည်း ဆက်လက်၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ ဘားကမ့်ရန်ကုန်၏ အောင်မြင်မှုများနှင့် နည်းပညာဝါသနာပါသူ လူငယ်များအပေါ် အကျိုးပြုနိုင်မှုများကြောင့် ဘားကမ့်ပွဲများကို အခြားမြို့များတွင်လည်း အကြိမ်ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

**သူရဖြိုး**

# ဆက်သွယ်ရေးအော်ပရေတာ ကုမ္ပဏီကြီးများသို့ အလုပ်လျှောက်ထားမှုမြင့်တက်

**ရန်ကုန် ဇန်နဝါရီ ၂၆**

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ စတုတ္ထမြောက် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာအဖြစ် ရွေးချယ်ခံထားရသော Telecom International Myanmar ကုမ္ပဏီလီမိတက်၏ ဝင်ရောက်လာမှုနှင့်အတူ ပြိုင်ဆိုင်မှုပိုမိုမြင့်လာသော မြန်မာနိုင်ငံ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍမှာ ပြည်တွင်းရှိ အလုပ်အကိုင်ရှာဖွေသူတို့၏ စိတ်ဝင်စားမှုကိုလည်း ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း ဆက်သွယ်ရေးအော်ပရေတာ ကုမ္ပဏီကြီးများသို့ အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင် လျှောက်ထားမှု အရေအတွက်မှာလည်း စုစုပေါင်း ၄၆၀၀၀ ကျော်အထိ ရှိခဲ့ကြောင်း အလုပ်အကိုင်ရှာဖွေရေးဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် work.com.mm မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

work.com.mm ၏ သတင်းထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ်အတွင်း ၎င်းတို့ဝက်ဘ်ဆိုက်မှတစ်ဆင့် အလုပ်အကိုင်လျှောက်ထားမှုမှာ စုစုပေါင်း ၃၅၈၀၀၀ ကျော်ရှိခဲ့ပြီး အဆိုပါ အလုပ်အကိုင်လျှောက်ထားမှုအားလုံး၏ ခုနစ်ရာခိုင်နှုန်းမှာ ဆက်သွယ်ရေးအော်ပရေတာ ကုမ္ပဏီကြီးများဖြစ်သော Telcom International Myanmar ကုမ္ပဏီလီမိတက်နှင့် အူရီဒူးမြန်မာတို့သို့ လျှောက်ထားခဲ့ကြကြောင်း၊ မြန်မာနိုင်ငံ၏ စတုတ္ထမြောက် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာအဖြစ် ရွေးချယ်ခံခဲ့ရသော Telecom International Myanmar သည် မြန်မာနိုင်ငံရှိ အလုပ်အကိုင်ရှာဖွေသူတို့ကြား စိတ်ဝင်စားမှု အထူးမြင့်တက်ခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း အဆိုပါကုမ္ပဏီသို့ အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်လျှောက်ထားမှုပေါင်းမှာ ၁၇၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။

Telecom International Myanmar သည် ၂၀၁၇ ခုနှစ်အတွင်း work.com.mm ဝက်ဘ်ဆိုက်မှတစ်ဆင့် အလုပ်အကိုင်ရာထူး အမျိုးအစားပေါင်း ၁၈၃ ခုအတွက် ဝန်ထမ်းများကိုလည်းခေါ်ယူခဲ့ရာ ၂၀၁၇ ခုနှစ်၏ ဝန်ထမ်းလိုအပ်ချက်အမြင့်မားဆုံး ကုမ္ပဏီအဖြစ်လည်း ဦးဆောင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် အခြားမိုဘိုင်းဆက်သွယ်ရေးအော်ပရေတာ ကုမ္ပဏီတစ်ခုဖြစ်သော အူရီဒူးမြန်မာတွင် အလုပ်အကိုင်လျှောက်ထားမှုသည် ၂၀၁၇ ခုနှစ်အတွင်း အရေအတွက် ၇၃၀၀ ကျော်ရှိခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် အလုပ်အကိုင်လျှောက်ထားမှုအများဆုံး ထိပ်တန်းကုမ္ပဏီကြီးသုံးခုတွင် ပါဝင်လာခဲ့ကြောင်း သိရသည်။

work.com.mm ၏ ဆက်ဆံရေးမန်နေဂျာ ကိုဂျိုးဇက်က "၂၀၁၇ ခုနှစ်အတွင်း အွန်လိုင်းအလုပ်အကိုင်လျှောက်ထားမှုပေါင်း ၁၇၀၀၀ ကျော်အထိရှိခဲ့တဲ့ Telecom International Myanmar ဟာ အလုပ်အကိုင်လျှောက်ထားမှုပေါင်း ၈၇၀၀ ကျော်ရှိခဲ့တဲ့ ဒုတိယနေရာက Max Myanmar Group ထက်ကို လျှောက်လွှာပေါင်း နှစ်ဆကျော် ပိုမိုများပြားခဲ့တာကို တွေ့ရမှာပါ။ အူရီဒူးမြန်မာကလည်း ၂၀၁၇ ခုနှစ်အတွင်းမှာ အလုပ်အကိုင်လျှောက်လွှာပေါင်း ၇၃၀၀ ကျော် လက်ခံရရှိခဲ့ပြီး အွန်လိုင်းမှ အလုပ်အကိုင်လျှောက်ထားမှု တတိယအများဆုံးကုမ္ပဏီအဖြစ် ပါဝင်လာတာ တွေ့ရပါတယ်" ဟု ပြောသည်။

work.com.mm ဝက်ဘ်ဆိုက်မှတစ်ဆင့် ၂၀၁၆ ခုနှစ်အတွင်းက အလုပ်လျှောက်လွှာတင်ကြသူများ စာရင်း မှတ်တမ်းများအရ ၂၀၁၆ ခုနှစ်ကလည်း မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍသို့ အလုပ်လျှောက်ထားမှုမှာ ၎င်းတို့ဝက်ဘ်ဆိုက်မှတစ်ဆင့် အလုပ်အကိုင်လျှောက်ထားမှု စုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း သိရသည်။

**သူရဖြိုး**

# အခွန်ပေးဆောင်မှုအများဆုံး ကုမ္ပဏီများစာရင်းတွင် ကျပ် ၂၄ ဘီလီယံကျော်ဖြင့် တယ်လီနော စတင်ပါဝင်လာ

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံအစိုးရ၏ တစ်နှစ်တာအတွင်း အခွန်ပေးဆောင်မှုအများဆုံး ကုမ္ပဏီများစာရင်းအရ တယ်လီနောမြန်မာသည် ဝင်ငွေခွန် ကျပ် ၂၄ ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံတွင် အခွန်ပေးဆောင်မှုအများဆုံး နိုင်ငံတကာ ကုမ္ပဏီများအနက် တစ်ခုအပါအဝင်ဖြစ်လာကြောင်း သိရသည်။

တယ်လီနောသည် ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း ဝင်ငွေခွန်အဖြစ် ကျပ် ၂၄ ဘီလီယံကျော် ထမ်းဆောင်ခဲ့ကာ ဝင်ငွေခွန်ပေးဆောင်မှုအများဆုံး နိုင်ငံတကာကုမ္ပဏီများစာရင်းတွင် နံပါတ် (၅) နေရာ၌ ရပ်တည်ခဲ့ခြင်းဖြစ်သည်။ ထိပ်တန်းအခွန်ပေးဆောင်မှုစာရင်းတွင် ပါဝင်သည့် တစ်ခုတည်းသော ဆက်သွယ်ရေးကုမ္ပဏီဖြစ်ကာ အခွန်ပေးဆောင်မှုအများဆုံး အခြားနိုင်ငံတကာကုမ္ပဏီ လေးခုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတို့မှဖြစ်သည်။

တယ်လီနောသည် မြန်မာနိုင်ငံတွင် လုပ်ငန်းစတင်လုပ်ဆောင်သည့်အချိန်မှစ၍ ယခုအချိန်အထိ ဝင်ငွေခွန်အဖြစ် ကျပ် ၂၀၀ ဘီလီယံကျော်နှင့် ကုန်သွယ်ခွန်အဖြစ် ကျပ် ၅၆ ဘီလီယံကျော်၊ စုစုပေါင်း အခွန်အရပ်ရပ်အဖြစ် ကျပ် ၂၉၅ ဘီလီယံကျော် ထမ်းဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# IELTS စာမေးပွဲအကြောင်း ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၆**

IELTS ဖြေဆိုရန် ပြင်ဆင်လေ့လာနေသူများအတွက် စာမေးပွဲဖြေဆိုရန် ပြင်ဆင်လေ့လာပုံများနှင့် စာမေးပွဲနှင့်ပတ်သက်သည့် သိရှိနားလည်ထားသင့်သောအကြောင်းအရာများ ဟောပြောဆွေးနွေးပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီ စာကြည့်တိုက်၌ ဇန်နဝါရီ ၃၀ ရက် ညနေ ၆ နာရီမှ ၇ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် IELTS စာမေးပွဲ၌ bandscore 8.5 ရရှိထားသော ကိုရဲသီဟထွန်းက ရှင်းလင်းပြောကြားမည်ဖြစ်ပြီး ဟောပြောပွဲအပြီးတွင် သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးနိုင်မည်ဖြစ်ကာ ဟောပြောပွဲနှင့် ပြန်လည်ဆွေးနွေးခြင်းကဏ္ဍနှစ်ခုလုံးကို မြန်မာဘာသာဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲအတွက် ထိုင်ခုံနေရာ ကန့်သတ်ထားသဖြင့် တက်ရောက်လိုသူများအနေဖြင့် https://www.ieltsasia.org/mm/events/ielts-preparation-talk-Jan2018 တွင် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး စာကြည့်တိုက်သို့ လာရောက်သောအခါတွင်လည်း မှတ်ပုံတင် သို့မဟုတ် ကျောင်းသားကတ် တစ်ခုခုကို ယူဆောင်လာရန်လိုအပ်ကြောင်း သိရသည်။

**သူရဖြိုး**


**INVITATION FOR OPEN TENDER (2/2018)**

**[TENDER NO. MPPE/HSD/T/2 (2017-2018)**

1. Open Tender is invited for the Myanma Petroleum Products Enterprise, Ministry of Electricity and Energy for the supply of High Speed Diesel(376,000 ± 10% Barrels)
2. Tender Closing Date & Time - 8-2-2018, 12:00Hrs
3. Tender Opening Date & Time - 8-2-2018,13;00Hrs
4. Delivery Time - March 2018 to June 2018
5. Tender documents and details information are available at the Department of Finance, Myanma Petroleum Products Enterprise, Nay Pyi Taw, during our office hours commencing 26-1-2018 on payment of Myanmar Kyat One Hundred Thousand (Kyats 100,000) per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

Managing Director
Myanma Petroleum Products Enterprise
Ministry of Electricity and Energy
No(6)Complex,Nay Pyi Taw

**Contact Phone No**
**067-3411487/3411486/3411280/3411129**

**ဖိတ်ကြားခြင်း**

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၀)၊ ကျောင်းဆင်း (၄၂)နှစ်မြောက် တွေ့ဆုံပွဲကို အောက်ပါအတိုင်းပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းအရာရှိများ မိသားစုနှင့် ကျဆုံး၊ သေဆုံးအရာရှိ မိသားစုများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(က) **နေရာ** - ကုန်းမြင့်သာစားသောက်ဆိုင်၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်
(ခ) **နေ့ရက်** - ၂၀၁၈ခုနှစ်၊ ဇန်နဝါရီ(၃၁)ရက်၊ ဗုဒ္ဓဟူးနေ့
(ဂ) **အချိန်** - ညနေ ၆နာရီ

**ဖြစ်မြောက်ရေးအဖွဲ့**

**အစည်းအဝေးယာယီရွှေ့ဆိုင်းခြင်း**

ရန်ကုန်မြို့၊ ရန်ဒေးရ်စွန်ဒီဝိုဟ်ရာ ပန်ချာယက် အသင်းသားများ၏ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီ ၂၈ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် အစည်းအဝေးကို အကြောင်းမညီညွတ်ပါသဖြင့် ယာယီရွှေ့ဆိုင်းလိုက်ပါသည်။
**(ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)**

**အီးစီအစ္စမေး**

**ပြန်ကြားရေးဝန်ကြီးဌာန**
**ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန**
**ဈေးပြိုင်တင်ဒါစနစ်ဖြင့်လျှောက်လွှာခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရှိ အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ (ဇေယျာသီရိ)မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။
၂။ ဘေးထွက်ပစ္စည်းများ၏တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၅-၁-၂၀၁၈ ရက်မှ ၅-၂-၂၀၁၈ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၅-၂-၂၀၁၈ရက် ညနေ ၄း၃၀နာရီ ဖြစ်ပါသည်။
၃။ သတ်မှတ်ချိန်ကာလထက်ကျော်လွန်ရောက်ရှိသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၄၁၂၃၇၅တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်စနစ်ဖြင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်**

**ဖခင်အမည်မှန်**

မြောင်းမြမြို့၊ ကွယ်လွယ်ကျေးရွာ၊ အထက(၇)၊ အဋ္ဌမတန်း(B)မှ မမေသဉ္ဇာစိုး၏ဖခင်အမည်မှန်မှာ ဦးစံငွေးMYA-၀၄၁၁၇၃ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3I/8627 Daihatsu Hijet S.32V,Van(4× 2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းဝေ ၁၂/ကမရ(နိုင်)၀၀၆၇၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**




**THE REPUBLIC OF THE UNION OF MYANMAR**
**MINISTRY OF TRANSPORT AND COMMUNICATIONS**
**Announcement of Prequalified Firms for the Heho, Mawlamyine and Kaw Thaung Airport Development Projects**

1. The Prequalification Assessment Committee formed by Ministry of Transport and Communications has evaluated the EOI documents submitted by interested firms and selected short lists based on the results of evaluation.
2. Accordingly, the Prequalification Assessment Committee here by announce the short lists of prequalified firms for the Heho, Mawlamyine and Kaw Thaung Airport Development Projects as follows:

| No | Reg. No. | Prequalified Firms | Leading Country | Name of Airport Projects |
|---|---|---|---|---|
| 1 | 001 | KBZ Group of Company | Myanmar | Heho |
| 2 | 054 | Htoo Construction Development Group | Myanmar | Heho |
| 3 | 014 | Robust Goal Construction Co.,Ltd | Myanmar | Heho |
| 4 | 033 | Hinthar Group Holding Co.,Ltd | Myanmar | Mawlamyine |
| 5 | 024 | Exera Limited | Myanmar | Mawlamyine |
| 6 | 002 | FMI Co.,Ltd | Myanmar | Kaw Thaung |
| 7 | 040 | GMR Greenland Asia Sun Consortium | Myanmar | Kaw Thaung |
| 8 | 008 | Yangon Airport Group Co.,Ltd | Myanmar | Kaw Thaung |
| 9 | 022 | Golden Myanmar Airline | Myanmar | Kaw Thaung |

# နှစ်(၉၀)ဂရန်ကျပြီး ခြံဝိုင်းကွက်ကြီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

နေပြည်တော် မြို့မဈေးအနီး၊ ရွှေနံ့သာ တန်ဖိုးနည်းအိမ်ရာအနီး(ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးဘေး)မင်းကုန်းအုတ်စက်ရုံအနီး၊ (KLO) စက်သုံးဆီအရောင်းဆိုင်ရှေ့တွင် တည်ရှိသော နေရာကောင်း နှစ် (၉၀)ဂရန်ကြီးကျပြီး ခြံဝိုင်းဧရိယာအကျယ် ငါးဧကခန့်အပြင် (၁၀၅/၁၀၆)ရပြီး ကျန်ခြံဝိုင်း လေးဧကနီးပါးခန့် စုစုပေါင်း ကိုးဧကခန့်ရှိသည့် ခြံဝိုင်းကွက်ကြီး ရောင်းမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၀၃၉၅၆၆၊ ၀၉-၄၄၈၅၄၈၇၇၈၊ ၀၉-၈၃၀၀၄၄၂၊ ၀၉-၄၅၈၀၂၃၆၁၀၊ ၀၉-၉၇၀၀၇၂၁၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၆၇၈၃၃ (Yamaha Ray) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းအောင် ၅/ကလထ(နိုင်)၀၃၃၇၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ကလေးမြို့)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့၊ အောင်သီရိရပ်ကွက်၊ အကွက်အမှတ် (၂)၊ ဦးပိုင်အမှတ် (၁၂၄/၂)၊ မြေချိန်ဧရိယာ ၀ဒသမ၀၃၃ဧကရှိ အိမ်မြေကွက်အား ဦးလောချန်စိန် ၁/မမန(နိုင်)၀၃၄၃၀၅နှင့် ဒေါ်ချိန်ကျားလီ ၁/လဂန(နိုင်)၀၀၃၄၁၉မှ လွန်ခဲ့သော ၁၅နှစ်မှစတင်၍ အဆောက်အအုံဆောက်လုပ်ပိုင်ဆိုင်ခဲ့ပါကြောင်းနှင့် ဦးလောချန်စိန်-ဒေါ်ချိန်ကျားလီ အမည်ဖြင့် စက်မှုစီးပွားမြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးလောချန်စိန် ၁/မမန(နိုင်)၀၃၄၃၀၅**
**ဒေါ်ချိန်ကျားလီ ၁/လဂန(နိုင်)၀၀၃၄၁၉**
**အောင်သီရိရပ်ကွက်၊ လွယ်ဂျယ်မြို့**

## ဖော်ပြပါမြေကွက်များအား မြေငှားဂရန်ပြုလုပ်ပေးရန် လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

| စဉ် | မြို့နယ် | ရပ်ကွက် | အကွက်အမှတ် | ဦးပိုင် | ဧရိယာ | အမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|---|---|
| ၁။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၄၉/ခ | ၀.၁၀၈ | ဦးအောင်ဖြိုး | ၁၃/ဖခန(နိုင်)၀၂၅၁၃၁ |
| ၂။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၁၂၄ | ၀.၀၈၄ | ဒေါ်မူပိုင့် | ၁၃/ဖခန(နိုင်)၀၁၈၁၁၁ |
| ၃။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၁၃၁/က | ၀.၀၆၈ | ဦးကျော်အေး | ၂/လကန(နိုင်)၀၇၄၂၃၈ |
| ၄။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၆၈/ခ | ၀.၀၉၈ | ဦးစောအခွား | ၂/ဖဆန(နိုင်)၀၀၉၅၃၅ |
| ၅။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၉၆ | ၀.၀၈၀ | ဦးစောထူးစေး | ၂/ဖဆန(နိုင်)၀၀၈၄၄၄ |
| ၆။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၁၀၀ | ၀.၁၂၁ | ဒေါ်နော်ဝါးစေထူး | ၂/ဖဆန(နိုင်)၀၁၄၄၆၁ |
| ၇။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၄ | ၉၉ | ၀.၀၉၈ | ဒေါ်မခိုင် | ၉/မလန(နိုင်)၀၁၇၈၉၅ |
| ၈။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၄ | ၁၀၀ | ၀.၁၅၅ | ဦးတင်ဝင်း | ၉/မလန(နိုင်)၀၂၃၈၆၇ |
| ၉။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၄ | ၁၀၅/က | ၀.၁၅၃ | ဦးဆန်နီ | ၂/ဒမဆ(နိုင်)၀၂၇၂၉၃ |
| ၁၀။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၉၁ | ၀.၁၂၈ | ဒေါ်နော်မီးစေဖော | ၂/လကန(နိုင်)၀၄၉၅၆၂ |
| ၁၁။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၈၉ | ၀.၁၂၀ | ဒေါ်ရှုမော | ၂/ဖရဆ(နိုင်)၀၀၄၈၈၄ |
| ၁၂။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၂၀၆ | ၀.၅၀၂ | ဦးစောနော်ထူး | ၂/ဖဆန(နိုင်)၀၀၄၅၅၂ |
| ၁၃။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၅၇ | ၀.၁၈၃ | ဒေါ်နော်သောလော | ၂/ဖဆန(နိုင်)၀၀၉၈၅၃ |
| ၁၄။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၁ | ၁၀၅ | ၀.၀၉၉ | ဒေါ်ခိုင်ချိုလွင် | ၂/လကန(နိုင်)၀၅၃၃၁၁ |
| ၁၅။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၂ | ၉၈ | ၀.၁၃၂ | ဦးစောဟဲထူးမူ | ၂/ဖဆန(နိုင်)၀၁၃၆၉၁ |
| ၁၆။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၃၂ | ၀.၁၆၀ | ဦးကိုရယ် | ၂/လကန(နိုင်)၀၀၇၉၉၇ |
| ၁၇။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၂၇ | ၀.၁၀၈ | ဒေါ်လှကြည် | ၂/လကန(နိုင်)၀၁၆၇၁၂ |
| ၁၈။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၈၇ | ၀.၀၈၁ | ဦးထွန်းထွန်းနိုင် | ၂/လကန(နိုင်)၀၅၃၂၈၂ |
| ၁၉။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၂ | ၉/ခ | ၀.၁၉၂ | ဦးခွန်ကျော်နိုင်ပါ(၂)ဦး | ၂/လကန(နိုင်)၀၆၇၁၃၅ |
| ၂၀။ | လှိုင်ကော် | မိုင်းလုံး | ၅၅ | ၂၅/ဆ | ၀.၁၁၂ | ဒေါ်နှင်းငွေ | ၂/လကန(နိုင်)၀၆၃၈၉၇ |
| ၂၁။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၆၈/က | ၀.၁၄၉ | ဒေါ်နော်ဒွေးကော် | ၂/ဖဆန(နိုင်)၀၀၈၆၈၀ |
| ၂၂။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၁၁၄ | ၀.၂၀၁ | ဦးစောမူးရီစေး | ၂/ဖဆန(နိုင်)၀၀၁၈၃၈ |
| ၂၃။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၂ | ၃၆ | ၀.၁၉၁ | ဒေါ်ခင်ပြုံး | ၂/လကန(နိုင်)၀၀၁၈၁၀ |
| ၂၄။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၅၅ | ၀.၁၃၂ | ဒေါ်မြာမိုး | ၂/လကန(နိုင်)၀၀၁၄၄၁ |
| ၂၅။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၄၇ | ၀.၁၁၁ | ဦးခွန်နေဝင်းထွန်း | ၂/လကန(နိုင်)၀၉၀၀၉၅ |
| ၂၆။ | လှိုင်ကော် | လောဓမ္မ | ၈၆ | ၁ | ၀.၁၀၃ | ဦးကိုအောင် | ၂/လကန(နိုင်)၀၁၈၆၅၃ |
| ၂၇။ | လှိုင်ကော် | နာနတ်တော | ၃ | ၉၇ | ၀.၁၆၉ | ဒေါ်ထက်ထက်ခိုင် | ၇/ပခတ(နိုင်)၀၄၁၅၆၇ |
| ၂၈။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၁၄ | ၀.၀၈၂ | ဦးစောလောဘာ | ၂/ဖရဆ(နိုင်)၀၁၂၄၉၀ |
| ၂၉။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၃ | ၁၄၈/ခ | ၀.၁၀၆ | ဒေါ်နော်အယ်ယွာ | ၂/ဖရဆ(နိုင်)၀၁၁၇၃၂ |
| ၃၀။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၁၁၃ | ၀.၁၅၉ | ဒေါ်နာဖဲ | ၂/လကန(နိုင်)၀၁၇၀၃၄ |
| ၃၁။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၁၁၂ | ၀.၂၃၉ | ဦးစောဟဲလီ | ၂/ဒမဆ(နိုင်)၀၂၆၉၉၂ |
| ၃၂။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၅၅/က | ၀.၁၂၆ | ဒေါ်နော်ဆာဖော | ၂/လကန(နိုင်)၀၂၇၀၀၈ |
| ၃၃။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၇၇ | ၀.၀၅၁ | ဒေါ်စန္ဒာ | ၂/လကန(နိုင်)၀၇၆၇၁၈ |
| ၃၄။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၃၇ | ၀.၁၂၇ | ဦးပန်းအောင် | ၂/လကန(နိုင်)၀၁၆၃၇၁ |
| ၃၅။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၂၉ | ၀.၁၃၄ | ဦးသန်းထွန်း | ၂/ဒမဆ(နိုင်)၀၀၅၈၇၀ |
| ၃၆။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၃၈ | ၀.၀၂၇ | ဒေါ်မနု | ၁၃/ပလန(နိုင်)၀၉၀၃၄၉ |
| ၃၇။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၂၄ | ၀.၀၉၅ | ဒေါ်နန်းလှိုင် | ၂/လကန(နိုင်)၀၂၁၄၃၃ |
| ၃၈။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၄၂ | ၀.၂၉၉ | ဒေါ်နန်းညို | ၂/လကန(နိုင်)၀၁၆၁၁၀ |
| ၃၉။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၆၄ | ၀.၁၈၅ | ဒေါ်သန်းတင် | ၂/လကန(နိုင်)၀၁၆၁၁၁ |
| ၄၀။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၄၀ | ၀.၁၈၁ | ဦးကျော် | ၂/လကန(နိုင်)၀၁၆၁၀၈ |
| ၄၁။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၃၉ | ၀.၀၈၆ | ဦးဝင်းနိုင် | ၂/လကန(နိုင်)၀၁၆၃၃၄ |
| ၄၂။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၆၃ | ၀.၁၅၄ | ဒေါ်ဝင်းကြည် | ၂/လကန(နိုင်)၀၁၆၁၁၂ |
| ၄၃။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၄၅ | ၀.၀၇၆ | ဒေါ်ခင်သန်း | ၂/လကန(နိုင်)၀၁၆၃၃၂ |
| ၄၄။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၄၈ | ၀.၃၃၅ | ဒေါ်သန်းသန်းသွယ် | ၂/လကန(နိုင်)၀၁၆၈၄၉ |
| ၄၅။ | လှိုင်ကော် | မိုင်းလုံး | ၅၆/၁ | ၉၇ | ၀.၁၅၆ | ဦးခွန်မောင်ဖြစ် | ၂/လကန(နိုင်)၀၃၉၄၇၀ |
| ၄၆။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၄ | ၃၅ | ၀.၁၂၅ | ဦးအောင်ကျော် | ၂/လကန(နိုင်)၀၁၆၇၆၇ |
| ၄၇။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၁၀၁ | ၀.၁၀၄ | ဦးနိုင်လင်းထွန်း | ၂/လကန(နိုင်)၀၇၄၅၂၆ |
| ၄၈။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၉၄ | ၀.၁၆၁ | ဦးစောဂျိုတူ | ၂/ဖဆန(နိုင်)၀၀၀၄၀၃ |
| ၄၉။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၅၅/ခ | ၀.၀၉၉ | ဦးစောဘရှေ | ၂/ဖရဆ(နိုင်)၀၁၆၀၀၃ |
| ၅၀။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၉၅ | ၀.၁၂၃ | ဒေါ်နော်ရီးဖော | ၂/ဖဆန(နိုင်)၀၁၀၇၅၁ |
| ၅၁။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၈၈ | ၀.၂၇၀ | ဦးသာရီ(ခ)သန်းတင် | ၂/လကန(နိုင်)၀၁၇၀၃၇ |
| ၅၂။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၁၀၂/က | ၀.၁၆၄ | ဒေါ်နော်ဝေါဟဲ | ၂/ဖဆန(နိုင်)၀၂၀၄၁၄ |
| ၅၃။ | လှိုင်ကော် | မိုင်းလုံး | ၆၅/၂ | ၉၃ | ၀.၁၆၉ | ဦးစောတူးကူး | ၂/ဖရဆ(နိုင်)၀၁၆၇၉၄ |

**ကော်လိတ်တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လှိုင်ကော်ခရိုင်၊ လှိုင်ကော်မြို့**






## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ဥတ္တရသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ ဇဝနသိဒ္ဓိရပ်ကွက်ရှိ မြေကွက်အမှတ် (ဉ-၇၃၁၀)၊ ဦးထွန်းထွန်းနောင် ၁၄/ပတန(နိုင်)၁၂၈၀၇၇(ဘ)ဦးမြင့်နောင်အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်လွင်လွင်အေး ၁၀/သထန(နိုင်)၁၀၄၅၇၇(ဘ)ဦးရင်စိန်မှ မှတ်ပုံတင်မိတ္တူ၊အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေကွက်ယာယီချထားပေးသည့်စလစ်မိတ္တူ၊ အရောင်းအဝယ်စာချုပ်မိတ္တူ၊ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂ ဧက် ၁)၊ မြေကွက်အမှတ် V Class ၅၂၊ မြေကွက်တည်နေရာအမှတ် ၁၈၊ ၁၃လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ် (Yeo Kow Tee) အမည်ပေါက် နှစ် ၉၀ဂရန် (သက်တန်)မြေအား ဟိုလေးဟွာ(ခ) အွင်လေဝှါ ၁၂/လသန(နိုင်)၀၀၅၇၄၇၊ အန်ရှုကီး(ခ)ဒေါ်လှမြင့် ၁၂/လသန(နိုင်)၀၁၅၇၆၇၊ ဦးကျော်မြင့်ဦး ၁၂/လသန(နိုင်)၀၁၅၇၉၈၊ ဒေါ်မေလှနွယ် ၁၂/လသန(နိုင်)၀၀၄၄၁၈တို့မှ ပြည်ထဲရေးဝန်ကြီးဌာန၏ ၉-၅-၂၀၁၆ရက်စွဲပါစာဖြင့် ဦးစိတ်(ခ)ယိုစိတ်ဖိန်၊ [ဒေါ်လှမြင့်(ခ) အန်ရှုကီး၊ ဦးကျော်မြင့်ဦးပါ သားသမီးများ] ဒေါ်ခင်စန်းအေး၊ ဒေါ်ယိုဘီလင်းနှင့် အမွေကြောင်း သက်ဝင်သူများကို အမွေဆက်ခံခွင့်ပြုသည့်အမိန့်၊ သေစာရင်းများ၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ နှစ် ၉၀ ဂရန်မူရင်းတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၊ မြေကွက်အမှတ် ၂၆၅၊ မြေကွက်တည်နေရာအမှတ် ၂၆၅၊ ၁၃၂ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (ဦးတင်ငွေ) SRM -၀၀၉၄၇၂ အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင်ငွေထံမှ (၄-၉-၁၉၉၇)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်မြ (AHI-၅၇၅၃၈၂) မှ ဝယ်ယူခဲ့ပြီး တစ်ဖန် ဒေါ်ခင်မြ ၁၂/မရက(နိုင်)၀၅၂၆၂၅ထံမှ ၇-၂-၂၀၁၂ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးထက်အောင်လွင် ၉/တကန(နိုင်)၁၃၅၀၉၉မှ ပါမစ်မိတ္တူမှန်တင်ပြ၍ ဂရန်သစ် လျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပါသည်။ သို့ပါ၍ ဦးထက်အောင်လွင်မှ ပါမစ်မိတ္တူမှန်တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7C/3905 Honda ORV RD, S/W (4x4)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောယုဝေ ၁၂/ကမတ(နိုင်)၀၁၉၈၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

